# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဏိုတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇွန် ၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၉)၊ အမှတ် (၂၄၄)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# ပြည်ပရောက် မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူရေးကိစ္စနှင့်စပ်လျဉ်း၍ ပါဝင်စီမံဆောင်ရွက်ခဲ့သည့် သံအမတ်ကြီးများနှင့် အပြန်အလှန်ဆွေးနွေး






နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ပရောက် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူရေးကိစ္စနှင့်စပ်လျဉ်း၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့နှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးစဉ်။

**"အရေးအကြီးဆုံးမှာ အိမ်ရှင်နိုင်ငံအစိုးရသာမက ယင်းနိုင်ငံမှ ပြည်သူပြည်သားများနှင့်ပါ မိတ်ဆွေဖွဲ့နိုင်ရန်နှင့် မိမိတို့နိုင်ငံကို ချစ်ခင်လေးစားအောင် လုပ်ဆောင်ပေးရန်မှာ သံတမန်များ၏ အဓိကတာဝန်တစ်ခုဖြစ်၊ ယင်းမှာ မိမိတို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ တာဝန်တစ်ခုဖြစ်ပြီး ယင်းတာဝန်များကို မည်သို့ ထမ်းဆောင်နေကြောင်း ယခုဆွေးနွေးပွဲမှတစ်ဆင့် ပြည်သူများကို အသိပေးသွားသည့် သဘောဖြစ်"**

နေပြည်တော် ဇွန် ၂

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ပရောက် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူရေးကိစ္စနှင့်စပ်လျဉ်း၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့နှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန် ဆွေးနွေးသည်။**

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေက တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ပိတ်မိနေသော မြန်မာနိုင်ငံသား ပညာတော်သင်ကျောင်းသူ ကျောင်းသားများ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့မှု အခြေအနေကိုလည်းကောင်း၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းက ထိုင်းနိုင်ငံလေဆိပ်၊ နယ်စပ်ဂိတ်နှင့် ထိုင်းနိုင်ငံအတွင်း ပိတ်မိနေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား စနစ်တကျစာရင်းကောက်ယူပြီး မြန်မာနိုင်ငံသို့ ဘေးကင်းလုံခြုံစွာ ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့မှုအခြေအနေကို လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်က

*စာမျက်နှာ ၃ ကော်လံ ၁* ❍


C B BANK

ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးဆောင်ရမည့် အခွန်ငွေများအတွက် CB Bank ၏ဝန်ဆောင်ခကို "အခမဲ့" ဖြင့် ပေးဆောင်နိုင်ပါပြီ။

www.cbbank.com.mm

Contact Center: (95-1) 2317770



# ကလေးတိုင်းအတွက် အရေးကြီးသည့် ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်

ဧပြီလ ၁ ရက်နေ့တွင် စတင်၍ ခေတ္တရပ်ဆိုင်းခဲ့သည့် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်ကို ဇွန်လ ၁ ရက်နေ့တွင် စတင်ဆောင်ရွက်ပြီဖြစ်သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများတွင် ပိုမိုအာရုံစိုက်ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူလူထုအတွင်း ရောဂါပိုးကူးစက်ပျံ့နှံ့ခြင်းကို ကာကွယ်ရန်အတွက် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်ကို ခေတ္တရပ်ဆိုင်းထားခဲ့ခြင်းဖြစ်သည်။

ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်သည် ကလေးတစ်ဦးချင်းစီ၏ ကျန်းမာရေးအတွက် လွန်စွာအရေးကြီးပြီး ကလေးတိုင်း ရသင့်ရထိုက်သည့် အခွင့်အရေးလည်း ဖြစ်သည်။ ကလေးများကို အရွယ်အလိုက် ထိုးနှံပေးသွားမည့် ကာကွယ်ဆေးများသည် ကလေးတို့၏ တစ်သက်တာအတွက် အရေးကြီးသော ရောဂါတို့ကို ကာကွယ်ပေးနိုင်သည့် အဖိုးတန်ဆေးများလည်းဖြစ်ရာ မပျက်မကွက် ထိုးနှံနိုင်ကြရန်လိုသည်။

ကလေးမွေးပြီးပြီးချင်းတွင် ဘီစီဂျီ (ပြင်းထန်တီဘီရောဂါကာကွယ်ဆေး) နှင့် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး၊ ကလေး နှစ်လသားအရွယ်တွင် ပထမအကြိမ်၊ လေးလသားအရွယ်တွင် ဒုတိယအကြိမ်၊ ခြောက်လသားအရွယ်တွင် တတိယအကြိမ် ထိုးနှံပေးသည့် ဆုံဆို့နာ၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါကာကွယ်ဆေးများ၊ ကလေးကိုးလအရွယ်တွင် စတုတ္ထအကြိမ်နှင့်၊ တစ်နှစ်ခွဲအရွယ်တွင် ပဉ္စမအကြိမ် ထိုးနှံပေးသည့် ဝက်သက်၊ ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးများ၊ အသက်ကိုးနှစ်အရွယ် သမီးငယ်များအတွက် အိတ်(ချ်)ပီဗီ (ပထမအကြိမ်) နှင့် အသက် ၁၀ နှစ်အရွယ်တွင် အိတ်(ချ်)ပီဗီ (ဒုတိယအကြိမ်) ထိုးနှံပေးသည့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးများက ကလေးများကို ကူးစက်ရောဂါဆိုးများမှ ကာကွယ်ပေးနိုင်မည်ဖြစ်ရာ မိဘတိုင်းက မိမိတို့၏ ရင်သွေးငယ်များကို ကာကွယ်ဆေးထိုးစုရပ်များသို့ အရောက်သွားကာ မပျက်မကွက် ထိုးနှံပေးကြရန် လိုသည်။

အထူးဂရုပြုကြရမည့်အချက်မှာ ကာကွယ်ဆေးထိုးစုရပ်များတွင် လူအများ စုဝေးမိကြရာမှ ကိုဗစ်-၁၉ ကူးစက်မြန် ကပ်ရောဂါကူးစက်ပျံ့နှံ့မှု မဖြစ်ပေါ်ရေးအတွက် ညွှန်ကြားချက်များကို လိုက်နာကြရေးပင်ဖြစ်သည်။ ကာကွယ်ဆေးထိုးရာတွင် ကလေး ၅၀ ကိုသာ အများဆုံး ထိုးမည်ဖြစ်သည့်အတွက် ရက်ချိန်းရယူပြီး မိမိကိုချိန်းသည့်ရက်ကျမှသာ သွားရောက်ထိုးနှံရန်၊ မိဘ/အုပ်ထိန်းသူတို့ ပါးစပ်နှာခေါင်းစည်းတပ်ရန်နှင့် ကလေးကိုလည်း အသက်ရှူမကျပ်စေရန် ဂရုပြု၍ မျက်နှာကာ၊ ပဝါအနီးတို့ဖြင့် အုပ်လာရန်၊ ကာကွယ်ဆေးထိုးစုရပ်သို့ မဝင်မီ လက်ဆေးရန်၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာတွင် နေရန်၊ ကလေး သို့မဟုတ် မိဘ၊ အိမ်သားတစ်ဦးဦး ဖျားနာခြင်း၊ နှာချေ၊ ချောင်းဆိုးခြင်းတို့ကဲ့သို့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာတစ်ခုခု ခံစားနေရပါက ကာကွယ်ဆေးထိုးစုရပ်သို့ မသွားဘဲ နီးစပ်ရာ ကျန်းမာရေးဌာနသို့ ဆက်သွယ်မေးမြန်းကြရန် လိုအပ်မည်ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါသည် အရှိန်မသေသေးသည့် ကူးစက်ရောဂါဖြစ်ပြီး အချိန်မရွေး ရုတ်တရက် ကူးစက်ပျံ့နှံ့မှု ဖြစ်ပွားနိုင်သည့် အန္တရာယ်ရှိနေဆဲဖြစ်သည်။ ၎င်းရောဂါ၏ ကူးစက်နိုင်မှုအန္တရာယ်ကို အလေးအနက်ထားပြီး မိမိကိုယ်ကိုယ် ဂရုတစိုက်ကာကွယ်ကြခြင်းဖြင့်သာ တစ်ယောက်ကစ၍ တစ်ရာ၊ နှစ်ရာ စသည်ဖြင့် ကူးစက်ပျံ့နှံ့မှုမဖြစ်အောင် တားဆီးထားနိုင်မည်ဖြစ်သည်။ ကလေးများအတွက် ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်သည်လည်း ကိုဗစ် -၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအခြေအနေအပေါ်တွင် တွက်ဆပြီး ဆောင်ရွက်သည့် အစီအစဉ်ဖြစ်သည့်အတွက် ယခင်အခါများက ကာကွယ်ဆေးထိုးခဲ့သည့် ပုံစံများနှင့် မတူတော့ဘဲ ကိုဗစ်-၁၉ မကူးစက်ရေးကိုပါ တစ်ပြိုင်တည်း သတိပြုရှောင်ရှားကြရမည် ဖြစ်ပါကြောင်း။ ။

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

(က) မြန်မာ့စီးပွားရေးဘဏ်

| | | |
|---|---|---|
| Bank Name | - | Myanmar Economic Bank(H.O),Forex Operation |
| Account No. | - | CF 004880(MMK) |
| | - | EDN 600010(US$) |
| Swift Code | - | MYEBMMMY |
| Account Name | - | National Level Central Committee for Prevention Containment and Treatment of Covid 19 |
| Bank Address | - | Myanmar Economic Bank(H.O), Loan & Supervision Dept.,No.(26) Thiri Kyaw Swa Road, Bank Zone, Naypyitaw Myanmar |

(ခ) ကမ္ဘောဇဘဏ်

| | | |
|---|---|---|
| Bank Name | - | KBZ Bank Ltd. |
| Account No. | - | 034 103 034 0232 8301 (MMK) |
| | - | 034 109 034 0232 8301 (US$) |
| Swift Code | - | KBZBMMMY |
| Account Name | - | Coronavirus Disease 2019 (COVID-19) (National Level Central Committee For Preventing and Containing the Virus) |
| Bank Address | - | No.53,6 Story Office Building, Corner of Merchant Road & Bosonpat Street, Pabedan Township, Yangon, Myanmar |
| Branch Address | - | No.1, Bank Ward, Oakataya Thiri Township, Naypyitaw |

(ဂ) ရိုးမဘဏ်

| | | |
|---|---|---|
| Account No. | - | 000 110 501 002 5635 (MMK) |
| | - | 000 110 503 000 0425 (US$) |
| Swift Code | - | AYABMMMY |
| Account Name | - | CORONAVIRUS DISEASE 2019 (COVID-19) NATIONAL CENTERS FOR DISEASE CONTROL AND PREVENTION COMMITTEE |
| Bank Address | - | No.416/ Mahabandoola Road, Kyauktada Township, Yangon, Myanmar |
| Branch Address | - | No.(110-112), Thiri Yadanar Shopping Complex, Datkhina Thiri Township, Naypyitaw |

(ဃ) CB ဘဏ်

| | | |
|---|---|---|
| Account No. | - | 0093 1005 0000 1333 (MMK) |
| | - | 0093 1012 0000 2957 (US$) |
| Swift Code | - | CPOBMMMY |
| Account Name | - | CORONAVIRUS DISEASE 2019 (COVID-19) DONATION |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်ရန် -

| စဉ် | အမည် | ရာထူး/ဌာန | ဖုန်းနံပါတ် |
|---|---|---|---|
| (က) | ဒေါ်ခင်လေးညို | ညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၆၇၃-၄၁၁၁၄၀<br>၀၉-၄၂၈၃၀၃၈၅၃ |
| (ခ) | ဒေါက်တာ အေးမြမြကျော် | ဒုတိယညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၉-၅၀၉၂၂၉၃ |

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊**
**ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

# ပြည်သူသို့ အသိပေးပန်ကြားလွှာ

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အများပြည်သူနှင့် စက်မှုလက်မှုလုပ်ငန်းများ ဓာတ်အားသုံးစွဲမှုများအတွက် လစဉ်ဓာတ်အားခများကို သက်ဆိုင်ရာ မြို့နယ်ရုံးများတွင် ကောက်ခံဆောင်ရွက်လျက်ရှိပါသည်။

၂။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအတွက် ကျသင့်သည့် လျှပ်စစ်မီတာခများကို ၂၀၂၀ ပြည့်နှစ်၊ မေလတွင် သတ်မှတ်မြို့နယ်ရုံးများ၌ မီတာခများအား (၁၇-၅-၂၀၂၀)၊ (၁၉-၅-၂၀၂၀)၊ (၂၁-၅-၂၀၂၀)၊ (၂၃-၅-၂၀၂၀) နှင့် (၂၅-၅-၂၀၂၀) ရက်တို့၌ နောက်ဆုံးထား၍ အသီးသီးပေးသွင်းကြရန် မီတာဘေလ်များပေါ်တွင် ရေးသားဖော်ပြခဲ့ပါသည်။

၃။ လက်ရှိတွင် Coronavirus Disease 2019 (COVID-19) အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားရှိသဖြင့် ကူးစက်မှုအား ထိန်းချုပ်မှုပြုလုပ်နေသည့်ကာလအတွင်း လူစုလူဝေးဖြစ်ပေါ်မှုကို အထိုက်အလျောက် လျော့နည်းစေရန်အတွက် ကျသင့်သည့် မီတာခများအား စာပိုဒ်(၂)ပါ သတ်မှတ်ရက်များအပြင် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၅ ရက် (ကြာသပတေးနေ့) အထိ နောက်ဆုံးထား ပေးသွင်းကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

၄။ ထိုသို့ အပိုဒ်(၂)ပါ သတ်မှတ်ရက်များအတိုင်း ပေးသွင်းခြင်းမရှိခဲ့မှုအတွက် နောက်ကျကြေး ကောက်ခံခြင်း၊ လျှပ်စစ်မီးဖြတ်တောက်ခြင်းများ ပြုလုပ်မည်မဟုတ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

၅။ ငွေလက်ခံကောင်တာများကို နေ့စဉ် (စနေ၊ တနင်္ဂနွေ) ပိတ်ရက်မရှိ ဖွင့်လှစ်လက်ခံသွားမည်ဖြစ်ပါသဖြင့် တတ်နိုင်သမျှ သတ်မှတ်ရက်များအတိုင်း လာရောက်ပေးသွင်းနိုင်ပါရန်နှင့် ၂၀၂၀ ပြည့်နှစ်၊ မေလအတွက် ကျသင့်သည့် လျှပ်စစ်မီတာခ နောက်ဆုံးပေးသွင်းရမည့်ရက်ကိုလည်း ထပ်မံထုတ်ပြန် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၂

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ **မိုး/ဇလ**

# ပြည်သူသာလျှင် အဓိက



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ပရောက် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူရေးကိစ္စနှင့်စပ်လျဉ်း၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့နှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန် ဆွေးနွေးစဉ်။

❍ *ရွှေဖုံးမှ*

ကိုရီးယားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ပို့ဆောင်နိုင်ရေး သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခဲ့မှုအခြေအနေနှင့် ပြည်ပနိုင်ငံအသီးသီးရှိ မြန်မာနိုင်ငံသားများ မိခင်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးအတွက် ကယ်ဆယ်ရေး လေယာဉ်များ ပျံသန်းပြေးဆွဲရေးကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

**များစွာအရေးကြီး**

ဆွေးနွေးတင်ပြချက်များအပေါ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့ပြည်သူပြည်သားများ အနေဖြင့် မည်သည့်နေရာရောက်၍ မည်သည့်ပြဿနာ ဖြစ်ဖြစ် အားကိုးရာသည် မိမိတို့၏ သံရုံးများဖြစ်ပါကြောင်း၊ ယင်းသို့ ဖြစ်စေရန်မှာ မိမိတို့ နိုင်ငံခြားရေးဝန်ကြီးဌာန၏ တာဝန်ဖြစ်ပါကြောင်း၊ ဗဟိုက ချမှတ်လိုက်သည့် မူဝါဒနှင့်သတ်မှတ်လိုက်သည့် ညွှန်ကြားချက်များကို သက်ဆိုင်ရာ သံရုံးအသီးသီးက အကောင်အထည်ဖော်ရာတွင် မှန်ကန်စွာ အကောင်အထည်ဖော်နိုင်ရေးသည် များစွာအရေးကြီးပါကြောင်း။

အရေးအကြီးဆုံးမှာ အိမ်ရှင်နိုင်ငံအစိုးရသာမက ယင်းနိုင်ငံမှ ပြည်သူပြည်သားများနှင့်ပါ မိတ်ဆွေဖွဲ့နိုင်ရန်နှင့် မိမိတို့နိုင်ငံကို ချစ်ခင်လေးစားအောင် လုပ်ဆောင်ပေးရန်မှာ သံတမန်များ၏ အဓိက တာဝန်တစ်ခုဖြစ်ပါကြောင်း၊ ယင်းမှာ မိမိတို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ တာဝန်တစ်ခုဖြစ်ပြီး ယင်းတာဝန်များကို မည်သို့ထမ်းဆောင်နေကြောင်း ယခုဆွေးနွေးပွဲမှတစ်ဆင့် ပြည်သူများကို အသိပေးသွားသည့် သဘောဖြစ်သွားပါကြောင်း။

ယခု COVID – 19 နှင့်ပတ်သက်သည့် ကန့်သတ်မှုများ ပြီးသွားပါက မိမိတို့၏ ရွှေ့ပြောင်းအလုပ်သမား အရေးအတွက် မည်မျှ ပြန်လည်အလုပ်ရနိုင်မည်ကိုလည်း ရေရှည်စဉ်းစားရပါကြောင်း၊ ထိုသို့စဉ်းစားသည့်အခါ သက်ဆိုင်ရာသံရုံးများက မိမိတို့၏ အလုပ်သမားများ၏ စားဝတ်နေရေးကအစ ကူညီရန်လိုအပ်ပါက ကူညီနိုင်သည့် အခြေအနေဖြစ်ရန်လည်း ဖြည့်ဆည်းထားပါကြောင်း။

**အပြန်အလှန်ကူးသန်း၍ ရနိုင်**

တရုတ်နိုင်ငံတွင်လည်း မိမိတို့ပြည်သူပြည်သားများ အလုပ်လုပ်ကိုင်နေကြပါကြောင်း၊ နယ်စပ်တွင် အသွားအလာ များပြားပါကြောင်း၊ COVID – 19 ကာလတွင် ပိုမိုသတိထားရပါကြောင်း၊ သို့သော် စီးပွားရေးအရ အသွားအလာကို ရပ်တန့်ရန် မလွယ်ကူပါကြောင်း၊ အထူးသဖြင့် ရပ်တန့်သကဲ့သို့ ဖြစ်သွားသည်မှာ နှစ်လ၊ သုံးလခန့် ရှိပြီဖြစ်သည့်အတွက် ပြန်လည်လှုပ်ရှားရန်မှာ များစွာ အရေးကြီးလာပါကြောင်း၊ ကိုရီးယားနိုင်ငံသည်လည်း ယင်းအတိုင်းပင် ဖြစ်ပါကြောင်း၊ ယခင်လတွင် နှစ်နိုင်ငံအကြား ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆိုင်းငံ့ခဲ့ရသည့် အခြေအနေများ ရှိခဲ့သည့်အတွက် ကိုရီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက Relief Flight များကို ပိုမိုလုပ်ပေးစေလိုကြောင်းကို တင်ပြထားပါကြောင်း၊ အပြန်အလှန် ကူးသန်း၍ ရနိုင်ရန်အတွက် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဆောင်ရွက်နေသည့် စီမံကိန်းများအား အကောင်အထည်ဖော်ရန် လာရောက်လိုသည့် ကိုရီးယားသမ္မတနိုင်ငံမှ ပုဂ္ဂိုလ်များရှိသကဲ့သို့ မိမိတို့ဘက်မှလည်း ကိုရီးယားနိုင်ငံသို့ သွားရောက်ရန် လိုအပ်သည့် ပုဂ္ဂိုလ်များလည်းရှိပါကြောင်း၊ ထို့ကြောင့် Relief Flight များကို တစ်ပတ်တစ်ခါ လုပ်မည်ဟု ဆုံးဖြတ်ခြင်းဖြစ်ပါကြောင်း။

**များစွာ အထောက်အကူဖြစ်**

အခြားနိုင်ငံများနှင့်လည်း ပုံမှန်အသွားအလာဖြစ်နိုင်သည့် အခြေအနေကို မိမိတို့ ဦးတည်ပါကြောင်း၊ အမြန်ဆုံးဖြစ်စေလိုပါကြောင်း၊ အလျင်လိုပြီး COVID – 19 အတွက် ကန့်သတ်သင့်သည့်ကိစ္စရပ်များ မကန့်သတ်ထားပါက ပြန်လည်ပြဿနာဖြစ်မည်ကိုလည်း များစွာစိုးရိမ်ရပါကြောင်း၊ မိမိတို့ သံရုံးအသီးသီးအနေဖြင့် သက်ဆိုင်ရာ အိမ်ရှင်နိုင်ငံက COVID–19 ကို မည်သို့ ကိုင်တွယ်နေကြောင်း တင်ပြချက်များသည် မိမိတို့အတွက် များစွာ အထောက်အကူဖြစ်ပါကြောင်း၊ ယင်းတင်ပြချက်များကို ကြည့်ပြီး အကြံဉာဏ်သစ်များ ထုတ်နိုင်မည်လားဆိုသည်ကို စဉ်းစားရပါကြောင်း။

သံရုံးများသည် မိမိတို့နိုင်ငံနှင့် အိမ်ရှင်နိုင်ငံအကြားတွင် အဓိက ဆက်သွယ်ပေးသည့် အဖွဲ့များ ဖြစ်ပါကြောင်း၊ ဆက်သွယ်မှုကို ရေတိုအတွက်သာမဟုတ်ဘဲ ရေရှည်အတွက်ပါ ကောင်းရန် မိမိတို့ အမြဲကြိုးစားမျှော်မှန်းရပါကြောင်း၊ ယခုလောလောဆယ်တွင် ထိုင်းနိုင်ငံ နယ်စပ်မှ ပြန်လည်ဝင်ရောက်ကြသည့် ပြည်သူများသည် တစ်နေ့လျှင် လူဦးရေထောင်နှင့်ချီ ရှိသည့်အတွက် ထိုင်းနိုင်ငံဘက်မှလည်း ဂရုစိုက်ရသကဲ့သို့ မိမိတို့ဘက်ကလည်း ဂရုစိုက်ရပါကြောင်း၊ ယင်းအခြေအနေတွင် နှစ်နိုင်ငံ ဆက်ဆံရေးကို ပိုမိုခိုင်မာကောင်းမွန်အောင် လုပ်ဆောင်နိုင်ပါကြောင်း၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက တရုတ်မိတ်ဆွေများနှင့် သက်ဆိုင်ရာအစိုးရဌာနများက ကူညီသည်ဟု ပြောကြားသွားပါကြောင်း၊ ယင်းသို့ကူညီခဲ့ခြင်းသည် ယခုအတွက်တင်သာမက နောင်အတွက်ပါ မိတ်ဆွေဖြစ်ရန်အတွက် အခြေခံကို ခိုင်မာစေအောင် လုပ်ဆောင်သည့် သဘောဖြစ်ပါကြောင်း။

ကိုရီးယားနိုင်ငံနှင့်လည်း ၎င်းတို့ဘက်မှလာချင်သည့် ပုဂ္ဂိုလ်များရှိသကဲ့သို့ မိမိတို့ဘက်မှ သွားချင်သည့် ပုဂ္ဂိုလ်များရှိပါကြောင်း၊ သံရုံးများအနေဖြင့် တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်းပေးရပါကြောင်း၊ သံတမန်များ၏ တာဝန်သည် များစွာကြီးပါကြောင်း၊ ယခု တက်ရောက်ဆွေး နွေးသည့် သံအမတ်ကြီး(၃)ဦးနှင့် မြန်မာနိုင်ငံနိုင်ငံခြားရေးဝန်ကြီး ဌာနမှ ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် အားလုံးက တက်တက်ကြွကြွ လိုလိုလားလားဖြင့် အလုပ်လုပ်ကြသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ သံရုံးမိသားစုများအားလုံးကို နှုတ်ဆက်လိုက်ပါကြောင်း နှင့်သံအမတ်ကြီးများအားလုံး နေကောင်းကြပါစေကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်

၁။ မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလ၌ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေမြင့်တက်လာမည် ဖြစ်ပါသည်။ မြစ်ရေ တက်လာမှုပေါ်မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန် အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်ပါသည်။ ရာသီဥတုဒဏ်ကြောင့် ရေလမ်းညွှန်အမှတ်အသားများ တစ်ခါတစ်ရံပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များ ဂရုပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

၂။ မြစ်ရေမြင့်တက်လာမှုကြောင့် ရေနည်းကာလတွင်ရှိခဲ့သော သောင်နှင့် ကျွန်းများ ရေမြုပ်၍ ရေမြွှာပေါက် ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ထို့အပြင် ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် ရေအနက် မလုံလောက်သော ရေမြွှာပေါက် ဖြတ်လမ်းများကို အသုံးပြုခုတ်မောင်းခြင်း မပြုကြရန်နှင့် မိမိ ရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်း သတိပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

၃။ မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်း ပြသထားပါသည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း ပြသထားပါသည်။

၄။ ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အုတ်ခုံများမှာ ရေမြုပ်နေပြီး ရေလယ်တိုင် (၂)ခု အကြား၌ ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတား ရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့် တက်မစံနစ်များကို ကြိုတင်စစ်ဆေးပြီး၊ လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ ဖြတ်သန်းခုတ်မောင်းကြရန်နှင့် တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ် (၂) စီး ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်ပါသည်။ အထူးသဖြင့် ရေယာဉ်များသည် မိမိ၏ သယ်ဆောင်ဝန်အားနှင့်စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းကြရမည် ဖြစ်ပါသည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲ (၁) တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရမည် ဖြစ်ပါသည်။

၅။ ရာသီဥတု ပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှု ဖြစ်ပေါ်သည့်အခါ ရေယာဉ်အန္တရာယ်မဖြစ်စေရေးအတွက် အထူးသတိပြု ခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့် နည်းဥပဒေများအတိုင်း လိုက်နာကြရန် ရေလမ်းသတိပေး နှိုးဆော်အပ်ပါသည်။

**ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

# ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇွန် ၂

**နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီး၌ တည်ထားကိုးကွယ်လျက်ရှိသော ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးတွင် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးနာယက၊ ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို က ထာဝရငြိမ်းချမ်းရေး စေတီတော်ကြီးကို ဩဝါဒါစရိယ ဆရာတော်ကြီးများ အဖွဲ့ဝင် (၁၀) ပါး၊ နာယကအဖွဲ့၊ စေတီတော်တည်ဆောက်ရေးဦးစီးကော်မတီ၊ စေတီတော်တည်ဆောက်ရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့ကို လုပ်ငန်းတာဝန်များ သတ်မှတ်၍ ၂၀၁၈ ခုနှစ် မေလ ၁၅ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ဦးစီးကော်မတီအနေဖြင့် ထာဝရငြိမ်းချမ်းရေး စေတီတော်ဆိုင်ရာ မြေသန့် မဟာမင်္ဂလာအခမ်းအနား၊ ပန္နက်တော်တင်တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနား၊ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနား၊ သတ္တဌာနမူလ ဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနား၊ အလယ်ဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနား၊ ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာအခမ်းအနား၊ အထက်ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင်မဟာမင်္ဂလာအခမ်းအနား၊ ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော်တင်လှူခြင်းမဟာမင်္ဂလာအခမ်းအနားနှင့် မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများကို ကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း။

**စေတီတော်ရေရှည်တည်တံ့ရေး**

ယခုအခါ ထာဝရငြိမ်းချမ်းရေး စေတီတော် အာရုံခံတန်ဆောင်းများ၊ ကြေးခေါင်းလောင်း နှစ်လုံးထားရှိမည့် အဆောင်များ၊ နတ်မင်းကြီး လေးပါးနှင့် ကြေးမောင်းထားရှိနေရာများ သတ်မှတ်ဆောက်လုပ်ပြီးဖြစ်သည့် အပြင် ရင်ပြင်တော် တစ်ခုလုံး ကွန်ကရစ်ခင်းကျင်းထားပြီး ဖြစ်ပါကြောင်း၊ ထို့အတူ ခြံစည်းရိုးမဟာ တံတိုင်းတည်ဆောက်ခြင်းမှာ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ပြီး ကားရပ်နားရန် နေရာကွန်ကရစ်ခင်းခြင်း၊ မီးတိုင်များ တပ်ဆင်ခြင်း၊ သန့်စင်ခန်းများ တည်ဆောက်ခြင်း စသည့်လုပ်ငန်းများ တည်ဆောက်ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ဂန္ဓကုဋိတိုက် အတွင်းရှိ စကျင်ထိုင်တော်မူ ရုပ်ပွားတော် နှစ်ဆူမှာ အချောသပ်လုပ်ငန်း လုပ်ကိုင်ရန် ကျန်ရှိနေပါကြောင်း၊ အလားတူ ဂန္ဓကုဋိတိုက်အတွင်း ရင်ပြင်တော် စကျင်တာရာဖိုခင်းခြင်း လုပ်ငန်းများ၊ သာသနာ့ဗိမာန်တော် အတွင်း ပါကေးခင်းခြင်းလုပ်ငန်းနှင့် ရေဂါလန် ၂၅၀၀၀ ဆံ့ရေလှောင်ကန် တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း၊ ဂန္ဓကုဋိတိုက်အတွင်း လေဝင် လေထွက်ကောင်းရန်၊ အလင်းရောင်ရရှိရန်နှင့် ရေမတင်စေရေးတို့အတွက် သေချာစွာ စဉ်းစားဆောင်ရွက်ကြစေလိုပါကြောင်း၊ ဆက်လက် တာဝန်ယူဆောင်ရွက်သွားမည့် လုပ်ငန်းများတွင် လစ်ဟာမှုမရှိအောင် ကုသိုလ်ယူ ဆောင်ရွက်ကြစေလိုပါကြောင်း၊ စေတီတော်ကြီးရေရှည်အဓွန့်ရှည်တည်တံ့ရေးအတွက် တစ်ဦးတစ်ယောက်ချင်း၊ အဖွဲ့အစည်းများအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**တည်ဆောက်ရေးအခြေအနေတင်ပြ**

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း က ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ စေတီတော်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး က စေတီတော်တည်ဆောက်ရေးအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီဥက္ကဋ္ဌ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းညွန့်၊ ပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ စေပိုင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးမောင်ဝိတ်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ထာဝရငြိမ်းချမ်းရေး စေတီတော်တည်ဆောက်ရေးနာယက၊ ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီလုပ်ငန်းညှိနှိုင်းစည်းဝေး

**စစ်တွေ ဇွန် ၂**

ရခိုင်ပြည်နယ် Coronavirus Disease – 2019 (COVID –19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်း ညှိနှိုင်းအစည်းဝေး (၇/၂၀၂၀) ကို ယနေ့ မွန်းလွဲ ၁ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ရခိုင်ပြည်နယ် Coronavirus Disease – 2019 (COVID –19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက ယနေ့အစည်းအဝေးတွင် ကော်မတီ၏ဆောင်ရွက်ခဲ့သောလုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ကိုဗစ်–၁၉ ကာလမတိုင်မီ ကြိုတင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် ကိုဗစ်အလွန်ကာလတွင် ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးပေးကြစေလိုကြောင်း၊ မိမိတို့ ပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသည့် လူနာနှစ်ယောက် ပေါ်ပေါက်ခဲ့ပြီး ၎င်းလူနာများတွင်လည်း ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသူများမှာ ရောဂါပိုးပါလာသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မိမိတို့ ပြည်နယ်တွင် ရောဂါပိုးကူးစက် ပျံ့နှံ့မှုလုံးဝမရှိဟုပင် ပြောလို့ရပါကြောင်း၊ ယခုလို အခြေအနေမျိုးကို ဆက်လက်ထိန်းသိမ်းထားနိုင်လျှင် ကိုဗစ် –၁၉ အလွန်ကာလကိုလည်း စဉ်းစား ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ကြိုတင်ပြင်ဆင်မှု လုပ်ငန်းအနေဖြင့်လည်း ကျန်းမာရေးနှင့် ပတ်သက်၍ လိုအပ်သောပစ္စည်းများကို အတတ်နိုင်ဆုံး ဖြည့်ဆည်း ဆောင်ရွက်ထားပါကြောင်း၊ ဆက်လက်၍ သုံးစွဲနေပါကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်သည့် ပစ္စည်းများ၊ ငွေကြေးများ သုံးစွဲရာတွင်လည်း တတ်နိုင်သမျှ ထိထိရောက်ရောက် မှန်မှန်ကန်ကန်ဖြစ်အောင်၊ အလေအလွင့်နည်းအောင် ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ ဆက်လက်၍လည်း ယခုကဲ့သို့ ဆောင်ရွက်သွားစေလိုကြောင်း၊ နောက်ထပ်ဆောင်ရွက်မည့် လုပ်ငန်းများအပေါ်တွင် လိုအပ်ချက်ရှိပါကလည်း ဆွေးနွေးပေးကြစေလိုကြောင်း၊ ကိုဗစ်–၁၉ ရောဂါနှင့် ပတ်သက်၍ အသိပညာပေးလှုံ့ဆော်မှုများဆောင်ရွက်သကဲ့သို့ မိုးဦးကျကာလတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေး ကိုလည်းလိုက်နာလုပ်ဆောင်သွားရန်နှင့်ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များ၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်နိုင်အောင် ပညာပေးလှုံ့ဆော်မှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကိုဗစ် – ၁၉ ရောဂါနှင့် ပတ်သက်၍ မိမိပြည်နယ်တွင် ဖြေလျှော့မှုများကို ဗဟိုကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ကြိုတင်ဆောင်ရွက်ခဲ့သောလုပ်ငန်းများ၊ လက်ရှိလုပ်ဆောင်နေသည့်လုပ်ငန်းများနှင့် ပတ်သက်၍ ကော်မတီအဖွဲ့ဝင်များအနေဖြင့် စေတနာထားကာ ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ် Coronavirus Disease – 2019 (COVID – 19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီအတွင်းရေးမှူး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသန်းက ဗဟိုကော်မတီ၏ ညွှန်ကြားချက်များ၊ လက်ရှိဆောင်ရွက်နေသည့်အခြေအနေ၊ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်သည့် ပြည်နယ်ဝန်ကြီးများနှင့် ကော်မတီအဖွဲ့ဝင်များက Coronavirus Disease–2019 (COVID –19) ထိန်းချုပ် ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးအတွက် မိမိတို့ ကော်မတီ အလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက် ဆောင်ရွက်မည့်အစီအမံများကို ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## စက်မှုလယ်ယာဦးစီးဌာနမှ စပါးအခြောက်ခံစက်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂**

နေပြည်တော်ကောင်စီနယ်မြေ အမှတ်(၈၄) စက်မှုလယ်ယာစခန်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မြို့နယ်များမှ တောင်သူဦးကြီးများအား မိုးရွာသွန်းချိန် ရိတ်သိမ်းပြီး စပါးများ ခြောက်သွေ့စွာ သိုလှောင်နိုင်ရန်၊ ရောင်းချရာတွင်လည်း အရည်အသွေးကောင်း စပါးရရှိရန်နှင့် သီးနှံပျက်စီးဆုံးရှုံးမှုမရှိစေရန် စက်မှုလယ်ယာ ဦးစီးဌာန အမှတ်(၈၄) စက်မှုလယ်ယာစခန်း ပျဉ်းမနားမြို့မှ Hansung အမျိုးအစား Korea စပါးအခြောက်ခံစက်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှု အခြေအနေကာလအတွင်း အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသော တောင်သူများအတွက် မိမိစပါးတင်းအရေအတွက်အတိုင်း ဆီဖိုးသာ ကျခံ၍ အခြားစရိတ်များ လုံးဝမပေးရကြောင်း၊ တောင်သူများအတွက် အဆင်ပြေကြောင်း ညောင်ပင်ကြီးစုရွာနေ တောင်သူ ဦးတင်ထွန်းက ပြောကြားပြီး အမှတ်(၈၄) စက်မှုလယ်ယာစခန်း ပျဉ်းမနားမြို့အနေဖြင့် တောင်သူများ၏ စိုက်ပျိုး ထုတ်လုပ်မှုကုန်ကျစရိတ်များ လျော့နည်းစေရေးအတွက် ထယ်/ရိတာ တစ်ကေလျှင် ငွေကျပ် ၁၃၀၀၀ နှုန်း၊ ရိတ်သိမ်းခြွေလှေ့စက် တစ်ကေလျှင် ငွေကျပ် ၃၅၀၀၀ နှုန်း၊ ကောက်စိုက် စက် တစ်ကေလျှင် ငွေကျပ် ၂၅၀၀၀ နှုန်းတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ဇင်လတ်ထံမှ သိရသည်။

**မင်းမင်းလတ်**
**(မန်းတက္ကသိုလ်)**



# ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း UEHRD ကော်မတီ၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၂

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း UEHRD ကော်မတီ၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Zoom Video Conferencing System ဖြင့် Online Meeting ပြုလုပ်ကျင်းပရာ UEHRD ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကား ပြောကြားသည်။** (ယာပုံ)




### ထိခိုက်မှုလျော့နည်းစေမည်

ပြည်ထောင်စုဝန်ကြီးက UEHRD ကော်မတီအနေဖြင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီပေးခြင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ Task Force များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ UEHRD ၏ လုပ်ငန်းစီမံကိန်းများမှာ ကျယ်ပြန့်သည့်အလျောက် ရခိုင်ပြည်နယ်ဆိုင်ရာ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဖွဲ့စည်းထားသည့် ဗဟိုကော်မတီများ၊ လုပ်ငန်းကော်မတီများ၏ လုပ်ငန်းများနှင့် ပတ်သက်ဆက်နွယ်နေပါကြောင်း၊ UEHRD ၏ လုပ်ငန်းများကို အထောက်အကူပေးနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် ကော်မတီရုံးအဖွဲ့၏ အသုံးစရိတ်များ၊ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများအတွက် သုံးစွဲခဲ့သည့် အသုံးစရိတ်များကို ပြည်တွင်း၊ ပြည်ပ အလှူရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများဖြင့် ဆောင်ရွက်နေသည့်အတွက် UEHRD ကော်မတီ၏ ရန်ပုံငွေများကို စနစ်တကျ သုံးစွဲရေး၊ ပြည်တွင်း၊ ပြည်ပ စာရင်းစစ်ဆေးမှုအဆင့် စာရင်းစစ်ခံနိုင်ရေးအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ UEHRD ၏ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများနှင့် ပြည်သူများရင်ဆိုင်နေရသော ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားမှု ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ် အစရှိသည့်အကန့်အသတ်များကြားမှ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ UEHRD ၏ လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် UEHRD ကော်မတီအနေဖြင့် လုပ်ငန်းအဖွဲ့ Task Forces များနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကိုဗစ် - ၁၉ ကာလနှင့် ကိုဗစ် - ၁၉ အလွန် ကာလများတွင် ရင်ဆိုင်ကျော်လွှားရမည့် စီးပွားရေးဆိုင်ရာ ကုစားမှုများကို စနစ်တကျ အကောင်အထည်ဖော်ခြင်း၊ ကြိုတင်စီစဉ် ဆောင်ရွက်ထားခြင်းများဖြင့် UEHRD ၏ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကို ထိခိုက်မှုလျော့နည်း သက်သာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

### ပွင့်လင်းမြင်သာစွာ သိရှိနိုင်ရေး

ထို့နောက် UEHRD ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်က UEHRD ၏ ရန်ပုံငွေ ရရှိ၊ သုံးစွဲ၊ လက်ကျန်စာရင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသည့်ကော်မတီဝင်အသီးသီးက ဆွေးနွေးရာတွင် မိုးရာသီကာလ သဘာဝဘေးဒဏ် ကြံ့ကြံ့ခံနိုင်ရေးနှင့် ဒေသဆိုင်ရာလုံခြုံရေး၊ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ ရေ့ပြေးစီမံချက်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး၊ UEHRD ၏ လုပ်ငန်းစဉ်များကို ပြည်တွင်း၊ ပြည်ပက ပွင့်လင်းမြင်သာစွာ အမှန်အတိုင်းသိရှိနိုင်ရေး၊ UEHRD ၏ သတင်းနှင့် ဆက်သွယ်ရေးကဏ္ဍ စွမ်းဆောင်ရည် ပိုမိုတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်ရှိ လက်ရှိဆောင်ရွက်လျက်ရှိသော စီမံချက်များအပြင် ကိုဗစ်-၁၉ ကာလ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) နှင့် လိုက်လျောညီထွေရှိသော လုပ်ငန်းရှင်များ ပါဝင်နိုင်မည့် အစီအစဉ်များ ဖော်ဆောင်ရေးတို့ကို အကြံပြုဆွေးနွေး ညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်တင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန် ဦးဇော်သန်းသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး UEHRD ကော်မတီ၏ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက်၊ ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဦးတိုးအောင်၊ သတင်းနှင့်ဆက်သွယ်ရေးဒါရိုက်တာ ဦးကျော်မြင့်နှင့် UEHRD ၏ စီမံခန့်ခွဲမှုအရာရှိချုပ် ဦးညီငြိမ်းအေးတို့က Online မှ တစ်ဆင့် အသီးသီး ဝင်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂**

တရားလွှတ်တော်ရှေ့နေများ ကောင်စီ အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေများ ကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် တရားလွှတ်တော်ရှေ့နေများ ကောင်စီအစည်းအဝေးအား အဖွဲ့ဝင်အားလုံး စုံညီစွာ တက်ရောက်၍ အစည်းအဝေးပြုလုပ်မှသာ တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းရန် လျှောက်ထားသူများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စိစစ်ထောက်ခံတင်ပြပေးနိုင်မည် ဖြစ်ပါကြောင်း၊ အလားတူ တရားလွှတ်တော်ရှေ့နေများ၏ ကျင့်ဝတ်သိက္ခာနှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်များ ပေးပို့နိုင်မည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် တရားလွှတ်တော်ရှေ့နေများ ကောင်စီရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ဖြစ်ပါကြောင်း၊ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ၂၀၁၉ ခုနှစ် ဇွန် ၁၀ ရက်တွင် ပြင်ဆင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၂၀၂၀ ပြည့်နှစ် ဧပြီ ၆ ရက်တွင် တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ပြင်ဆင်သည့် နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပါကြောင်း၊ တရားလွှတ်တော်ရှေ့နေများ ကောင်စီကလည်း ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မေ ၁၈ ရက်တွင် ထုတ်ပြန်ခဲ့ပြီး အဆိုပါ ပြင်ဆင်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားလွှတ်တော်ရှေ့နေများ ကောင်စီရွေးကောက်ပွဲကို ဩဂုတ်လတွင် ကျင်းပရန် လျာထားပါကြောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအရ တရားလွှတ်တော်ရှေ့နေများကောင်စီက မဲဆန္ဒနယ် သတ်မှတ်ပေးရမည်ဖြစ်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ၃၄ နေရာ သတ်မှတ်ထားပါကြောင်း၊ သက်ဆိုင်ရာ မဲဆန္ဒနယ်အလိုက် ကြီးကြပ်ဆောင်ရွက်မည့်သူများကို ခန့်အပ်ရန်ရှိပါကြောင်း၊ ယခုအစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေများကောင်စီ၏လုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် ဆွေးနွေးအကြံပြုပေးစေလိုပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းရန် လျှောက်ထားသူ အထက်တန်းရှေ့နေ ၉၀၉ ဦးကို လည်းကောင်း၊ on-line ဖြင့် သင်ကြားသော ဘွဲ့လွန်ဥပဒေပညာ ဒီပလိုမာသင်တန်း အောင်မြင်သူ အထက်တန်းရှေ့နေ ၁၀ ဦးကို လည်းကောင်း စိစစ်ထောက်ခံအတည်ပြုနိုင်ခဲ့သည်။

အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေများ ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ၁၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းပျဉ်းမြို့တွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး ရရှိတော့မည်

**မိုင်းပျဉ်း ဇွန် ၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့တွင် ဇွန်လအတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိတော့မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

မိုင်းပျဉ်းမြို့တွင် တည်ဆောက်ထားသည့် 230/66/11KV,(5MVA) ဓာတ်အားခွဲရုံမှ မြို့ပေါ်ရပ်ကွက် (၃)ရပ်ကွက်နှင့် ကျေးရွာ ၂၂ ရွာတို့အား လျှပ်စစ်မီးပေးနိုင်မည်ဖြစ်ကြောင်း၊ ဇွန်လပထမပတ်တွင် မြို့ပေါ် (၃) ရပ်ကွက်အား ဦးစွာလျှပ်စစ်မီးရရှိစေမည် ဖြစ်ပြီး ကျန်ကျေးရွာများသို့လည်း လျှပ်စစ်မီးရရှိစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းနိုင်ဦးထံမှ သိရသည်။

ထို့ကြောင့် လျှပ်စစ်မီးကြိုးများသွယ်တန်းခြင်း၊ မီးကြိုးများခိုင်ခံ့မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ လျှပ်စစ်မီးသုံးစွဲရာတွင် ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များပါဝင်သည့် အသိပညာပေးလက်ကမ်းစာစောင်များကို ရှမ်း၊ မြန်မာနှစ်ဘာသာဖြင့် ဖြန့်ဝေပေးခြင်း၊ လူသွားလမ်းဆုံနေရာများတွင် အသိပညာပေးပိုစတာများ စိုက်ထူခြင်းများကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဝန်ထမ်းများက ဆောင်ရွက်ကြကြောင်း သိရသည်။

**မေမွန်ထွဋ် (ပြန်/ဆက်)**



# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သတိပြုစရာ ကူးစက်ရောဂါများ

ဒေါက်တာမြင့်သန်း (ညောင်လေးပင်)

**နှစ်စဉ် ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ (World Environment Day) ဟူ၍ ကုလသမဂ္ဂအဖွဲ့ကြီးက ထူးခြားသောနေ့တစ်နေ့အဖြစ် ၁၉၇၄ခုနှစ်ကပင် ကမ္ဘာတစ်ဝန်း ကျင်းပလာခဲ့ပါသည်။ ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရန်၊ လေထုရေထုညစ်ညမ်းမှုများကို ကာကွယ်ထိန်းသိမ်းရန်၊ သဘာဝသစ်ပင်သစ်တောများကို ကာကွယ်ထိန်းသိမ်းရန်၊ လူဦးရေလွန်ကဲထူထပ်မှုများကို ထိန်းသိမ်းရန်၊ ကမ္ဘာကြီးပူနွေးလာမှုများကို လျှော့ချထိန်းသိမ်းရန်၊ တိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရန် စသည့်ကမ္ဘာမြေနှင့် လူသားများ ရေရှည်ဖွံ့ဖြိုး တိုးတက်မှုအတွက် အရေးပါသော သဘာဝပတ်ဝန်းကျင်ကြီးကို အားသွန်ခွန်စိုက်စောင့်ရှောက်ကြရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်း ဖြစ်ပါသည်။ နိုင်ငံပေါင်း ၁၄၃ နိုင်ငံတို့က အထိမ်းအမှတ်နေ့ကို အခြေအနေနှင့် လိုက်လျောညီစွာ ကျင်းပကြမည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်အတွက် အဆိုပါနေ့၏ အိမ်ရှင်အဖြစ် တောင်အမေရိကတိုက်ရှိ ကိုလံဘီယာနိုင်ငံက လက်ခံကျင်းပမည်ဟု သိရသည်။**



၂၀၂၀ ပြည့်နှစ်အတွက် ဆောင်ပုဒ်မှာ "Celebrate Biodiversity" – "တို့ကမ္ဘာမြေ ရေရှည်တည်တံ့စေဖို့ ဇီဝမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်ကို အချိန်မီထိန်းသိမ်းစို့" ဖြစ်သည်။

ကိုလံဘီယာနိုင်ငံကို Megadiverse country နိုင်ငံတစ်နိုင်ငံဟု ခေါ်ပါသည်။ Megadiversity Countries များဆိုသည်မှာ ကိုလံဘီယာ အပါအဝင် ဩစတြေးလျ၊ မက္ကဆီကို၊ ဘရာဇီး၊ တရုတ်၊ ကွန်ဂို၊ အီကွေဒေါ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မက်ဂါဒတ်စ်ကား၊ မလေးရှား၊ ပါပူဝါနယူးဂီနီ၊ ပီရူး၊ ဖိလစ်ပိုင်၊ တောင်အာဖရိက၊ အမေရိကန်ပြည်ထောင်စု၊ ဗင်နီဇွဲလား စသည့်နိုင်ငံများ ဖြစ်ကြပြီး ကမ္ဘာမြေပေါ်ရှိ သက်ရှိသတ္တဝါမျိုးစုံများစွာ စုဝေးနေထိုင်လေ့ရှိကြသည့် နိုင်ငံများကို ထိုသို့ခေါ်ခြင်းဖြစ်ပါသည်။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့တွင် လူတိုင်းကိုယ်စီ ဆောင်ရွက်သင့်သည်များကို အောက်ပါအတိုင်း တိုက်တွန်းထားပါသည်–

၁။ Recycle သုံးစွဲသည့် ပစ္စည်းများကို ပြန်လည်သုံးစွဲနိုင်အောင် မိမိကိုယ်တိုင်လည်းဆောင်ရွက်ပါ။ အများကလိုက်ပါ ဆောင်ရွက်နိုင်အောင်လည်း ကူညီဆောင်ရွက်ပါ။

၂။ လေထုကြီးသန့်စင်စေဖို့၊ ရာသီဥတုမျှတသာယာစေဖို့ လူတိုင်းသစ်ပင်စိုက်ပါ။ သစ်ပင်များကို ချစ်မြတ်နိုးပါ။

၃။ မိမိသည် စေတနာ့ဝန်ထမ်းဖြစ်နေပါစေ။ အများအတွက် ကမ္ဘာကြီးအတွက် အဘက်ဘက်က အကူအညီပေးနိုင်သည့် လူသားကောင်းတစ်ယောက်ဖြစ်စေဖို့ စေတနာ့ဝန်ထမ်းတစ်ယောက်အဖြစ် ဆောင်ရွက်နိုင်အောင် မိမိကိုယ်ကို ပြုပြင်တည်ဆောက်ပါ စသည်တို့ဖြစ်ပါသည်။

### ဇီဝမျိုးကွဲများနှင့် လူသားများ ဆက်စပ်နေမှု

Biodiversity ခေါ် သစ်ပင်နှင့် ဇီဝတိရစ္ဆာန်မျိုးကွဲများစွာတို့သည် လူသားတို့ အသက်ရှင်နေထိုင်ရေးအတွက် အခြေခံကျသော လိုအပ်ချက်များကို ပေးဆပ်နေကြသည်ကို တွေ့နိုင်ပါသည်။ သန့်စင်သော လေ၊ ရေ၊ အစားအစာ၊ ဆေးဝါး စသည်များအပါအဝင် လူသားတို့ စားဝတ်နေမှု အမှုကိစ္စအလုံးစုံတို့သည် ယင်းတို့အပေါ် မူတည်နေပါသည်။ ထိုဇီဝမျိုးစုံတို့ကို ထိန်းသိမ်း၊ ကာကွယ်စောင့်ရှောက်ခြင်း မရှိပါက စိမ်းလန်းစိုပြည်သာယာလှပနေသော သဘာဝကမ္ဘာမြေကြီးသည်လည်း မလိုလားအပ်သော အကျိုးဆက်များ တွေ့ကြုံခံစားလာရမည် ဖြစ်ပါသည်။ လူသားတို့၏ လုပ်ရပ်များဖြစ်သော သစ်ပင်သစ်တောများကို အလွန်အကျွံခုတ်လှဲဖျက်ဆီးပြီး သစ်တောများ ပြုန်းတီးစေခြင်း၊ သားရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးရောင်းဝယ်သတ်ဖြတ်စားသောက်ခြင်း၊ စိုက်ပျိုးမြေများကို အလွန်အကျွံတိုးချဲ့ခြင်း၊ စက်မှုလုပ်ငန်းအမျိုးမျိုးကြောင့် ရာသီဥတုပြောင်းလဲ ပူနွေးလာခြင်း စသည်တို့ကြောင့် ထိုကဲ့သို့သော ဆိုးကျိုးများ ရင်ဆိုင်လာရခြင်း ဖြစ်ပါသည်။

တောများ ခုတ်ထွင်ခြင်းနှင့်အတူ တောရိုင်းသားကောင်များအား ဖမ်းဆီးသတ်ဖြတ်ရောင်းဝယ်မှုများကြောင့် တိရစ္ဆာန်များစွာ မျိုးတုံးနေကြရသည်ကိုလည်း တွေ့နိုင်ပါသည်။ နှစ်စဉ်တိရစ္ဆာန်မျိုးစိတ် ၀ ဒသမ ၀၁– ၀ ဒသမ ၁ ရာခိုင်နှုန်းခန့် မျိုးတုံးပျောက်ကွယ်နေကြရပါသည်။ ကမ္ဘာပေါ်တွင် တိရစ္ဆာန်မျိုးစိတ်ပေါင်း နှစ်သန်းခန့်ရှိရာ နှစ်စဉ် မျိုးစိတ်ပေါင်း ၂၀၀ မှ ၂၀၀၀ ခန့် ပျောက်ကွယ် နေကြပါသည်။ နောက်ဆုံးပျောက်ကွယ်ခဲ့ရသည်မှာ အနောက်အာဖရိက ကြံ့နက် (West African Black Rhino) ဖြစ်ပြီး ကင်မရွန်းနိုင်ငံတွင် ၂၀၀၆ ခုနှစ်က နောက်ဆုံးတွေ့ခဲ့ရသည်။ ၂၀၁၁ ခုနှစ်တွင် ယင်းတို့ မျိုးတုံးပျောက်ကွယ်ပြီဟု ကြေညာခဲ့သည်။

### တောများပြုန်းတီးခြင်း၏ အကျိုးဆက်များ

ကမ္ဘာမြေ၏ သစ်တောများ ကျယ်ပြန့်စွာ ထိခိုက်ပျက်စီးနေပြီး တောများပြုန်းတီးသည်အထိ ဖြစ်လာနေပါသည်။ ထိုသို့သစ်တောများ ပြုန်းတီးလာခြင်းကြောင့် ဖြစ်လာသည့် အကျိုးဆက်များကို အောက်ပါအတိုင်းတွေ့ရပါသည်–

- မြေဆီလွှာများ ပျက်စီးခြင်း၊
- ရေသံသရာလည်မှု ပျက်စီးခြင်း၊
- ဇီဝမျိုးကွဲများ ထိခိုက်ဆုံးရှုံးခြင်း၊
- ရာသီဥတုပြောင်းလဲခြင်း။

ထိုသို့ထိခိုက်မှုများတွင် ယနေ့ကြုံတွေ့နေသော ကိုဗစ်– ၁၉ ရောဂါနှင့် ဆက်စပ်နေနိုင်မှုကို ဦးစွာတင်ပြလိုပါသည်။

### ကိုဗစ်– ၁၉ နှင့် သဘာဝပတ်ဝန်းကျင် ဆက်စပ်နေမှု

၂၀၁၈ ခုနှစ်ကပင် ဥရောပပညာရှင်တစ်စုက ယခုကဲ့သို့ ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ကြီး ဆက်လက်ပျက်စီးနေပါက မကြာမီပင် ကပ်ရောဂါများ (Pandemic disease) ပြန်လည်ရင်ဆိုင်ကြနိုင်သည်ဟု သတိပေးထားကြောင်း သိရပါသည်။

ယခုတွေ့ကြုံနေရသော ကိုဗစ်– ၁၉ ကပ်ရောဂါသည်လည်း သဘာဝပတ်ဝန်းကျင်ထိခိုက်စေမှု၊ ဇီဝမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

**"သစ်တောများကို ခုတ်ထွင်ခြင်းတို့သည် တောတွင်းခိုအောင်းနေသော တိရစ္ဆာန်များ၏ နေထိုင်မှုစနစ်များ ပြောင်းလဲကာ ယင်းတို့ရှိ ဗိုင်းရပ်စ်နှင့် အခြား ရောဂါပိုးတို့ကို လူတို့ထံ ကူးစက်စေနိုင်သည်ဟု သိရပါသည်။ SARS, Ebola နှင့် ယခု SARS-CoV-2 ခေါ် ကိုဗစ်- ၁၉ ဗိုင်းရပ်စ်ပိုးတို့သည် ထူထပ်သော အပူပိုင်းဒေသသစ်တောများအတွင်း ခိုအောင်းနေလေ့ရှိသော သားရဲ တိရစ္ဆာန်တို့မှ လူသားများထံ ကူးစက်လာခြင်းဖြစ်"**

ကင်းမဲ့မှုများနှင့်လည်း သက်ဆိုင်နေကြောင်း တွေ့ရပါသည်။ ဇီဝမျိုးကွဲများဖြစ်သည့် သစ်ပင်များ၊ သားရဲတိရစ္ဆာန်များသည် လူသားတို့ကို ထောက်ပံ့ကာကွယ်ပေးထားသော သဘာဝပတ်ဝန်းကျင်စနစ် တစ်ခုဖြစ်သလို ထိုစနစ်ကြီးကို မစောင့်ရှောက်ပါက လူသားတို့ကို မကာကွယ်ပေးနိုင်တော့ဘဲ ယခုကဲ့သို့သော ဆိုးကျိုးများကို ကြုံတွေ့ရခြင်းဖြစ်သည်။ လေ့လာမှုများအရ ယနေ့ကမ္ဘာကြီးတွင် လူပေါင်းတစ်ဘီလီယံခန့်မျှ မကျန်းမမာဖြစ်ရခြင်းနှင့် လူပေါင်းသန်းနှင့်ချီ သေဆုံးနေကြရခြင်းတို့သည် ကိုရိုနာဗိုင်းရပ်စ်ပိုးများကြောင့် ဖြစ်ရပြီး လူသားတို့တွင် ဖြစ်ပွားနေသည့် ကူးစက်ရောဂါတို့၏ ၇၅ ရာခိုင်နှုန်းခန့်တို့သည် တိရစ္ဆာန်များမှ လူသို့ ကူးစက်သည့်ရောဂါများ (Zoonotic Diseases) ဖြစ်သည်ဟု သိရသည်။

တရုတ်နိုင်ငံ ဝူဟန်မြို့ရှိ သားငါးဈေးကွက် (Wet Market) တွင် ကမ္ဘာပေါ်ရှိမည်သည့် သား၊ ငါးတိရစ္ဆာန်ဖြစ်ပါစေ ရရှိနိုင်အောင် စုဆောင်းထားရှိပါသည်။ အရသာထူးခံစားဖို့အတွက်ဖြစ်စေ၊ ဆေးဖြစ်ဝါးဖြစ်အဖြစ်၊ အတွေ့အကြုံသစ်များအဖြစ်ဖြစ်စေ သားငါးကောင်မျိုးစုံ ရရှိနိုင်ပါသည်။ ယင်းတွင် လင်းနို့၊ ကြောင်ကတိုး၊ သင်းခွေချပ်၊ ခွေးရူး (Badgers) ခေါ် တွင်းအောင်းတိရစ္ဆာန်တစ်မျိုး၊ မိကျောင်းစသည်တို့ တွေ့ရှိနိုင်ရာ ယင်းတို့သည် ဗိုင်းရပ်စ်ပိုးများ ခိုအောင်းရှင်သန်နိုင်ရာ ဝန်းကျင်များ Viral Melting Pots ဟု ပညာရှင်တို့က ယူဆကြပါသည်။ လင်းနို့မှတစ်ဆင့် လူသို့ တိုက်ရိုက်ကူးစက်ခြင်းမဟုတ်ဘဲ သင်းခွေချပ်သည် ကြားခံသတ္တဝါ (Intermediate host) ဖြစ်သွားနိုင်သည်ဟုလည်း လေ့လာယူဆကြပါသည်။ ထိုဖြစ်စဉ်များကြောင့် တရုတ်နိုင်ငံအစိုးရက ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၄ ရက်က ထိုဈေးကွက်ကြီးတစ်ခုလုံးကို လုံးဝပိတ်ပစ်လိုက်ပါသည်။ ထိုဈေးကွက်ကြီးတွင် လူပေါင်း ၁၄ သန်းခန့် ပါဝင်ဆောင်ရွက်နေပြီး တန်ဖိုး ၇၆ ဘီလီယံမျှကြီးမားသည့် ငွေကြေးလည်ပတ်မှုလည်းရှိနေကြောင်း ၂၀၁၇ ခုနှစ် လေ့လာမှုများအရ သိရပါသည်။ ကိုရိုနာပိုးအသစ်သည် တောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ရှောက်မှု ကင်းမဲ့မှုမှတစ်ဆင့် ဖြစ်ပွားခဲ့သည်ဟု ဆိုနိုင်ပါသည်။

### သစ်တောပြုန်းတီးမှုနှင့် ကူးစက်ရောဂါများ

Deforestation ခေါ် သစ်တောပြုန်းတီးခြင်းသည် ၂၀၁၈ ခုနှစ် တစ်နှစ်တည်းမှာပင် အပူပိုင်းဒေသ သစ်တောဧကပေါင်း သန်း ၃၀ ခန့် ရှိခဲ့သည်။ အရှေ့တောင် အာရှဒေသအတွင်း သစ်တောပြုန်းတီးမှုသည် လွန်ခဲ့သော နှစ်ပေါင်း ၄၀ အတွင်း ၃၀ ရာခိုင်နှုန်း ခန့်ရှိခဲ့သည်။ သစ်တောများသည် ကမ္ဘာ့မြေအကျယ်အဝန်း၏ ၃၀ ရာခိုင်နှုန်းခန့်ကို ဖုံးအုပ်ထားလျက်ရှိပြီး ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ၅၀၂၀၀ စတုရန်းမိုင် (၁ ဒသမ ၃ သန်းစတုရန်းကီလိုမီတာ)ခန့် ဆုံးရှုံးခဲ့ရသည်ဟု ကမ္ဘာ့ဘဏ်က ထုတ်ပြန်ထားပါသည်။ နှစ်စဉ် သစ်တောဧကပေါင်း ၁၈ ဒသမ ၇ သန်းခန့် ဆုံးရှုံးနေသည်။ တစ်မိနစ်တိုင်းတွင် ဘောလုံးကွင်း ၂၇ ကွင်း ပမာဏ ဆုံးရှုံးနေရသည်နှင့် တူသည်။

ကမ္ဘာပေါ်တွင် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀၀ အတွင်း သစ်ပင်ပေါင်း ၄၀၀ ဘီလီယံခန့် ပေါက်ရောက်ခဲ့မည်ဟု ခန့်မှန်းကြသည်။ လူ့ယဉ်ကျေးမှုတိုးတက်လာသည့် စိုက်ပျိုးရေး ခေတ်ဦး (လွန်ခဲ့သော နှစ်ပေါင်း ၁၂၀၀၀) ခန့်ကစပြီး ထိုသစ်ပင်တို့၏ ၄၆ ရာခိုင်နှုန်း ဆုံးရှုံးခဲ့သည်။ နှစ်စဉ် သစ်ပင်ပေါင်း ၁၅ ဘီလီယံမျှ လဲကျပျက်စီးခဲ့ပြီး နေ့စဉ် ၄၂၀၀၀၀၀၀ ခန့်ကို လူသားတို့က ခုတ်လှဲနေကြသည်။

သစ်တောများကို ခုတ်ထွင်ခြင်းတို့သည် တောတွင်းခိုအောင်းနေသော တိရစ္ဆာန်များ၏ နေထိုင်မှုစနစ်များ ပြောင်းလဲကာ ယင်းတို့ရှိ ဗိုင်းရပ်စ်နှင့် အခြား ရောဂါပိုးတို့ကို လူတို့ထံ ကူးစက်စေနိုင်သည်ဟု သိရပါသည်။ SARS, Ebola နှင့် ယခု SARS–CoV–2 ခေါ် ကိုဗစ်– ၁၉ ဗိုင်းရပ်စ်ပိုးတို့သည် ထူထပ်သော အပူပိုင်းဒေသသစ်တောများအတွင်း ခိုအောင်းနေလေ့ရှိသော သားရဲတိရစ္ဆာန်တို့မှ လူသားများထံ ကူးစက်လာခြင်းဖြစ်သည်။ လူတို့ကို ကူးစက်ရောဂါများ ဖြစ်စေသော ရောဂါပိုးတို့၏ လေးပုံတစ်ပုံခန့်သည် သစ်တောများကို ခုတ်ထွင်မှုများကြောင့် ဖြစ်သည်။ ပို၍ချဲ့ထွင်လာလေ ကူးစက်ရောဂါပိုးတို့ ပို၍ ပျံ့နှံ့လာစေလေ ဖြစ်သည်။ ဇီကာ (Zika)၊ နီပါး (Nipah)၊ ငှက်ဖျား၊ ကာလဝမ်း၊ HIV စသည်တို့သည်လည်း ထိုလမ်းကြောင်းများမှပင် ကူးပြောင်းလာကြပါသည်။ Bush Meat ခေါ် ချုံအသားစားမှုနှင့် ဆက်စပ်သော ချင်ပင်ဇီတို့သည် HIV ပိုး ပျံ့နှံ့မှုနှင့် ပတ်သက်နေကြောင်း ယူဆကြပါသည်။ ၂၀၁၉ ခုနှစ် လေ့လာမှုအရ တောပြုန်းတီးမှု ၁၀ ရာခိုင်နှုန်းများလာလေ ငှက်ဖျားရောဂါ ဖြစ်ပွားမှု ၃ ဒသမ ၃ ရာခိုင်နှုန်း များလာလေဖြစ်သည်။ ယင်းသည်လူပေါင်း ၇ဒသမ ၄ သန်းခန့်ကို ထိခိုက်စေနိုင်သည်ဟု သိရပါသည်။ သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်များကို ပျက်ကွက်နေကြဆဲရှိရာ ၂၀၁၆ ခုနှစ် တစ်နှစ်လုံးတွင် သစ်တောအကျယ်အဝန်းဟက်တာပေါင်း ၂၈ သန်းခန့် ခုတ်လှဲခံခဲ့ရပြီး ယနေ့တိုင်လည်း လျော့နည်းသွားခြင်းမရှိသေးဟု ဆိုပါသည်။

### ရာသီဥတုပူနွေးလာခြင်းနှင့် ဆက်စပ်နေသော ကူးစက်ရောဂါများ

၂၀၁၆ ခုနှစ် နွေရာသီအတွင်းက အအေးပိုင်းဒေသဖြစ်သည့် ဆိုက်ဘေးရီးယားဒေသ Yamal ကျွန်းဆွယ်တွင် Anthrax ခေါ် ထောင့်သန်းရောဂါ ဖြစ်ပွားခဲ့ရာ လူပေါင်းတစ်ရာကျော်ကူးစက်ခံရပြီး ၁၂ နှစ် အရွယ်ကလေးတစ်ဦး သေဆုံးခဲ့ပါသည်။ ဒေသရှိ ဒရယ်အကောင်ပေါင်း ၂၃၀၀ ခန့်တို့လည်း သေဆုံးကြရကြောင်း သိရသည်။ ထိုဒေသတွင် လုံးဝမကြုံဖူးသေးသည့် ဖြစ်ရပ်မှာ ရေခဲပြင်များ (Permafrost) မှ စတင်ကြောင်းသိရသည်။ Permafrost ဆိုသည်မှာအမြဲအေးခဲနေသည့် ရေခဲထုများဖြစ်ကြသည်။ Active Layer ခေါ် အပေါ်ယံမြေပြင်လွှာအောက်တွင် ရှိနေကြပြီး မည်သည့်အခါမှ အရည်မပျော်သော ရေခဲတုံးပြင်ကြီးများ ဖြစ်ကြသည်။ သို့သော် ကမ္ဘာ့အပူချိန်မြင့်တက်လာမှုကြောင့် ထိုရေခဲပြင်ကြီးများ အရည်ပျော်လာပါသည်။ ရေခဲပြင်ထဲတွင် နှစ်ပေါင်းသန်းချီ အသက်မဝင်မလှုပ်ရှား ဘဲရှိနေကြသော ထောင့်သန်းရောဂါပိုးတို့ မြေပြင်ပေါ်ရောက်လာကာ ယခုကဲ့သို့ကူးစက်ရောဂါ အသွင်ဖြစ်လာခြင်း ဖြစ်သည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ထိုကဲ့သို့ မြေအောက်ရှိ ရေခဲပြင်တို့ထဲတွင် ရှိနေကြသည့် ရှေးဟောင်းရောဂါပိုးများ လွတ်မြောက်လာနိုင်ကြောင်း ပညာရှင်များက အချိန်ကာလ အတန်ကြာကပင် ခန့်မှန်းထားကြပြီးဖြစ်ပါသည်။ ထိုရောဂါပိုးတို့သည် လူတို့နှင့် ထိတွေ့ခဲ့ခြင်း မရှိခဲ့သည့် ပိုးအများစုဖြစ်နေသဖြင့် လူ့ခုခံစွတ်က မခုခံနိုင်သေးဘဲ ရှိနေဦးမည်ဟုလည်း သိရပါသည်။

ထို့ကြောင့် ပူနွေးလာမှုဖြစ်စဉ်ကို အရှိန်အဟုန်ဖြင့် မထိန်းနိုင်ပါက ကူးစက်ရောဂါများ ဖြစ်လာနိုင်ဖွယ်ရှိကြောင်း သိရပါသည်။ ၁၈ ရာစု၊ ၁၉ ရာစုခန့်က ဖြစ်ပွားခဲ့သော ကူးစက်ရောဂါများပင် ပြန်နိုးထလာနိုင်စရာရှိပြီး ထိုစဉ်က ရောဂါကြောင့် သေဆုံးခဲ့သူများကို မြှုပ်နှံခဲ့သည့် သုသာန်များအနီးတစ်ဝိုက်တွင် ပိုဖြစ်လာနိုင်သည်ဟု ခန့်မှန်းကြပါသည်။ ယခုတွေ့ရသော ဆိုက်ဘေးရီးယားဒေသ အပေါ်ယံလွှာသည် နွေရာသီရောက်တိုင်း အရည်ပျော်တတ်သည်။ ၂၀၁၆ ခုနှစ်တွင် ထိုဒေသအတွင်း အပူချိန်မြင့်တက်လာရာ ၃၅ ဒီဂရီ ဆဲလ်စီးယပ်စ်အထိ ဖြစ်လာသည်။ ထိုအခါ ရေခဲပြင်ကြီး အရည်ပျော်လာပါသည်။ ထောင့်သန်းရောဂါပိုးသည် အတော်ခံနိုင်ရည်ရှိသော ဗက်တီးရီးယားဖြစ်သည်။ Spore ခေါ် အပေါက်ပါသည့်ပိုးဖြစ်ပြီး မြေအောက်တွင် နှစ်ပေါင်းများစွာ အသက်မဲ့နေနိုင်ကြသည်။ အခြေအနေအရ ယခုကဲ့သို့ ပြန်လည်ရှင်သန်လာနိုင်သည်ကို တွေ့ရသည်။

အလားတူပင် ဗိုင်းရပ်စ်ပိုးများကလည်း ထိုသို့သော အခြေအနေများဖြစ်လာနိုင်ကြောင်း သိရသည်။ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်က အဆိုပါ ဆိုက်ဘေးရီးယား မြေအောက်ရေခဲတုံးတစ်ခုကို လေ့လာခဲ့ရာ ဗိုင်းရပ်စ်ပိုး နှစ်မျိုးကို တွေ့ခဲ့ရသည်။ အမီးဘားပိုးတို့ကိုသာ ကူးစက်နိုင်သည်ဟု ယူဆရသည့် ထိုဗိုင်းရပ်စ်ပိုးတို့အပြင် လူကိုပါကူးစက်နိုင်သည့် Small Pox ကျောက်ရောဂါပိုးနှင့် စပိန်တုပ်ကွေး (Spanish Flu Virus) တို့လည်း ပိတ်လှောင်နေနိုင်သည့် အထောက်အထားများ တွေ့ရကြောင်းသိရပါသည်။ သမိုင်းမတင်မီလွန်ခဲ့သော နှစ်ပေါင်းလေးသောင်းခန့်က မျိုးတုံးပျောက်ကွယ်ခဲ့သည့် နီယမ်ဒါတယ် (Neandertal )နှင့် ဒန်နစ်ဆိုဗန် (Denisovan) လူမျိုးနွယ်တို့မှာလည်း အလားတူ ကူးစက်ရောဂါများနှင့် ရင်ဆိုင်ခဲ့ရဖူးမည်ဖြစ်သည်။ ယင်းတို့သည် ကမ္ဘာ့ပတ်ဝန်းကျင်အခြေအနေကြီး ယိုင်နဲ့လာမှုနှင့်အတူ ပြန်လည်နိုးထလာနိုင်သည်ဟု ပညာရှင်တို့ ယူဆကြပါသည်။ *စာမျက်နှာ ၇ သို့*

✳ *ကျောဖုံးမှ*

ရောဂါနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နှောင်းပိုင်းကာလတွင် ကျင်းပပေးရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအရ ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲ ကျင်းပမည့်ရက်နှင့်စပ်လျဉ်း၍ ၂၀၁၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကို ရွေးကောက်ပွဲ မကျင်းပမီ (၂)လနှင့် (၂၄)ရက်အလိုတွင် ကြိုတင်ကြေညာပေးခဲ့ပြီး ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ ကျင်းပမည့်ရက်ကိုလည်း (၄)လ ကြိုတင်ကြေညာပေးခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကျင်းပမည့် ရက်ကို လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်နိုင်မှုအပေါ်မူတည်ပြီး သတ်မှတ်ကြေညာသွားမည် ဖြစ်ပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ ဥပဒေများနှင့်အညီ မဲဆန္ဒနယ်များ လျာထားသတ်မှတ်နိုင်ရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရရှိသည့် လူဦးရေစာရင်းများကို ကော်မရှင်ကပေးပို့ထား၍ ကြိုတင်ပြင်ဆင်ထားရန် မှာကြားထားပြီးဖြစ်ပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများက တင်ပြသည့် လျာထားမဲဆန္ဒနယ်များကို ကော်မရှင်ကစိစစ်ပြီး သက်ဆိုင်ရာ လွှတ်တော်အလိုက် မဲဆန္ဒနယ်များ အတည်ပြုပေးမည် ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များ သတ်မှတ်နိုင်ရန် အတွက်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းဖြစ်စေရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရရှိပြီးဖြစ်သည့် အခြေခံမဲဆန္ဒရှင်စာရင်းများကို လစဉ် စိစစ်ပြင်ဆင်ရာတွင် မဲစာရင်းများထပ်နေခြင်း၊ မှားယွင်းခြင်းများ မရှိစေရေး စနစ်တကျ စိစစ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်စဉ်ကြောင့် ပြည်ပနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများမှ မြန်မာနိုင်ငံသားများနှင့် ရွှေ့ပြောင်းအလုပ်သမားများသည် ၎င်းတို့၏ နေရာဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်လျက်ရှိပြီး ၎င်းမဲဆန္ဒရှင်များကို အခြေခံမဲဆန္ဒရှင်စာရင်းတွင် စိစစ်ထည့်သွင်းသွားရန် လိုအပ်ပါကြောင်း၊ တပ်မတော်သားများနှင့် အတူနေ အိမ်ထောင်စုဝင်များ၏ အခြေခံမဲဆန္ဒရှင်စာရင်းရရှိရေးအတွက်ကိုလည်း ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းများ ရရှိထားမှသာ မဲရုံအရေအတွက် လျာထားသတ်မှတ်ရာတွင် မှန်ကန်မှုရှိမည် ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အဆင်ပြေစွာဆောင်ရွက်နိုင်ရန် ကော်မရှင်အဖွဲ့ခွဲရုံးများအတွက် ရုံးသုံး စက်ကိရိယာပစ္စည်းများကိုလည်း ဖြည့်ဆည်းပေးလျက်ရှိရာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲရုံသုံးပစ္စည်းများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများသို့ အချိန်မီရောက်ရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကာလမှစ၍ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ရှိနေမည်ဖြစ်သည့်အတွက် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ချမှတ်ထားသည့် စံ (၅)ချက်နှင့်အညီ ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းရရှိရေးနှင့် မဲပေးခွင့်ရှိသည့် နိုင်ငံသားအားလုံး မဲပေးပိုင်ခွင့်ရရှိအောင် မဲစာရင်းတွင် ပါဝင်စေရေး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ လွှတ်တော်အလိုက် မဲဆန္ဒနယ်များ၊ မဲရုံများလျာထားသတ်မှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းအစည်းအဝေးကို ဇွန် ၄ ရက်အထိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်သူလယ်သမားများသို့ အကြံပြုနှိုးဆော်ချက်

မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ခန့်မှန်းချက်များအရ ယခုနှစ်တွင် မုတ်သုံလေဝင်ရောက်မှု နောက်ကျပြီး မိုးရွာသွန်းမှု လျော့နည်းနိုင်သည့်အတွက် စိုက်ပျိုးရေရရှိမှုနည်းပါးနိုင်ကြောင်း သိရှိရပါသည်။ သို့ပါ၍ ရာသီဥတုပြောင်းလဲမှုအခြေအနေများပေါ်မူတည်၍ တုံ့ပြန်ဆောင်ရွက်နိုင်မည့် အောက်ပါနည်းလမ်းများကို ဆောင်ရွက်ကြရန် အသိပေးထုတ်ပြန်အပ်ပါသည်။

၁။ ရေလိုအပ်ချက်နည်း၍ ဒေသနှင့်ကိုက်ညီသည့် ဈေးကွက်ဝင် သက်တမ်းတို စပါးမျိုးများနှင့် ရေငတ်ဒဏ်ခံစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးကြရန်ဖြစ်ပါသည်။

၂။ အောက်ပါရေလိုအပ်ချက်လျော့နည်းသည့် စိုက်ပျိုးရေးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးကြရန် ဖြစ်ပါသည်။

(က) ပျိုးသက်နုကောက်ကွက်ကြဲ(SRI)စနစ်၊

(ခ) တိုက်ရိုက်အစေ့ချ စိုက်ပျိုးနည်းစနစ်(အခြောက်/အစို)၊

(ဂ) Drum Seeder ဖြင့် စိုက်ပျိုးခြင်းစနစ်၊

(ဃ) ကြဲခင်းစနစ်၊

၃။ လုပ်သားအင်အားရရှိနိုင်မှုပေါ်မူတည်၍ -

(က) လုပ်သားအင်အားရရှိနိုင်ပါက ပျိုးသက်နုကောက်ကွက်ကြဲ (SRI)စနစ်ကို အသုံးပြုရန်၊

(ခ) လုပ်သားအင်အား အကန့်အသတ်ရှိပါက တိုက်ရိုက်အစေ့ချ စိုက်ပျိုးနည်းစနစ် (အခြောက်/အစို)၊ Drum Seeder ဖြင့် စိုက်ပျိုးခြင်းစနစ်နှင့် ကြဲခင်းစနစ်များကို အသုံးပြုစိုက်ပျိုးရန်။

၄။ လယ်ယာလုပ်ငန်းခွင်နှင့်ပတ်သက်၍ အခက်အခဲများကြုံတွေ့ပါက နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာနရုံးများ၊ စက်မှုလယ်ယာဦးစီးဌာနရုံးများနှင့် ရုံးချုပ်(ဖုန်း-၀၆၇-၃၄၁၀၅၂၆)သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# အသေးစားဓာတ်အားစနစ် ဖွံ့ဖြိုးရေးကို အဓိကထားသည့် Smart Power Myanmar စီမံကိန်းဆောင်ရွက်မည်

**နေပြည်တော် ဇွန် ၂**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Pact Myanmar အဖွဲ့တို့ ပူးပေါင်း၍ ကျေးလက်ဒေသများ အသေးစားဓာတ်အားစနစ် ဖွံ့ဖြိုးရေးကို အဓိကထားသည့် Smart Power Myanmar စီမံကိန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါစီမံကိန်း ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Pact Myanmar အဖွဲ့တို့သည် ၂၀၂၀ ပြည့်နှစ် မေ ၂၁ ရက်က နားလည်မှုစာချွန်လွှာ(MoU)ကို သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး စီမံကိန်းကို Pact Myanmar အဖွဲ့ ထောက်ပံ့ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၉၇၅၀၀၀ ခန့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီစီမံကိန်းက MoU ရေးထိုးတဲ့နေ့ကစပြီး သုံးနှစ်တာကာလ သက်တမ်းရှိတဲ့ စီမံကိန်းဖြစ်ပါတယ်။ စီမံကိန်းဟာ အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်း (National Electrification Project-NEP) ရဲ့ အသေးစားဓာတ်အားစနစ်နဲ့ ဆောင်ရွက်မယ့် ကျေးရွာတွေအတွက် ပါဝင်ဆောင်ရွက်သွားမယ့် စီမံကိန်းတစ်ခုဖြစ်ပါတယ်" ဟု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းက ပြောသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အသေးစားဓာတ်အားလိုင်း ချိတ်ဆက်ထားသော ကျေးရွာများတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ချိတ်ဆက်အသုံးပြုမှု မြင့်တက်လာစေရန်၊ ငွေကြေးစီမံခန့်ခွဲမှုနှင့် ဒေသတွင်း စီးပွားရေးဆိုင်ရာ ဗဟုသုတမြင့်တက်လာစေမည့် သင်တန်းများရရှိစေရန်၊ လျှပ်စစ်မီးကို လက်လှမ်းမီနိုင်ပြီး ကုန်ထုတ်လုပ်မှုနှင့် လူနေမှုအဆင့်အတန်း မြင့်တက်လာစေရန်၊ ကျေးလက်အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများသည် လျှပ်စစ်မီးရရှိရာမှတစ်ဆင့် ကုန်ထုတ်စွမ်းအား မြင့်တက်လာစေရန်၊ ဖြစ်နိုင်ခြေရှိသော အသေးစားလုပ်ငန်းများကို ဖော်ဆောင်ပြီး စီးပွားရေးသုံး လျှပ်စစ်မီးသုံးစွဲသည့်ကဏ္ဍ မြှင့်တင်ပေးရန်တို့ကိုလည်း Smart Power Myanmar စီမံကိန်းမှ တစ်ဆင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် Smart Power Myanmar စီမံကိန်းတွင် လျှပ်စစ်စွမ်းအင်သုံးစွဲမှု လိုအင်ရှိနေသည့်နေရာများကို ချိတ်ဆက်ပေးခြင်း၊ လျှပ်စစ်မီးသုံးစွဲလိုသည့် ကျေးလက်နေပြည်သူများအား ငွေကြေးအကူအညီပေးခြင်း၊ သုတေသနပြုခြင်းနှင့် အသိပညာမျှဝေခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် မူဝါဒရေးရာ အကြံဉာဏ်များပေးခြင်းတို့လည်း ပါဝင်မည်ဖြစ်သည်။

"ကျေးလက်နေ ပြည်သူတွေအနေနဲ့ အသေးစားစက်မှုလုပ်ငန်းလေးတွေ လုပ်ချင်တယ်။ အိမ်သုံးလျှပ်စစ်ပစ္စည်း ဝယ်ချင်တယ်။ လျှပ်စစ်စွမ်းအင်အသုံးပြုရမယ့် လုပ်ငန်းသုံးပစ္စည်း ဝယ်ချင်တယ်။ ဒါပေမယ့် ငွေကြေးမလုံလောက်တဲ့ ကျေးလက်ပြည်သူတွေအတွက် ချေးငွေထုတ်ချေးပေးတာ၊ အသေးစားချေးငွေဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပေးတာတွေ ပါဝင်မယ့် စီမံကိန်းအစီအစဉ်တစ်ခုဖြစ်ပါတယ်။ အသေးစားဓာတ်အားစနစ် စီမံကိန်းကျေးရွာတွေမှာ လိုအပ်ချက်အပေါ်မူတည်ပြီး ဦးစားပေးရေးယာ ရွေးချယ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြောသည်။

**မင်းမင်းဇော်၊ ဟန်နီဝင်း(သတင်းစဉ်)**

# ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင်အတွင်းရှိ ဂရန်အင်း(၉)လုံးနှင့် တင်ဒါ(၉)ချက်တို့ကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်

**မိုးမိတ် ဇွန် ၂**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုခွင့်ပြုချက်ဖြင့် ငါးလုပ်ငန်းရာသီအတွက် ဂရန်အင်းများမှ ဒေသတွင်း ငါးရိက္ခာဖူလုံမှုရှိစေရန်၊ တိုင်းရင်းငါးမျိုးစိတ်များ ထိန်းသိမ်းရန်၊ ငါးထုတ်လုပ်မှုအထွက်နှုန်းတိုးတက်စေရန်၊ နိုင်ငံတော်ပိုင်အင်းချောင်း နယ်နိမိတ်များ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် တိမ်ကောပပျောက်ခြင်းများမရှိစေရန်၊ ဌာနမှ တားမြစ်ပိတ်ပင်ထားသည့် တရားမဝင်ငါးဖမ်းဆီးခြင်းများ မဖြစ်ပေါ်စေရန်တို့ကို ရည်ရွယ်၍ မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်အတွင်း ဂရန်အင်း ကိုးလုံးနှင့် တင်ဒါ ကိုးချက်တို့ကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းရှိ ရေလုပ်ငန်းလုပ်ကိုင်သူများအား ဈေးပြိုင်စနစ်ဖြင့် ပထမအကြိမ် အိတ်ဖွင့်လေလံတင်ရောင်းချပေးခြင်းကို ဇွန် ၁၈ ရက်တွင် အင်း/တင်ဒါလေလံစည်းကမ်းချက်များနှင့်အညီ မဘိမ်းမြို့ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပမည်ဖြစ်ကြောင်း လားရှိုးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်ရှိ တင်ဒါချက်နှင့် ဂရန်အင်းများမှာ စုစုပေါင်းတင်ဒါ ကိုးချက်နှင့် အင်း ကိုးလုံး ရောင်းချပေးမည်ဖြစ်ကြောင်း နှင့် ယမန်နှစ်က အင်း/တင်ဒါစုစုပေါင်းရောင်းရငွေ ကျပ်သိန်း ၁၂၂၅၇၆၀၀ ရရှိခဲ့ပြီး ယခုနှစ် ၁၀ ရာခိုင်နှုန်းတိုးမြှင့်၍ ကြမ်းခင်းသတ်မှတ်ဈေး ပြည့်မီကျော်လွန်အောင် ရောင်းချမည်ဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးဌာနမှူး ဦးစောလင်းက ပြောသည်။

**ဟန်ဌေး(ပြန်/ဆက်)**

# စာရေးဆရာအသင်းဝင်များအား ကူညီထောက်ပံ့

**ရန်ကုန် ဇွန် ၂**

ကိုဗစ်-၁၉ ရောဂါကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စာရေးဆရာအသင်းဝင်များအား ကူညီသည့်အနေဖြင့် နာမကျန်းဖြစ်ကာ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသော ဆရာမင်းဇော်မွန်၊ သက်ကြီးကန်တော့ခံ စာပေပညာရှင် နှစ်ဦးဖြစ်သည့် နဂါးဗိုလ်မောင်မောင်သက်နှင့် ဦးမြဟန်တို့အပြင် စာရေးဆရာအသင်းဝင် ခုနစ်ဦးတို့အား ဇွန် ၁ ရက်က စုပေါင်းကူညီ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထိုသို့ ကူညီထောက်ပံ့ငွေများ ပေးနိုင်ရန်အတွက် ဦးရဲဝေ(မြန်မာစာ)က ငွေကျပ်တစ်သိန်း မတည်ကာ အမျိုးသားစာပေဆုရ စာရေးဆရာ ဒေါက်တာမောင်ဖြေ(ဒေဝယက္ခဆေးတိုက်)က ငွေကျပ် ၅၀၀၀၀၊ စာရေးဆရာအသင်း ဒု-ဥက္ကဋ္ဌ မင်းဆက်ပိုင်က ငွေကျပ် ၃၀၀၀၀၊ စာရေးဆရာကြယ်နီလေး(ဥပဒေ)က ငွေကျပ် ၃၀၀၀၀၊ စာရေးဆရာမောင်နွဲ့နှောင်းက ငွေကျပ် ၂၀၀၀၀ ကူညီထောက်ပံ့ခဲ့ကြောင်း သိရသည်။

**မောင်ဖြေ**



*စာမျက်နှာ ၆ မှ*

စကြဝဠာအတွင်းရှိနေသော ဒြပ်ဝတ္ထုများစွာတွင် လူသားတို့ မသိနိုင်သေးသည့် ဒြပ်ဝတ္ထုတို့ကို နက္ခတ္တဗေဒတွင် Dark Matter ဟု ခေါ်သလို လူသားတို့ မတွေ့နိုင်၊ မသိနိုင်သေးသည့် ရောဂါပိုးများစွာကို Microbial Dark Matter ဟု ခေါ်ပါသည်။ လူသားတို့က အဏုဇီဝရောဂါပိုးတို့၏ ၁ ရာခိုင်နှုန်းခန့်ကိုသာ လေ့လာနိုင်သေးသည်။ မသိသေးသော ပိုးပေါင်းများစွာ ရှိနေသေးသည်။ သဘာဝကြီးကို ထိန်းသိမ်းဖို့လိုသည်။ တကယ်တော့ လူသားတို့သည်သာ သဘာဝတရားကို ဖန်တီးနိုင်ကြသည်ဟု ဝါရှင်တန်ပြည်နယ် အမျိုးသားဓာတ်ခွဲခန်းမှ ပညာရှင် Janet Jason က ဆိုပါသည်။

၁၉၉၇ နှင့် ၁၉၉၉ ခုနှစ်များက အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် တောမီးလောင်မှုနှင့် သစ်တောများခုတ်ထွင်မှုများကြောင့် တောတွင်းခိုအောင်းနေ Fruit bats အသီးစားလင်းနို့များ မြို့ရွာများအနီးရောက်ရှိကာ ယင်းတို့မှ ကြားခံတိရစ္ဆာန်အချို့မှတစ်ဆင့် ဒေသခံလူများအတွင်း နီပါးဗိုင်းရပ်စ် ကူးစက်ခဲ့သည်။ မလေးရှားနိုင်ငံတွင် လူပေါင်း ၂၆၅ ဦးဖြစ်ပွားခဲ့ပြီး ၁၀၅ ဦး သေဆုံးခဲ့သည်။ လွန်ခဲ့သောဆယ်စုနှစ် နှစ်ခုအတွင်း သစ်တောများပြုန်းတီးမှုကြောင့် နီပါးနှင့် လက်ဆာဗိုင်းရပ်စ်များအပြင် ငှက်ဖျားနှင့် Lyme disease တို့ပါ ပိုမိုဖြစ်ပွားခဲ့သည်။ ဘရာဇီးနိုင်ငံတွင် အမေဇုန်တောကြီးရှိ သစ်ခုတ်လှဲမှုများစွာကြောင့် ငှက်ဖျားရောဂါဖြစ်ပွားမှုများလာသည်။ ၁၉၄၀ ပြည့်နှစ်များက နှစ်စဉ်လူပေါင်းခြောက်သန်းခန့်ဖြစ်ပွားခဲ့ပြီး ၁၉၆၀ ပြည့်နှစ်များက လူပေါင်း ငါးသောင်းခန့်သာ ဖြစ်ပွားခဲ့တော့သည်။ ယခုအချိန်တွင်မူ နှစ်စဉ်လူပေါင်း ခြောက်သိန်းခန့်ဖြစ်ပွားလာသည်ကို တွေ့ရသည်။

ဘရာဇီးနိုင်ငံတွင် ၂၀၁၉ ခုနှစ်အတွင်း နယူးယောက်မြို့တော်ကြီး၏ အကျယ်ထက် ၁၂ ဆများသော အကျယ်အဝန်းရှိ သစ်တောများကို ခုတ်လှဲပြီးဖြစ်ကြောင်း ခန့်မှန်းကြသည်။

ထိုဒေသတွင် Anopheles darling ခြင်မျိုးတို့သည် သစ်တောများအတွင်းမှ ထွက်ကာ မြို့ရွာများအနီးတွင် ခိုအောင်းလာကြပြီး ငှက်ဖျားရောဂါဖြစ်ပွားစေသည်ကို တွေ့ရသည်။ ၂၀၀၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များအတွင်း လေ့လာမှုများအရ သစ်တော ၁၀ ရာခိုင်နှုန်းဆုံးရှုံးလျှင် ငှက်ဖျားရောဂါဖြစ်ပွားမှု ၃ ရာခိုင်နှုန်း တိုးလာစေသည်ဟု သိရသည်။ ဥပမာတစ်ခုအနေဖြင့် သစ်တော ၆၁၈ စတုရန်းမိုင် (၁၆၀၀ စတုရန်းကီလိုမီတာ) (ယင်းသည် ဘောလုံးကွင်းပေါင်း ၃၀၀၀၀၀ နှင့် ညီသည်) ပြုန်းတီးလျှင် ငှက်ဖျားဖြစ်သူ ၁၀၀၀၀ တိုးလာစေသည်ဟု သိရသည်။ ၂၀၁၅ ခုနှစ် Ecohealth Alliance(Newyork-Based) အဖွဲ့၏ လေ့လာချက်အရ ကူးစက်ရောဂါအသစ်၊ အဟောင်းများမှ ကူးစက်ပျံ့နှံ့မှုများ သုံးခုတွင် တစ်ခုသည် သစ်တောများပြုန်းတီးမှုနှင့် သက်ဆိုင်နေကြောင်းတွေ့ရသည်။ သစ်တောများ ခုတ်ထွင်မှုကြောင့် ကြွက်များအပါအဝင် သွားဖြင့် ကိုက်ဖြတ်တတ်သော တိရစ္ဆာန်များပျံ့နှံ့လာကာ အီဘိုလာပိုး ကူးစက်စေကြောင်း အာဖရိကတိုက် လိုက်ဘေးရီးယားနိုင်ငံတွင် တွေ့ရပြီး ရောဂါဖြစ်ပွားသူ ၃၆ ရာခိုင်နှုန်းခန့် သေဆုံးခဲ့ရပါသည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကြီး ထိခိုက်ပျက်စီးနေမှုများကို လူသားတိုင်း သတိပြုထိန်းသိမ်းသင့်ကြပါကြောင်း ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဖော်ပြအပ်ပါသည်။ ။

# နွေရာသီ သောက်သုံးရေ ရှားပါးပြတ်လပ်မှုအတွက် အကူအညီ အလွယ်တကူတောင်းခံနိုင်

**နေပြည်တော် ဇွန် ၂**

၂၀၂၀ ပြည့်နှစ် နွေရာသီကာလအတွင်း ကျေးရွာများ၌ နွေရာသီသောက်သုံးရေ ရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးနှင့်စပ်လျဉ်း၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာများတွင် သောက်သုံးရေလုံလောက်မှု ရှိ/မရှိနှင့် ရေပြတ်လပ်မှုဖြစ်နိုင်ခြေများအား ကွင်းဆင်း၍ ကြိုတင်စာရင်းကောက်ယူခြင်း၊ ကျေးရွာများနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် အမည်နှင့် ဖုန်းနံပါတ်များအား စုစည်းပြုစုထားခြင်း၊ Water Donation Myanmar App အသုံးပြု၍ သောက်သုံးရေ အခက်အခဲများကို ဖြည့်ဆည်းကူညီဆောင်ရွက်ပေးခြင်းတို့အား သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ဇွန် ၂ ရက်အထိ ရေပြတ်လပ်မှု မဖြစ်ပေါ်စေရေး ဆောင်ရွက်မှုများအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ၁၃ ခုရှိ မြို့နယ်ပေါင်း ၇၇ ခု၊ ကျေးရွာပေါင်း ၃၂၁ ရွာသို့ ရေဂါလန် ၃၂၂၄၈၀ ဖြန့်ဝေထောက်ပံ့ပေးနိုင်ခဲ့ပြီး ကျေးရွာများသို့ ရေဖြန့်ဝေပေးမှုအခြေအနေအား ပူးတွဲပါဇယားအတိုင်းဖြစ်သည်။

ရေရှားပါးပြတ်လပ်သောကျေးရွာများမှ သောက်သုံးရေ ဖြည့်ဆည်းပေးနိုင်ရေး အကူအညီတောင်းခံနိုင်ရန်နှင့် ရေလှူဒါန်းလိုသော စေတနာရှင်၊ အလှူရှင်များမှ ရေလှူဒါန်းမှုများ ပြုလုပ်ပေးနိုင်ရန်တို့အတွက် Water Donation Myanmar App ကို အလွယ်တကူအသုံးပြု ဆောင်ရွက်နိုင်ပါကြောင်းနှင့် ရေရှားပါးပြတ်လပ်မှုနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးမှု နောက်ဆုံးအခြေအနေများအား water-donation.com တွင် ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**၂၀၂၀ ပြည့်နှစ် တိုင်းဒေသကြီး/ပြည်နယ်များတွင် နွေရာသီရေရှားပါးဖြန့်ဝေပြီးစီးမှုအခြေအနေ**

(၂.၆.၂၀၂၀)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ရေဖြန့်ဝေခဲ့သည့် (မြို့နယ်) | ရေဖြန့်ဝေခဲ့သည့် (ကျေးရွာအုပ်စု) | ရေဖြန့်ဝေခဲ့သည့် (ကျေးရွာ) | အိမ်ခြေ | လူဦးရေ | ဖြန့်ဝေသည့် ရေဂါလန် |
|---|---|---|---|---|---|---|---|
| ၁ | ကယားပြည်နယ် | ၄ | ၁၂ | ၄၃ | ၆၅၇၀ | ၃၁၄၂၄ | ၁၉၀၁၅၅ |
| ၂ | ကရင်ပြည်နယ် | ၂ | ၁၆ | ၂၅ | ၈၀၂၉ | ၄၀၃၁၃ | ၂၂၄၄၀၀ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး | ၇ | ၁၄ | ၁၆ | ၂၀၂၉၅ | ၈၇၆၈၀ | ၂၃၈၆၃၂ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး | ၁ | ၁ | ၁ | ၁၂၉ | ၉၄၀ | ၄၈၉ |
| ၅ | ပဲခူးတိုင်းဒေသကြီး | ၆ | ၁၉ | ၂၁ | ၁၆၉၀၂ | ၆၅၈၃၁ | ၃၄၂၁၀၀ |
| ၆ | မကွေးတိုင်းဒေသကြီး | ၁၀ | ၃၆ | ၄၆ | ၃၄၁၀၀ | ၁၅၅၁၇၈ | ၉၄၀၇၁၈ |
| ၇ | မန္တလေးတိုင်းဒေသကြီး | ၆ | ၁၃ | ၁၂ | ၃၇၃၇ | ၁၇၃၉၅ | ၁၀၆၄၅၀ |
| ၈ | မွန်ပြည်နယ် | ၅ | ၁၃ | ၂၀ | ၇၈၀၄၉ | ၄၁၀၁၂၂ | ၆၀၇၁၂၀ |
| ၉ | ရခိုင်ပြည်နယ် | ၆ | ၁၇ | ၂၁ | ၂၉၀၀ | ၁၁၈၃၅ | ၃၆၃၅၀ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး | ၃ | ၇ | ၇ | ၁၇၂၀ | ၇၇၃၆ | ၁၉၆၀၀ |
| ၁၁ | ရှမ်းပြည်နယ် | ၁၁ | ၃၀ | ၅၁ | ၁၀၈၆၂ | ၅၂၀၄၂ | ၃၁၃၉၇၅ |
| ၁၂ | ဧရာဝတီတိုင်းဒေသကြီး | ၁၁ | ၂၅ | ၃၉ | ၁၂၀၄၉ | ၅၄၈၀၈ | ၁၁၁၆၃၂ |
| ၁၃ | နေပြည်တော် | ၅ | ၁၃ | ၁၉ | ၁၁၆၄၆ | ၅၂၄၆၁ | ၉၀၈၅၉ |
| | စုစုပေါင်း | ၇၇ | ၂၁၆ | ၃၂၁ | ၂၀၆၉၈၈ | ၉၈၇၇၆၅ | ၃၂၂၂၄၈၀ |

# ကမ္ဘောဇဘဏ်မှ ဝယ်ယူလှူဒါန်းသည့် ဂေါ်ဖီထုပ်များ နိုင်ငံတစ်ဝန်းရှိ အခြေခံပြည်သူများထံသို့ နေ့စဉ်ဖြန့်ဝေ

**တောင်ကြီး ဇွန် ၂**

ရှမ်းပြည်နယ်အတွင်းရှိ တောင်ရိုး၊ ကယန်း၊ ပအိုဝ်းနှင့် ဓနု တိုင်းရင်းသားများ စိုက်ပျိုးထားသော ဝယ်ယူသူမရှိ၍ ဖျက်ဆီးရတော့မည့် ဂေါ်ဖီထုပ် ၅၆၀၀၀၀ ကျော်ကို ကမ္ဘောဇဘဏ်မှ ဝယ်ယူကာ နိုင်ငံတစ်ဝန်းသို့ စနစ်တကျ ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။

"ဒီရက်ပိုင်း မိုးရွာတယ်။ မိုးရေထိရင် ဂေါ်ဖီတွေက ပျက်တာပဲ။ ဒီနေ့ မခူးနိုင်ရင် စိုက်ခင်းက ပျက်ပြီ။ ကိုယ်စိုက်ပျိုးခဲ့တဲ့စိုက်ခင်း ပျက်စီးတာကို မမြင်ရက်ဘူး။ စိုက်ခင်းကြည့်ပြီး စိတ်ထိခိုက်နေတုန်း အခုလို ကိုယ်တိုင်လာဝယ်တော့ အလွန်ကျေးဇူးတင်ပါတယ်" ဟု ဓနုလူမျိုး ဂေါ်ဖီထုပ်စိုက်ပျိုးသူ တောင်သူတစ်ဦးက ပြောသည်။



**နေ့စဉ်လှူဒါန်း**

ဇွန် ၂ ရက်အထိ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ စစ်ကိုင်း၊ ပခုက္ကူ၊ မြင်းခြံ၊ ရမည်းသင်း၊ မော်လမြိုင်၊ အေးသာယာ၊ ပုသိမ်၊ ဘားအံ၊ တောင်ငူ၊ သထုံ၊ စစ်တွေ၊ ညောင်ဦး၊ မိုးဖြဲနှင့် ဖယ်ခုံ စသည့် မြို့နယ်များသို့ ကုန်တင်ယာဉ်ကြီး အစီး ၁၀၀ ကျော်ဖြင့် ဂေါ်ဖီထုပ်များကို အရောက်ပို့ဆောင်ပေးလျက်ရှိပြီး နယ်မြေခံလူမှုရေးအသင်းများ၊ ပရဟိတအဖွဲ့အစည်းများက ပြည်သူများလက်ဝယ်အရောက် နေ့စဉ် လှူဒါန်းလျက်ရှိသည်။

"ကျွန်မတို့ရပ်ကွက်က လက်လုပ်လက်စားတွေ အလုပ်တွေနားထားရပါတယ်။ ဝင်ငွေမရှိဘဲ ခက်ခဲနေတဲ့ အချိန်မှာ လိုအပ်တဲ့နေရာကို လှူဒါန်းပေးလို့ တကယ်ကို ဝမ်းမြောက်မိပါတယ်" ဟု ပခုက္ကူမြို့ အမှတ် (၆) ရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

"We Love Yangon မှာ မြို့နယ်ခွဲပေါင်း ၃၂ ခု ရှိပါတယ်။ သူတို့က ကိုယ့်မြို့နယ်နဲ့ ပတ်သက်ပြီး ဘယ်နေရာမှာ လိုအပ်တယ်ဆိုတာ ပိုသိပါတယ်။ အဲဒါကြောင့် မြို့နယ်ခွဲတွေကတစ်ဆင့် လိုအပ်နေတဲ့ ပြည်သူတွေ လက်ထဲအရောက် ပြန်လည်ဖြန့်ဝေပါတယ်။ အခုအလှူဟာ အခက်အခဲရှိတဲ့ တောင်သူတွေနဲ့ အခြေခံပြည်သူတွေကို မေတ္တာတရားနဲ့ ကူညီတာဖြစ်လို့ ပါဝင်ကူညီရတာ ပီတိဖြစ်မိပါတယ်" ဟု We Love Yangon မှ အတွင်းရေးမှူး နန့်စုရွှေစင်က ပြောသည်။

**ဖြန့်ဝေ**

ထို့အပြင် ကမ္ဘောဇဘဏ်သည် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးရှိ အခြေခံပြည်သူများအတွက် ငွေကျပ်သိန်း ၆၀၀၀ ကျော် တန်ဖိုးရှိ ဆန်အိတ်များ ဖြန့်ဝေလှူဒါန်းခြင်း၊ ရှမ်းပြည်နယ်အစိုးရနှင့် ပူးပေါင်း၍ ငွေကျပ် သိန်း ၂၀၀၀ မတည်ကာ ရိက္ခာထုပ်ပေါင်း ၁၀၀၀၀၀ ကို နိုင်ငံတွင်း အရေးပေါ်လိုအပ်သော နေရာများကို ဖြန့်ဝေလှူဒါန်းခြင်း၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်း ဝင်နေသော စောင့်ကြည့်လူနာများအနက်မှ အခက်အခဲရှိသူများ၏ နေ့စဉ်စားစရိတ်အတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရများအား ငွေကျပ်သိန်း ၃၀၀ စီဖြင့် စုစုပေါင်း ကျပ်သိန်း ၉၀၀ ကို လှူဒါန်းလျက်ရှိသည်။

ကမ္ဘောဇဘဏ်သည် KBZ MS General Insurance၊ KBZ Life၊ Myanmar Airways International (MAI) နှင့် Air KBZ တို့နှင့်လက်တွဲ၍ ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ ယခုအချိန်အထိ ကျပ်သိန်းပေါင်း ၃၇၄၈၈ သိန်း လှူဒါန်းထားကြောင်း သိရသည်။

**ကိုကျော်**

# အိုလံပစ်ဝင်ခွင့်အတွက်ကျင်းပမည့် ပြိုင်ပွဲ ၂၄ ခုမှ ယှဉ်ပြိုင်မည့်ပွဲများကို သက်ထားသူဇာ ပြန်လည်ရွေးချယ်မည်

**ရန်ကုန် ဇွန် ၂**

မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် တိုကျိုအိုလံပစ်ပြိုင်ပွဲဝင်ခွင့်အတွက် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကျင်းပမည့်ပြိုင်ပွဲများအနက် ဝင်ရောက်ယှဉ်ပြိုင်မည့်ပြိုင်ပွဲကို ပြန်လည်ရွေးချယ်သွားမည်ဖြစ်သည်။

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် ကိုဗစ်-၁၉ အခြေအနေကြောင့် အိုလံပစ်ဝင်ခွင့်အတွက် သတ်မှတ်ချက်များကို ပြန်လည်သတ်မှတ်ခဲ့ပြီး ယခင်ရရှိထားသည့် ရမှတ်များကို ဆက်လက်တွက်ချက်မည်ဖြစ်သလို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၄ ရက်မှ မေ ၂ ရက်အထိ ကျင်းပမည့်ပြိုင်ပွဲများမှ ရလဒ်များကိုလည်း ထည့်သွင်းတွက်ချက်သွားမည်ဖြစ်သည်။ ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် ယင်းကာလအတွင်း ပြိုင်ပွဲ ၂၄ ခု ကျင်းပရန် စီစဉ်ထားပြီး သက်ထားသူဇာ ပုံမှန်ဝင်ရောက်ယှဉ်ပြိုင်နေသည့် Grade-2 နှင့် Grade-3 ပြိုင်ပွဲအများစု ပါဝင်လျက်ရှိသည်။ ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် Grade-2 ပြိုင်ပွဲများဖြစ်သော BWF Tour Super 100 ပြိုင်ပွဲ၊ BWF World Tour Super 300 ပြိုင်ပွဲ၊ BWF World Tour Super 500 ပြိုင်ပွဲ၊ BWF World Tour Super 750 ပြိုင်ပွဲ၊ Grade-3 ပြိုင်ပွဲများဖြစ်သော Future Series ပြိုင်ပွဲ၊ International Series ပြိုင်ပွဲနှင့် International Challenge ပြိုင်ပွဲတို့အပါအဝင် အခြားပြိုင်ပွဲများ ကျင်းပမည် ဖြစ်သည်။

ယခုနှစ် မတ်လက မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ ဝင်ရောက်ယှဉ်ပြိုင်ရန်စီစဉ်ထားသော ဥရောပနိုင်ငံများ၌ ကျင်းပမည့်ပြိုင်ပွဲများကိုလည်း ပြန်လည်ကျင်းပမည်ဖြစ်ပြီး သက်ထားသူဇာသည် ကျင်းပမည့်ရက်နှင့် နိုင်ငံများအပေါ်မူတည်၍ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

သက်ထားသူဇာသည် အိုလံပစ်ဝင်ခွင့်အတွက် ဆက်လက်ကြိုးပမ်းမည်ဖြစ်ပြီး အာရှနှင့် ဥရောပနိုင်ငံများ၌ ကျင်းပမည့်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ဖွယ်ရှိနေသည်။

**ညီမြတ်သော်တာ**

# MFF Knock-Out Cup ဖူဆယ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် MFF Knock-Out Cup ဖူဆယ်ပြိုင်ပွဲကို ဇူလိုင်လ သို့မဟုတ် ဩဂုတ်လတွင် ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း ပထမဆုံး ဖူဆယ်ပြိုင်ပွဲ ကျင်းပခြင်းဖြစ်ပြီး မေလတွင် ကျင်းပရန် စီစဉ်ထားသည့် MFF Open Cup ပြိုင်ပွဲမှာ ကိုဗစ်-၁၉ ကြောင့် ရွှေ့ဆိုင်းခဲ့ရ၍ ယခုပြိုင်ပွဲကို အစားထိုး ကျင်းပခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ရန်ကုန်နှင့် မန္တလေးမြို့တို့မှ ဖူဆယ်ကလပ်အသင်းများ ပါဝင်မည်ဖြစ်ပြီး အသင်း ၁၄ သင်း သို့မဟုတ် ၁၆ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ဝင်ကြေးကျပ်နှစ်သိန်း ပေးသွင်းရမည်ဖြစ်ပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရအသင်းများကို ဆုကြေးများ ချီးမြှင့်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ၂၀၁၉-၂၀၂၀ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် အသင်း ၁၂ သင်းအနက် ဖျက်သိမ်းသွားသည့် GV အသင်းမှလွဲ၍ ကျန် ၁၁ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉ ခုနှစ်က မန္တလေးမြို့၌ ကျင်းပသည့် MFF Open Cup ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်ရောက် လေးသင်းကို ယှဉ်ပြိုင်ခွင့်ပြုရန် စီစဉ်ထားကာ ချန်ပီယံဖြစ်ခဲ့သော GV အသင်းသည် အသင်းဖျက်သိမ်းသွားပြီဖြစ်သောကြောင့် ကျန်သုံးသင်းကိုသာ ယှဉ်ပြိုင်ခွင့်ပြုဖွယ်ရှိနေပြီး ပြိုင်ပွဲဝင်အသင်းများကို ပြန်လည်အတည်ပြုမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ရန်ကုန်မြို့၌သာ ကျင်းပမည်ဖြစ်ပြီး ကျန်းမာရေးဆိုင်ရာ စည်းကမ်းချက်များကို အသင်းများအားလုံး လိုက်နာကျင့်သုံးရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုပြိုင်ပွဲတွင် ဗိုလ်စွဲသည့်အသင်းမှာ ၂၀၂၁ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည် ဖြစ်သည်။

**ညီမြတ်သော်တာ**

*✪ ကျောဖုံးမှ*

အမ်းမရိတ်တွင် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လူးဝစ်သည် ပြီးခဲ့သည့် နွေရာသီတွင် တစ်ပတ် ပေါင် ၁၃၀၀၀၀ နှင့်အတူ ပေါင် ရှစ်သန်းဖြင့် ချယ်လ်ဆီးအသင်းမှ အာဆင်နယ်အသင်းထံသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်သည်။ အာဆင်နယ်အသင်းသည် အလယ်ခံစစ်နေရာတွင် အသစ်ခေါ်ယူထားသော ဝီလီယံ ဆာလီဘာအပြင် ဆိုကရေးတစ်၊ ဟိုဒင်၊ မူစတာဖီနှင့် ချမ်ဘာစ်တို့ များစွာရှိနေသော်လည်း လူးဝစ်ကို ဆက်လက်ထိန်းထားရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

Joorabchian က Sky သို့ လူးဝစ်နှင့်ပတ်သက်ပြီး ပြောကြားရာတွင် "သူ အာဆင်နယ်အသင်းမှာ ပျော်ပါတယ်။ ပြီးတော့ နည်းပြနဲ့ အားကစားဒါရိုက်တာတွေနဲ့လည်း ကောင်းမွန်တဲ့ ဆက်ဆံရေးရှိပါတယ်။ ကလပ်တစ်သင်းလုံးနဲ့ပါ အဆင်ပြေပါတယ်"ဟု ပြောကြားခဲ့သည်။ ထို့အပြင် အာဆင်နယ်အသင်းသည် လူးဝစ်ကို ခေါ်ယူခဲ့စဉ်က ဝယ်ယူခွင့် ထည့်သွင်းချုပ်ဆိုခဲ့သော်လည်း ယခုအခါတွင် သက်တမ်းကုန်ဆုံးခဲ့ကြောင်း သိရသည်။ ထိုကဲ့သို့ သက်တမ်းကုန်ဆုံးခဲ့ရခြင်းရမှာ ကိုဗစ်-၁၉ ကပ်ရောဂါက အဓိကနေရာတွင် ပါဝင်ကြောင်း သိရသည်။

နွေရာသီအပြောင်းအရွှေ့ကာလတွင် လေးနှစ်ကြာ ဖြတ်သန်းခဲ့ဖူးသော ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းထံသို့ ပြန်လည်ပြောင်းရွှေ့ရန် ပြင်ဆင်နေကြောင်း သတင်းများထွက်ပေါ်ထားသူ လူးဝစ်သည် ချယ်လ်ဆီးအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ပြိုင်ပွဲစုံ ၃၂ ပွဲ ကစားထားပြီး နှစ်ဂိုးသွင်းယူပေးထားနိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။

**အောင်ဇော်**

# ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ၁၈၄၅ သိန်းတန်ဖိုးရှိ အက်စီတုန်းအက်စစ်များနှင့် တော်လူအင်းအက်စစ်များ ဖမ်းဆီးရမိ



သိမ်းဆည်းရမိသည့် အက်စီတုန်းအက်စစ်များနှင့် တော်လူအင်းအက်စစ်များ တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့များသည် ဇွန် ၁ ရက် နံနက် ၃ နာရီက ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာ မန္တလေး-လားရှိုး ကားလမ်း မိုင်တိုင်အမှတ် (၃၂/၆) တွင် မသင်္ကာဖွယ်ရပ်တန့်ထားသည့် MAN ၂၂ ဘီးတွဲယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်မောင်းအား မတွေ့ရှိရဘဲ ယာဉ်ပေါ်မှ ငွေကျပ် ၁၈၄၅ သိန်းတန်ဖိုး အက်စီတုန်းအက်စစ် ၁၃၅၀၀ လီတာနှင့် တော်လူအင်းအက်စစ် ၁၄၄၀၀ လီတာတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယာဉ်မောင်းဖြစ်သူမှာ ကျောက်ဆည်မြို့နယ် ကုလားကျောင်းကျေးရွာအုပ်စု ရွာနန်းကျေးရွာနေ ပြုံးချို (ဖမ်းမမိ) ဖြစ်ကြောင်း သိရသည်။

အလားတူ မေ ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် သီပေါမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သီပေါမြို့နယ် တုံစင့်ကျေးရွာနေ ဆန်းကျော် (ခ) အုန်းကျော်၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မအေးမှုံအား တွေ့ရှိရပြီး ၎င်းတို့နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၇၀ နှင့် ငွေကျပ် ၄၄၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်း ဆိုင်ကယ်ခိုးမှုကျူးလွန်သူ သုံးဦးကို ဖမ်းဆီးရမိ



**ရန်ကုန် ဇွန် ၂**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်း ဆိုင်ကယ်များ ခိုးယူမှုကျူးလွန်သူ သုံးဦးကို မေ ၂၇ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အင်းစိန်မြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက် သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် ဆိုင်ကယ်ခိုးမှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ နောင်ထွန်း (ခ) အိတုံနှင့် ဝဏ္ဏထွန်း (ခ) ဝဏ္ဏ တို့နှစ်ဦးအား တွေ့ရှိစစ်ဆေးရာ ၎င်းတို့နှစ်ဦးသည် ဧပြီလအတွင်း အင်းစိန်မြို့နယ် တညင်းကုန်းဈေး ငါးခြောက်တန်းရှေ့၌ရပ်ထားသော ဟွန်ဒါ ဆိုင်ကယ် တစ်စီးအား ခိုးယူခဲ့ကြောင်းနှင့် အဆိုပါဆိုင်ကယ်အား လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် (၃)ရပ်ကွက် မင်းရဲကျော်စွာလမ်း ပန်ထွာအဆောင်နေ အောင်ကို(ခ) အောင်လေးထံတွင် ရောင်းချခဲ့ကြောင်း၊ ထို့အပြင် ဇန်နဝါရီလမှ မေလအထိ အင်းစိန်မြို့နယ် အတွင်း လှည့်လည်သွားလာ၍ ဆိုင်ကယ်အမျိုးမျိုး ၁၈ စီးကို ခိုးယူခဲ့ပြီး ခိုးယူရရှိသည့် ဆိုင်ကယ်များကို အောင်ကို(ခ)အောင်လေးက လက်ခံဝယ်ယူ ရောင်းချပေးခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သဖြင့် ခိုးရာပါဆိုင်ကယ်များကို တစ်ဆင့်ရောင်းချပေးသူ အောင်ကို(ခ)အောင်လေးအား ၎င်း၏နေအိမ်တွင် တွေ့ရှိဖမ်းဆီးခဲ့ကြောင်း သိရသည်။

၎င်းတို့ ခိုးယူရောင်းချခဲ့သော ဆိုင်ကယ် ၁၈ စီးကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ဆိုင်ကယ်ခိုးမှုကျူးလွန်သူ အိတုံ၊ ဝဏ္ဏထွန်း(ခ) ဝဏ္ဏတို့ နှစ်ဦးနှင့် ခိုးရာပါဆိုင်ကယ်များကို ရောင်းချပေးသူ အောင်ကို (ခ)အောင်လေးတို့ကို ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ ရဲပြန်ကြား

# ဖားကန့်မြို့နယ်တွင် လူသတ်မှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဖားကန့်မြို့မရဲစခန်းမှ လူသတ်မှုကျူးလွန်သူ ရာဇာထွန်းအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဝေခါကျေးရွာရှိ “နေကြာရတနာ” ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီဝင်းအတွင်းသို့ မေ ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် ရေမဆေးကျောက်ရှာဖွေသူ နှစ်ဦးရောက်ရှိလာပြီး ရေမဆေးကျောက်ရှာဖွေရာ လုံခြုံရေးတာဝန်ကျ ကိုနေလင်းအောင်က ကုမ္ပဏီဝင်းအတွင်းသို့ ဝင်ရောက်၍ ကျောက်ရှာဖွေခြင်း မပြုလုပ်ရန် တားမြစ်ခဲ့သည်။ ယင်းသို့ တားမြစ်ခဲ့သည်ကို မကျေနပ်ဖြစ်ပြီး ရေမဆေးကျောက်ရှာဖွေသူ တစ်ဦးက အသင့်ပါလာသော ဓားဖြင့်ထိုး၍ ထွက်ပြေးသွားသဖြင့် ကိုနေလင်းအောင်တွင် ဒဏ်ရာရရှိကာ သေဆုံးသွား၍ ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်အရေးယူပေးရန် လုံခြုံရေးမှူး ဦးသန်းအောင်က ဖားကန့်မြို့မရဲစခန်းသို့ တိုင်တန်းသဖြင့် အမှုရေးဖွင့်အရေးယူခဲ့သည်။

ယင်းအမှုနှင့် ပတ်သက်၍ အခင်းဖြစ် ပတ်ဝန်းကျင်၌ စုံစမ်းခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ ရာဇာထွန်း မော်တောင်းကုန်းရပ်ကွက် ဆိပ်မူကျေးရွာအုပ်စု ဖားကန့်မြို့နယ် နေသူဖြစ်ကြောင်း၊ ၎င်းကို မေ ၂၈ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဖမ်းဆီးစစ်ဆေးခဲ့ရာ ၎င်းအနေဖြင့် ပြစ်မှုကျူးလွန်ခဲ့ကြောင်းနှင့် လူအများမြင်က မှတ်မိနိုင်၍ အခင်းဖြစ်ပြီးနောက် မေ ၂၈ ရက် နံနက် ၁၀ နာရီခွဲတွင် ကတုံးတုံးပစ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

# ပေါက်မြို့နယ် ကြက်ဆူအိုင့်ကျေးရွာအနီးရှိ ရေနံမှော် ဆီလှောင်ကန်မီးလောင်

**ပေါက် ဇွန် ၂**

ပခုက္ကူခရိုင် ပေါက်မြို့နယ် သရက္ကန်ကျေးရွာအုပ်စု ကြက်ဆူအိုင့်ကျေးရွာ အနောက်ဘက် နှစ်မိုင်ခန့်အကွာရှိ ရေနံမှော်တစ်ခုတွင် ဇွန် ၂ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားကြောင်း ပေါက်မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။



မီးလောင်မှုမှာ ဇွန် ၂ ရက် နံနက် ၅ နာရီခွဲခန့်က မြေပိုင်ရှင် ဦးငွေးစံ (၃၇ နှစ်) ပေါက်မြို့နယ် ကြက်ဆူအိုင့်ကျေးရွာနေသူ၏ မြေပေါ်တွင် ငှားရမ်းလုပ်ကိုင်နေသော ရေနံတွင်းပိုင်ရှင် ကိုသန်းဇော်(၃၇ နှစ်) မြိုင်မြို့နယ် ပေါင်းတည်ကျေးရွာနေသူ၏ ရေနံကျင်းတွင် ရေနံခပ်နေစဉ် ရေနံတွင်းသံပိုက်နှင့် ရေနံခပ်ခွက် သံကိုင်းတို့ ထိခိုက်ရာမှ မီးပွားထွက်ကာ မီးလောင်မှုဖြစ်ပြီး အနီးရှိ ရေနံစိမ်းသိုလှောင်ကန်သို့ မီးကူးစက်လောင်ခဲ့သောကြောင့် မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း ပေါက်မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှုကြောင့် ရေနံစိမ်းပီပါ ၁၀၀၊ အင်ဂျင်စက်ဟောင်း နှစ်လုံးနှင့် စက်ကလပ်ခုံဟောင်း တစ်လုံး မီးလောင်ဆုံးရှုံးပြီး လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကိုသန်းဇော်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အိမွန်ဆွေ(ရေစကြို)

# ရွှေသရဖူသင်္ဘောပေါ်တွင် အလုပ်လုပ်နေသူ တစ်ဦး ကုန်းပေါင်ပေါ်မှ ချော်ကျကာ သေဆုံးမှုဖြစ်

**ရန်ကုန် ဇွန် ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် (၁၈)ရပ်ကွက် ဆိပ်ကမ်းသာလမ်း လှိုင်မြစ်ကမ်းဘေးရှိ ရွှေသရဖူသင်္ဘောပေါ်တွင် အလုပ်လုပ်ကိုင်ရင်း ကုန်းပေါင်ပေါ်မှ ချော်ကျကာ အမျိုးသားတစ်ဦး သေဆုံးမှု ဇွန် ၁ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့သည်။

သေဆုံးသူမှာ ထွန်းဝင်းနိုင် (ကုန်ထမ်း) အမှတ်(၇၀၁) နှင်းဆီ (၃)လမ်း (၄) ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေသူဖြစ်ကြောင်း သိရပြီး ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေကြောင်း၊ သေဆုံးမှုနှင့် ပတ်သက်၍ အလုပ်သမားတာဝန်ခံ ဖိုးချစ် (၃၀ နှစ်) ခေတ္တာလမ်း အလယ်ရွာ လှိုင်သာယာမြို့နယ်နေသူ၏ ပြောပြချက်အရ ၎င်းနှင့် သေဆုံးသူ ထွန်းဝင်းနိုင် အပါအဝင် အလုပ်သမား ၁၀ ဦးသည် ငွေဂျိုးဖြူ (၉) ကုန်တင်တွဲသင်္ဘောပေါ်မှ ရွှေသရဖူ သင်္ဘောပေါ်သို့ ဘိလပ်မြေအိတ်ချစဉ် ထွန်းဝင်းနိုင်မှာ သင်္ဘောပေါ်အရောက် ကုန်းပေါင်ပေါ်မှချော်၍ သင်္ဘောဝမ်းဗိုက်ပေါ်သို့ ကျသွားစဉ် သယ်လာသော ဘိလပ်မြေအိတ်နှင့် ဝမ်းဗိုက်အားထိခိုက်မိပြီး သတိလစ်မေ့မျောသွားသဖြင့် အင်းစိန်ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ဆေးရုံအရောက်တွင် သေဆုံးသွားကြောင်း ရွှေပြည်သာမြို့မရဲစခန်းမှ သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# အင်းစိန်မြို့နယ်၌ နှစ်ပေါင်း ၈၀ ကျော် သက်တမ်းရှိ နှစ်ထပ်တိုက် အစိတ်အပိုင်းတစ်ခု ပြိုကျမှုဖြစ်

**ရန်ကုန် ဇွန် ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် ဗောဓိလမ်း အမှတ်(၁၄၇)ရှိ နှစ်ထပ် လေးခန်းတွဲ၊ ၁၂ ပေအကွက် အစွန်းဆုံး ဘေးအလယ် ပွင့်ထွက်ပြိုကျမှု ယမန်နေ့ ညနေ ၅ နာရီခန့်က ဖြစ်ပွားသည်။

အဆိုပါ နှစ်ထပ်တိုက်သည် နှစ်ပေါင်း ၈၀ ကျော် ကြာမြင့်နေဖြစ်ပြီး သတိပေးဆောင်အဖြစ် သတ်မှတ်ထားရှိသော တိုက်ခန်းတွင် လူဦးရေစုစုပေါင်း ၁၄ ဦးခန့်ရှိရာ ပြိုကျသည့်နေရာတွင် လူမနေကြောင်း၊ ပြိုကျမှုဖြစ်စဉ်တွင် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် အပျက်အစီးများကို ဖယ်ရှားရှင်းလင်းလျက်ရှိကြောင်း၊ အခင်းဖြစ်ပွားရာသို့ အင်းစိန်မြို့နယ် စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်(၁) ဦးလင်းအောင်ဟိန်း (ခ) ဦးလှိုင်မင်းနှင့် တာဝန်ရှိသူများက ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# ဂျီ - ၇ ထိပ်သီး အစည်းအဝေး ဖိတ်ကြားမှုနဲ့ ပတ်သက်ပြီး ထရမ့်နှင့် ပူတင်တို့ ဆွေးနွေး

**ဝါရှင်တန် ဇွန် ၂**

စက်တင်ဘာလတွင် ပြုလုပ်မည့် ဂျီ- ၇ ထိပ်သီးအစည်းအဝေးတွင် အခြားနိုင်ငံများကို ဖိတ်ကြားရန် စီစဉ်ထားကြောင်း အမေရိကန်သမ္မတထရမ့်က ရုရှားနိုင်ငံသို့ ပြောကြားသည်။

ဇွန် ၁ ရက်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့ တယ်လီဖုန်းပြောခဲ့ကြပြီး ထရမ့်က ၎င်း၏အစီအစဉ်ကို သမ္မတပူတင်အား အသိပေးခဲ့ခြင်းဖြစ်သည်ဟု ရုရှားသမ္မတရုံးက ပြောကြားသည်။

မေလနောက်ဆုံးပတ်ကလည်း ဂျီ - ၇ ထိပ်သီးအစည်းအဝေးကို စက်တင်ဘာလသို့ ရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့ပြီး တရုတ်နိုင်ငံအကြောင်း ဆွေးနွေးရန် ရုရှားအပါအဝင် သုံးနိုင်ငံကို အစည်းအဝေးသို့ ဖိတ်ကြားမည်ဟု ထရမ့်က ပြောကြားခဲ့သည်။

ရုရှားသည် တရုတ်နှင့် ခိုင်မာသည့် ဆက်ဆံရေးရှိပြီး တရုတ်နှင့် အမေရိကန်တို့ကြား ဆက်ဆံရေး အဆင်မပြေမှုများကိုလည်း ဆန့်ကျင်သည်။ ထရမ့်၏ ကမ်းလှမ်းမှုကို လက်မခံမီ ရုရှားနိုင်ငံအနေဖြင့် သတင်းအချက်အလက်များ ပိုမိုစုဆောင်းရန် လိုသေးကြောင်း ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စ်ကော့က အစောပိုင်းတွင် ပြောကြားခဲ့သည်။

ဖိတ်ကြားမှုနှင့်ပတ်သက်ပြီး ရုရှားဘက်က စောင့်ကြည့်မှုများ လုပ်ဆောင်သွားဦးမည်ဟု ဖော်ညွှန်းလျက်ရှိသည်။ ရုရှားအထက်လွှတ်တော် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များတွင် ကော်မတီမှ ဥက္ကဋ္ဌကလည်း ယင်းကိစ္စနှင့်ပတ်သက်ပြီး ပိုမိုရှင်းလင်းပြတ်သားရန် လိုအပ်သည်ဟု ပြောကြားခဲ့သည်။

ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများတွင် ဆုံးဖြတ်ချက်ချရာ၌ သာတူညီမျှအခွင့်အရေးရရှိရန်မှာ အရေးကြီးသည့်အချက်ဖြစ်ကြောင်း ၎င်းကဆက်လက် ပြောကြားခဲ့သည်။ ဂျီ- ၇ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် ကနေဒါနိုင်ငံကမူ ထရမ့်၏ အကြံဉာဏ်ကို လက်မခံခဲ့ပေ။

**အင်န်အိတ်ချ်ကေ**



ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

# အမေရိကန်နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲပြောကြား



ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ်အက်ဒဟာနွမ်ဂီဘရီယက်ဆုစ်

**ဂျီနီဗာ ဇွန် ၂**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) သည် အမေရိကန်ပြည်ထောင်စုနှင့် ဆက်လက်ပူးပေါင်းသွားလိုသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲက ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ်က ဇွန် ၁ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။ လွန်ခဲ့သည့် သီတင်းပတ်တွင် သမ္မတထရမ့်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ အမေရိကန် နုတ်ထွက်တော့မည်ဟု ၎င်း၏သဘောထားကို ထုတ်ဖော်ပြောကြားပြီးနောက် တက်ဒရော့စ်က ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။

ဆယ်စုနှစ်ပေါင်းများစွာ တစ်ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအတွက် အမေရိကန်အစိုးရနှင့် ပြည်သူများ၏ ထည့်ဝင်ကူညီမှုသည် ကြီးမားလှကြောင်း၊ ကမ္ဘာပေါ်တွင် ကျန်းမာရေးကဏ္ဍအတွက်ကြီးမားသည့် ပြောင်းလဲမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း၊ ယင်းသို့ ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တည်ရှိရေးအတွက်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆန္ဒရှိကြောင်း တက်ဒရော့စ်က ပြောကြားသည်။ အမေရိကန်ဘက်က တရားဝင်အသိပေးမှုကို ယနေ့အချိန်အထိ လက်ခံရရှိခြင်း မရှိသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံ မြောက်ပိုင်းတွင် မြေပြိုမှုကြောင့် ၁၃ ဦး သေဆုံး

**နယူးဒေလီ ဇွန် ၂**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် မြေပြိုမှုကြောင့် လူ ၁၃ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့် ရက်အနည်းငယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြေပြိုမှုဖြစ်ပွားခဲ့ရကြောင်း ဒေသအစိုးရအာဏာပိုင်တစ်ဦးက ဇွန် ၂ ရက်တွင် ပြောကြားသည်။

သေဆုံးရသူများထဲတွင် အိမ်ထောင်စုတစ်စုမှ မိသားစုဝင်အချို့ပါဝင်ကြောင်းသိရသည်။ မြေပြိုမှုသည် အာသံပြည်နယ်ရှိ ခရိုင်နှစ်ခုတို့တွင် ဖြစ်ပွားခဲ့သည်။ ကက်ဟာခရိုင်တွင် ဇွန် ၂ ရက်က မြေပြိုမှုဖြစ်ပွားခဲ့ရာ ခုနစ်ဦး သေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့သည်။ မြေပြိုမှုမှ သေဆုံးသူခြောက်ဦးတို့၏အလောင်းများကို ပြန်ရှာတွေ့ခဲ့ပြီး ကျန်ခုနစ်ဦး၏အလောင်းများကို ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း ကက်ဟာခရိုင် သဘာဝဘေးစီမံခန့်ခွဲအာဏာပိုင်အဖွဲ့ ဒေသစီမံကိန်းအရာရှိ ရှာမင်လက်ရှခါက ပြောကြားသည်။ ကာရင်ဂန်ဂျ်ခရိုင်၌ ဖြစ်ပွားခဲ့သည့် အလားတူမြေပြိုမှုတစ်ခုတွင်လည်း လူခြောက်ဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြသည်။

**ဆင်ဟွာ**

# သတင်းတုနှင့် ပတ်သက်ပြီး စင်ကာပူ၏ တင်းကျပ်သည့် ဥပဒေကို ဖေ့စ်ဘွတ်က ပြင်းပြင်းထန်ထန်ဝေဖန်

**စင်ကာပူ ဇွန် ၂**

စင်ကာပူနိုင်ငံ၏ အွန်လိုင်းသတင်းတုနှင့် ပတ်သက်သည့်ဥပဒေသည် ပြင်းထန်လွန်းပြီး လွတ်လပ်စွာပြောဆိုခွင့်ကို ထိန်းချုပ်ထားသည်ဟု ဖေ့စ်ဘွတ်ကုမ္ပဏီက ဇွန် ၁ ရက်တွင် ပြောကြားခဲ့သည်။ ဖေ့စ်ဘွတ်စာမျက်နှာကို ပိတ်ခိုင်းခြင်းနှင့်ပတ်သက်ပြီး ဖေ့စ်ဘွတ်အပေါ် နောက်တစ်ကြိမ် ဖိအားပေးခံရပြီးနောက် ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။

စင်ကာပူဝန်ကြီးများအနေဖြင့် ဖေ့စ်ဘွတ်ပေါ်တွင် သတင်းအမှားဟု ၎င်းတို့ယူဆထားသော သတင်းများတွေ့ပါက အဆိုပါသတင်းများကို ပိတ်ပစ်ရန် နည်းပညာကုမ္ပဏီကြီးအား အမိန့်ပေးနိုင်မှုနှင့် သတိပေးခြင်းများ လုပ်ဆောင်နိုင်သည့် အာဏာပေးအပ်ရန် ဥပဒေပြဋ္ဌာန်းမှုကို ဖေ့စ်ဘွတ်ကုမ္ပဏီက ဝေဖန်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံရေးဝက်ဘ်ဆိုက်များဖြစ်သည့် နေရှင်နယ်တိုင်းမ်စ် စင်ကာပူမှာလည်း ဖေ့စ်ဘွတ်စာမျက်နှာမှတစ်ဆင့် ထုတ်ပြန်ချက်အမှားများ ထုတ်ပြန်သည်ဟုလည်း စွပ်စွဲခံထားရသည်။ သတင်းအမှားသာဖြစ်သည်ဟု စာတမ်းရေးထိုးထားရန် အဆိုပါဝက်ဘ်ဆိုက်ကို အမိန့်ပေးထားသော်လည်း ယင်းသို့ပြုလုပ်ရန် ဝက်ဘ်ဆိုက်ဘက်မှ သဘောမတူခဲ့ပေ။

ထို့နောက် စင်ကာပူနိုင်ငံတွင် ယင်းဝက်ဘ်ဆိုက်ကို ဝင်ကြည့်၍မရအောင် ပြုလုပ်ထားရန် ဖေ့စ်ဘွတ်ကုမ္ပဏီကို အမိန့်ပေးခဲ့သည်။ ယင်းစာမျက်နှာကို ပိတ်ပင်ရန် အစိုးရက တောင်းဆိုခဲ့ပြီးနောက် ဖေ့စ်ဘွတ်ကုမ္ပဏီဘက်မှ ၎င်းတို့ အတင်းအကျပ်လိုက်နာရန် ဖိအားပေးခံရသည်ဟု ပြောသည်။ ယခုလိုမျိုး ပိတ်ဆို့ခိုင်းထားခြင်းမှာ ပြင်းထန်လွန်းပြီး အင်တာနက်အသုံးပြုသူများ၏ အမြင်နှင့်အသံတို့ကို ထိန်းချုပ်ရာတွင် လွဲမှားစွာ အသုံးပြုလာနိုင်ကြောင်း၊ လွတ်လပ်စွာပြောဆိုခွင့်မှာ လူ့အခွင့်အရေး၏ အခြေခံအချက်ဖြစ်ပြီး ယင်းအချက်ကို ကာကွယ်သွားနိုင်ရေး ကြိုးပမ်းရမည်ဖြစ်ကြောင်းကုမ္ပဏီဘက်မှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

**အေအက်ဖ်ပီ**

# စင်ကာပူအမျိုးသားပြခန်းက ကလေးငယ်များအတွက် အွန်လိုင်းအနုပညာ ပြပွဲပြုလုပ်

**စင်ကာပူ ဇွန် ၂**

ကလေးငယ်များအနေဖြင့် အွန်လိုင်းပေါ်မှ အနုပညာလက်ရာများ ဖန်တီးနိုင်၊ သင်ယူလေ့လာနိုင်၊ ကစားနိုင်မည့် ပထမဆုံးအွန်လိုင်းအနုပညာ ပြပွဲကို စင်ကာပူနိုင်ငံတွင် ဇွန် ၁ ရက်က ဖွင့်လှစ်လိုက်ကြောင်း သိရသည်။


ကိုဗစ်- ၁၉ ကူးစက်ရောဂါရင်ဆိုင်နေရသည့် အချိန်အတောအတွင်း ပရိသတ်များအနေဖြင့် အနုပညာဆိုင်ရာ အတွေ့အကြုံဗဟုသုတများကို ပိုမိုရရှိနေရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် အွန်လိုင်းအနုပညာပြပွဲ ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

စင်ကာပူ အမျိုးသားပြခန်းက ကလေးငယ်များအတွက် တင်ဆက်သည့် Small Big Dreamer အနုပညာပြပွဲ ဒစ်ဂျစ်တယ်ပုံစံဖြင့် ဒုတိယအကြိမ် တည်းဖြတ်ဖော်ပြရန် ဖြစ်လာကြောင်း မီဒီယာသို့ ပြောကြားခဲ့သည်။

လက်ရှိဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကူးစက်မှု အခြေအနေကြောင့် ပြခန်းကို ယာယီပိတ်ထားရသည့်တိုင် ယခုနှစ် အွန်လိုင်းအနုပညာပြပွဲ အခမ်းအနားကို ဇွန် ၁ ရက်မှစတင်ကာ ၂၀၂၁ ခုနှစ် မတ်လ ၂၈ ရက်အထိ ဆက်လက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အပြန်အလှန် ဆက်သွယ်နိုင်သည့် ဝက်ဘ်ဆိုက်တစ်ခုက ပျော်စရာအစီအစဉ်များနှင့်အတူ အသက်ခြောက်နှစ်မှ ၁၂ နှစ်အရွယ် ကလေးငယ်များအတွက် လှုပ်ရှားဆောင်ရွက်မှုများနှင့် အပြန်အလှန်ကစားရသည့် ကစားနည်း ၃၀ ကို ထည့်သွင်းမည်ဖြစ်ပြီး စင်ကာပူနှင့် အရှေ့တောင်အာရှဒေသမှ အနုပညာရှင်များထံမှ အနုပညာလက်ရာများ ပါဝင်သည့် ဗီဒီယိုဖိုင်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**




ကလေးများအတွက် အွန်လိုင်းအနုပညာပြပွဲဖွင့်လှစ်ထားသည့် ဝက်ဘ်ဆိုက်စာမျက်နှာကို တွေ့ရစဉ်။

# မက္ကဆီကိုဌ် နှစ်လကြာပိတ်ဆို့မှုများ ပြုလုပ်ပြီးနောက် စီးပွားရေးပြန်လည်ဖွင့်လှစ်မှုများ လုပ်ဆောင်

မက္ကဆီကိုစီးတီး ဇွန် ၂

**ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါကြောင့် နှစ်လကျော်ကြာ ကန့်သတ်ပိတ်ဆို့မှုများ ပြုလုပ်ပြီးနောက် မက္ကဆီကိုနိုင်ငံသည် ၎င်း၏ စီးပွားရေးကို တဖြည်းဖြည်း ပြန်လည်ဖွင့်လှစ်နေပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဇွန် ၂ ရက်က ဖော်ပြလိုက်သည်။**

မက္ကဆီကိုနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူပေါင်း ၁၀၀၀၀ နီးပါး သေဆုံးခဲ့ပြီး ၉၀၀၀၀ ကျော် ရောဂါကူးစက်ခဲ့သည်။ လက်တင်အမေရိကတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးမှု၌ ဘရာဇီးပြီးလျှင် မက္ကဆီကိုနိုင်ငံသည် ဒုတိယနေရာမှ ရပ်တည်လျက်ရှိသည်။ ဒေသတွင်း ရောဂါကူးစက်မှုတွင် စတုတ္ထမြောက် အများဆုံးနိုင်ငံဖြစ်သည်။

ကားလုပ်ငန်းများနှင့် ဆက်နွှယ်သော ထုတ်လုပ်ရေးလုပ်ငန်းများ၊ သတ္တုတွင်းလုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သမ္မတ အန်ဒရက်စ်မန်နျူရယ်လိုပက်ဇ်အိုဘရာဒေါက ပြောကြားလိုက်သည်။

မိမိတို့သည် ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းကို ကျော်လွန်ပြီး ပုံမှန်အခြေအနေအထိ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ မက္ကဆီကိုနိုင်ငံ၏ စီးပွားရေး ပြန်လည်ထောင်မတ်လာမည်ဖြစ်ကြောင်းနှင့် တိုင်းသူပြည်သားများလည်း အခြေအနေကောင်းလာမည်ဖြစ်ကြောင်း၊ မိမိတို့သည် ထုတ်လုပ်မှုများ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဆောင်ရွက်ချက်များကို ပုံမှန်အခြေအနေအတိုင်း ပြန်လည်ရောက်ရှိအောင် ဖြည်းဖြည်းချင်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သမ္မတ လိုပက်ဇ်အိုဘရာဒေါသည် အသွားအလာပိတ်ဆို့မှုများကို စောစီးစွာပြုလုပ်ရန် တောင်းဆိုမှုများကို ခေါင်းမာခဲ့သည့်အတွက် ပြင်းထန်သော ဝေဖန်တိုက်ခိုက်မှုများခံရပြီးနောက် မက္ကဆီကိုနိုင်ငံသည် အရေးတကြီး ဆောင်ရွက်ရန် စီးပွားရေးဆိုင်ရာ ဆောင်ရွက်ချက်မှအပ အားလုံးကို မတ် ၂၃ ရက်တွင် ပိတ်ပင်တားမြစ်လိုက်သည်။

မက္ကဆီကိုနိုင်ငံ၏ ခရီးသွားလာရေးကဏ္ဍကို လာမည့် သီတင်းပတ်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ထင်ရှားကျော်ကြားသော ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းတည်ရှိရာ ကွင်တာနာရိုပြည်နယ်ကို သွားရောက်စဉ် သမ္မတ လိုပက်ဇ်အိုဘရာဒေါက ပြောကြားလိုက်သည်။

လွန်ခဲ့သောလက မက္ကဆီကိုနိုင်ငံသည် ၎င်း၏ စီးပွားရေးလုပ်ငန်းများကို ဇွန် ၁ ရက်တွင် ပြန်လည်စတင်နိုင်ရန် အဆင့်လိုက်ဆောင်ရွက်ချက်များကို လုပ်ဆောင်ခဲ့သည်။ မြို့တော် မက္ကဆီကိုစီးတီးတွင် ဇွန် ၁၅ ရက်အထိ အနီရောင်ဇုန်အဖြစ် ပြဋ္ဌာန်းသွားမည် ဖြစ်ကြောင်း၊ အနီရောင်ဇုန်တွင် မလုပ်မနေရ လုပ်ဆောင်ရမည့် ဆောင်ရွက်ချက်များကိုသာ လုပ်ဆောင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



မက္ကဆီကိုသမ္မတ အန်ဒရက်စ် မန်နျူရယ် လိုပက်ဇ် အိုဘရာဒေါက ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမှ ကာကွယ်ပေးသည်ဟု ယုံကြည်လျက်ရှိသော အဆောင်လေးကို ထုတ်ပြနေစဉ်။

## မော်စကိုဌ် ကိုဗစ်- ၁၉ ကန့်သတ်မှုများ ဖြေလျှော့လာပြီဖြစ်သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဆန္ဒမဲပေးမှုကို ဇူလိုင် ၁ ရက် သတ်မှတ်

**မော်စကို ဇွန် ၂**

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသည့်တိုင် ရုရှားနိုင်ငံသည် လက်ရှိသမ္မတ၏ အာဏာသက်တမ်းကို ၂၀၂၄ အထိဆွဲဆန့်နိုင်မည့် အခြေခံဥပဒေပြင်ဆင်ရေးကို ဇူလိုင် ၁ ရက်တွင် ဆန္ဒမဲပေးလိမ့်မည်ဖြစ်ကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က ပြောကြားလိုက်သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှု နေ့စဉ်ထောင်နှင့်ချီ ရှိသေးကြောင်း ဖော်ပြခဲ့သော်လည်း ရုရှားနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုတွင် အမြင့်ဆုံးအဆင့်ကို ကျော်လွန်သွားပြီးဖြစ်သည်။ မော်စကိုတွင် အသွားအလာကန့်သတ်ပိတ်ဆို့မှုများ ဖြေလျှော့လာကြောင်း သိရသည်။

သက်ဆိုင်ရာအာဏာပိုင်များသည် အသွားအလာ၊ အလုပ်အကိုင်၊ စီးပွား ရေး ပြန်လည်ဖွင့်လှစ်မှုများကို လျင်လျင်မြန်မြန် ပြုလုပ်လာသည့်အတွက် ဝေဖန်သူများက သတိပေးလိုက်သည်။ ဧပြီလကတည်းက နှောင့်နှေးကြန့်ကြာခဲ့သော ဆန္ဒမဲပေးမှုကို ယခုတစ်ခါ ပြန်လည်စတင်ရန် အချိန်ကောင်းဖြစ်ကြောင်း ပူတင်က ပြောကြားလိုက်သည်။

ကူးစက်ရောဂါအခြေအနေ တိုးတက်ကောင်းမွန်လာသောကြောင့် မိမိတို့အနေဖြင့် ပုံမှန်ဘဝများဆီသို့ ပြန်သွားရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုများကို နောက်ထပ် ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပူတင်က ရွေးကောက်ပွဲအရာရှိများနှင့် ကျန်းမာရေးအရာရှိများသို့ ပြောကြားသော ဗီဒီယိုမိန့်ခွန်းတွင် ဖော်ပြလိုက်သည်။

ထို့အပြင် ပူတင်က ပြည်သူ့ကျန်းမာရေးသည် အရေးကြီးဆုံးနှင့် ပထမဦးစားပေးကိစ္စဟုဆိုကာ ဆန္ဒမဲပေးမှုကို ဇူလိုင် ၁ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သဘောတူခဲ့သည်။ ယခုလိုလုပ်ဆောင်ခြင်းက အသက် ၆၇ နှစ် ရှိပြီဖြစ်သော ပူတင်ကို ၂၀၂၄ တွင် ကုန်ဆုံးမည့် စတုတ္ထသမ္မတ သက်တမ်းအတွက် ထပ်မံယှဉ်ပြိုင် နိုင်စေမည်ဖြစ်သလို ၂၀၃၆ ခုနှစ်အထိ အာဏာကို ဆက်လက် ဆုပ်ကိုင်နိုင်စေမည့် အနေအထားလည်းဖြစ်သည်။

အများပြည်သူ ဆန္ဒမဲပေးမှုကို ဧပြီ ၂၂ ရက်တွင် စတင်ရန် စီစဉ်ခဲ့သော်လည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်သေဆုံးမှုများ မြင့်တက်လာပြီးနောက် ရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ကမ္ဘာတစ်ဝန်း ကိုဗစ် - ၁၉ ကူးစက်ခံရသူအရေအတွက် ၆ ဒသမ ၂ သန်း ကျော်လာပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်း တက္ကသိုလ်ဖော်ပြ

**ဝါရှင်တန် ဇွန် ၂**

အမေရိကန်တက္ကသိုလ်တစ်ခုက ရရှိခဲ့သော စာရင်းများအရ ကမ္ဘာတစ်ဝန်း ကိုဗစ် -၁၉ ကူးစက်ခံရသူ အရေအတွက်သည် ၆ ဒသမ ၂ သန်း ကျော်လာပြီဖြစ်ကြောင်း သိရသည်။

ဂျွန်ဟော့ကင်းတက္ကသိုလ်က ကမ္ဘာ့ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုသည် ဇွန် ၁ ရက် ၆ နာရီအချိန်တွင် ၆၂၂၇၀၉ ဦးအထိဖြစ်လာကြောင်း ဖော်ပြခဲ့သည်။ ကမ္ဘာ့ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုအများဆုံးစာရင်းတွင် အမေရိကန်ပြည်ထောင်စုသည် ၁၇၉၇၄၅၇ ဦးဖြင့် ရှေ့ဆုံးမှ ရပ်တည်လျက်ရှိပြီး ဒုတိယအများဆုံး ရပ်တည်လျက်ရှိသော နိုင်ငံမှာ ဘရာဇီးနိုင်ငံဖြစ်ပြီး ကူးစက်ခံရသူပေါင်း ၅၁၄၈၄၉ ဦး ရှိသည်။ ဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသော နိုင်ငံမှာ ရုရှားနိုင်ငံဖြစ်ပြီး ၄၁၄၈၇၈ ဦးဖြစ်ကာ ထို့နောက် ဗြိတိန်တွင် ၂၇၆၁၅၆ ဦး၊ စပိန်တွင် ၂၃၉၆၃၈ ဦးနှင့် အီတလီတွင် ၂၃၃၁၉၇ ဦးတို့ ဖြစ်ကြသည်။ ကပ်ရောဂါ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကမ္ဘာ့တစ်ဝန်းသေဆုံးမှုမှာ ၃၇၃၂၃၄ ဦး ဖြစ်သည်။

အမေရိကန်သည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် အသေအပျောက်အများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး သေဆုံးသူ ၁၀၄၅၈၄ ဦး၊ ထို့နောက် ဗြိတိန်တွင် သေဆုံးသူ ၃၈၅၇၁ ဦး၊ အီတလီတွင် ၃၃၄၇၅ ဦး၊ ဘရာဇီးတွင် ၂၉၃၁၄ ဦး၊ ပြင်သစ်တွင် ၂၈၈၀၅ ဦးနှင့် စပိန်နိုင်ငံတို့တွင် ၂၇၁၂၇ ဦးတို့ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတစ်ဝန်းဖြစ်ပေါ်လာသော ဆူပူအကြမ်းဖက်မှုများကို အင်အားသုံးနှိမ်နင်းမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ပြော

**ဝါရှင်တန် ဇွန် ၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လူမည်းအမျိုးသားတစ်ဦး သေဆုံးမှုနှင့်ပတ်သက်ပြီး နိုင်ငံတစ်ဝန်းဖြစ်ပေါ်လာသော ဆူပူဆန္ဒပြမှုများကို အင်အားသုံးနှိမ်နင်းမှုများ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ဇွန် ၂ ရက်က ကတိပေးပြောကြားလိုက်သည်။ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က သူ့အနေဖြင့် တပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာကို ဆူပူဆန္ဒပြမှုဖြစ်ပွားရာနေရာသို့ စေလွှတ်ပြီး ဆူပူဆန္ဒပြမှုကို ပြန်လည်ထိန်းချုပ်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

မေ ၂၅ ရက်က အမေရိကန်ပြည်ထောင်စု မင်နီဆိုးတားပြည်နယ် မီနီယာပိုလစ်တွင် မည်သည့်လက်နက်မှ ကိုင်ဆောင်ထားခြင်း မရှိသော လူမည်းအမျိုးသားတစ်ဦးဖြစ်သည့် ဂျော့ဂျ်ဖလွိုဒ်ကို လူဖြူရဲအရာရှိတစ်ဦးက ဒူးခေါင်းဖြင့်လည်ပင်းပေါ် မလှုပ်နိုင်အောင် ဖိချုပ်ထားရင်း သေဆုံးမှုဖြစ်ခဲ့ပြီးနောက် ဆယ်စုနှစ်အတော်ကြာ တွေ့မြင်ရခဲ့သည့် လူထုအုံကြွမှုကိုရှေးရှုသည့် ယခုလို ဆူပူဆန္ဒပြမှုများသည် နယူးယောက်၊ လော့စ်အိန်ဂျလိစ်နှင့် အမေရိကန်နိုင်ငံ၏ တခြားမြို့ကြီးများတွင် ဖြစ်ပွားခဲ့သည်။

အမေရိကန် အနောက်အလယ်ပိုင်း (မစ်ဒ်ဝက်စ်) တွင် တစ်ညတာ လုယက်မှုနှင့် အကြမ်းဖက်မှုဖြစ်စဉ်အတွင်း ရဲအရာရှိလေးဦး အပစ်ခံရပြီးနောက် အဆိုပါဒေသကို ပြန်လည်ထိန်းချုပ်ရန် ဇွန် ၂ ရက်က ရဲအရာရှိများက ပြန်လည်ကြိုးစားခဲ့သည်။ အပစ်ခံလိုက်ရသည့် ရဲအရာရှိလေးဦးမှာ အသက်အန္တရာယ် မစိုးရိမ်ရကြောင်း ရဲချုပ်က ပြောကြားလိုက်သည်။ “မစ္စတာဖလွိုဒ်ဟာ မီနီယာပိုလစ်တွင် သေဆုံးမှုဖြစ်ခဲ့သော်လည်း အခုသူတို့က နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ မြို့တွေကို တစ်စစီဖြဲဖို့လုပ်ဆောင်နေတယ်” ဟု ဟောဒန်က ပြောသည်။

ဆိုးရွားလာသည့် ပဋိပက္ခအပေါ် ဆိတ်ဆိတ်နေသည်ဟု ဝေဖန်ခံရပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇွန် ၁ ရက်က အိမ်ဖြူတော်ဥယျာဉ်၌ ပြောကြားသော မိန့်ခွန်းတွင် စစ်သွေးစစ်သံများ ပါလာခဲ့သည်။ သမ္မတဒေါ်နယ်ထရမ့် မိန့်ခွန်းပြောနေချိန်တွင် အပြင်ဘက်၌ ငြိမ်းချမ်းစွာဆန္ဒပြနေသူများကို ရဲတပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးများ ဖြင့်ပစ်ကာ လူစုခွဲခဲ့သည်။

မိမိအနေဖြင့် ဆူပူအကြမ်းဖက်မှု၊ လုယက်မှု၊ လက်သရမ်းဖျက်ဆီးမှုနှင့် တိုက်ခိုက်မှု၊ အကြောင်းမဲ့တမင်သက်သက်ပြည်သူပိုင်ပစ္စည်းများ ဖျက်ဆီးမှုများကို အဆုံးသတ်ရန် လက်နက်ကိုင် တပ်ဖွဲ့ဝင်များ၊ စစ်ဘက်ဆိုင်ရာအရာရှိများနှင့် ဥပဒေစိုးမိုးရေးအရာရှိများကို စေလွှတ်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။




ဇွန် ၁ ရက်က အိမ်ဖြူတော်အနီး ဆန္ဒပြနေသူတစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးနေစဉ်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### နယူးဇီလန်နိုင်ငံတွင် လူနာသစ်မတွေ့ရှိရသည်မှာ ၁၁ ရက်ရှိလာပြီဖြစ်

**ဝယ်လင်တန် ဇွန် ၂**

နယူးဇီလန်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ လူနာသစ် မတွေ့ရသည်မှာ ဇွန် ၂ ရက်တွင် ၁၁ ရက်ဆက်တိုက်ရှိလာပြီ ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသို့ အစီရင်ခံတင်ပြထားသည့် ကိုဗစ် - ၁၉ လူနာစုစုပေါင်းမှာ ၁၅၀၄ ဦးရှိသည်ဟု နယူးဇီလန် ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ ပြန်လည်သက်သာသူ အရေအတွက်မှာလည်း ၁၄၈၁ ဦးရှိသည်။

နယူးဇီလန်တွင် ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူ ၂၂ ဦးသာ ရှိသည်။ နိုင်ငံအတွင်း ကိုဗစ် -၁၉ စမ်းသပ်မှုများ အရှိန်အဟုန်မြင့် ဆက်လက်လုပ်ဆောင်နေပြီး ယင်းသို့လုပ်ဆောင်မှုသည် ကိုဗစ် - ၁၉ ပပျောက်ရေးအတွက် အရေးပါသည်ဟု ထုတ်ပြန်ကြေညာထားသည်။

လက်ရှိအချိန်တွင် နယူးဇီလန်နိုင်ငံအတွင်း ကူးစက်မှုများမတွေ့ရှိရပေ။ ယခုထုတ်ပြန်ထားသည့် သတိပေးမှု အဆင့် ၂ အရ လူစုလူဝေးများတွင်လူ ၁၀၀ထက်ကျော်လွန်၍ စုဝေးခွင့် မရှိသကဲ့သို့ လူအချင်းချင်း ခပ်ခွာခွာနေရမည့် စည်းမျဉ်းကိုလည်း လိုက်နာရမည်ဖြစ်သည်။ **ဆင်ဟွာ**

### နီပေါနိုင်ငံတွင် ကိုဗစ် -၁၉ကာလအသက်ရှူ အထောက်အကူပြုကိရိယာ ပြတ်တောက်မှုဖြစ်ပေါ်

**ခတ္တမန္ဒူ ဇွန် ၂**

ကိုဗစ် - ၁၉ အရေးပေါ်လူနာများ ရက်တရက်များပြားလာပါက အသက်ရှူအထောက်အကူပြုကိရိယာ လုံလုံလောက်လောက်မရှိဟု နီပေါကျန်းမာရေးဝန်ဆောင်မှုဌာနက ပြောကြားခဲ့သည်။ အသက်အန္တရာယ်စိုးရိမ်ရသည့် လူနာများအတွက် အသက်ရှူအထောက်အကူပြု ကိရိယာသည် မရှိမဖြစ်လိုအပ်ပြီး ဆေးရုံအများအပြားတွင် ယင်းကိရိယာပြတ်လပ်နေကြောင်း သိရသည်။

နီပေါနိုင်ငံ၏ ကျန်းမာရေးနှင့် လူဦးရေဝန်ကြီးဌာနက လတ်တလောတွင် နိုင်ငံတစ်ဝန်း အသက်ရှူအထောက်အကူပြုကိရိယာ ၈၄၀ ဖြန့်ဝေပေးထားကြောင်း ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက်ရှူ အထောက်အကူပြုကိရိယာ ၂၃၅ ခု ထပ်မံဝယ်ယူရန် စီစဉ်ထားပြီး အဆိုပါ ပစ္စည်းများ ရောက်ရှိရန် ခက်ခဲနေသေးကြောင်း သိရသည်။ စတိုခန်းအတွင်းသိမ်းဆည်းထားသည့် အသက်ရှူအထောက်အကူပြုကိရိယာ တစ်ခုတလေမျှမရှိတော့ကြောင်း ကျန်းမာရေးဝန်ဆောင်မှုဌာနထောက်ပံ့ရေးပစ္စည်း စီမံခန့်ခွဲမှုညွှန်ကြားရေးမှူး ဘိုဂျန်ဒရာရာ့ဂ်ျဒိုတယ်က ပြောသည်။ **ဆင်ဟွာ**

# သုံးနှစ်ပြည့်တော့မှာဖြစ်ပေမယ့် မပြေလည်နိုင်သေးတဲ့ ကာတာနဲ့ အာရပ်ကမ္ဘာကနိုင်ငံများအကြား ဆက်ဆံရေး

**ဖြိုးစန္ဒီနွေး**

**ကာတာနဲ့ ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်နိုင်ငံတွေကြား ခါးသီးတဲ့ရန်ငြိုးရန်စတွေကတော့ ဆက်လက်ရှိနေတုန်းပါပဲ။ အခုဆိုရင် ကာတာနိုင်ငံကို အာရပ်ကမ္ဘာမှာ ဝိုင်းပယ်ထားခဲ့တာ ဆိုရင်လည်း သုံးနှစ်ပြည့်တော့မှာဖြစ်ပြီး မကြာခင်အချိန်မှာ လေးနှစ်အတွင်းကို ချင်းနင်းဝင်ရောက်လာတော့မှာပါ။**

### အဆုံးသတ်မယ့်ဟန်မရှိ

ရန်စတွေ အဆုံးသတ်မယ့်ဟန်တော့ မပေါ်သေးပါဘူး။ ၂၀၁၇ ခုနှစ် ဇွန်လအတွင်းမှာတော့ ဆော်ဒီအာရေဗျ ဦးဆောင်တဲ့ မဟာမိတ်နိုင်ငံဖြစ်တဲ့ ယူအေအီး၊ ဘာရိန်းနဲ့ အီဂျစ်နိုင်ငံတို့ဟာ ကာတာနိုင်ငံနဲ့ အဆက်အသွယ်ဖြတ်တောက်ခဲ့ပါတယ်။ အစွန်းရောက်တွေကို နောက်ကွယ်ကနေ အားပေးနေတယ်။ အီရန်နဲ့ပူးပေါင်းနေတယ်ဆိုပြီး အဆက်အသွယ်ဖြတ်တောက်ခဲ့ကြပါတယ်။ ကာတာနိုင်ငံကတော့ ဒီစွပ်စွဲချက်တွေကို လက်မခံဘဲ ငြင်းဆိုခဲ့ပါတယ်။ အချိန်တွေသာတစ်နှစ်ပြီး တစ်နှစ်ကုန်လွန်သွားခဲ့ပေမယ့် သူတို့ကြားမှာ ပြေလည်မယ့်ဟန်တော့ မရှိသေးပါဘူး။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ကာတာဘုရင် ရှိတ်ခ်တာမင်ဘင် ဟာမက်အယ်သန်နီတို့ ၂၀၁၉ ခုနှစ် ဇူလိုင် ၉ ရက်က အိမ်ဖြူတော်၌ တွေ့ဆုံကြစဉ်။

### ဆက်သွယ်မှုတွေဖြတ်တောက်

၂၀၁၇ ခုနှစ် မေ ၂၄ ရက်မှာတော့ ကာတာနိုင်ငံရဲ့ နိုင်ငံပိုင်သတင်းအေဂျင်စီ ဝက်ဘ်ဆိုက်မှာ အစွန်းရောက်လှုပ်ရှားမှုတွေကို ထောက်ခံမှုတွေနဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို ဝေဖန်ထားတဲ့ ထုတ်ပြန်ချက်ကို တင်ထားတာတွေ့ရပါတယ်။ ကာတာဘက်ကတော့ အဲဒီဝက်ဘ်ဆိုက်ဟာ ဟက်ကာသမားတွေ လက်ထဲရောက်သွားတာဖြစ်ပြီး ထုတ်ပြန်ချက်ကလည်း အတုသာဖြစ်တယ်လို့ ဖြေရှင်းခဲ့ပါတယ်။ ဇွန် ၅ ရက်ရောက်တဲ့အခါမှာတော့ ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်အဖွဲ့တွေဟာ ကာတာနိုင်ငံနဲ့ လေကြောင်းဆက်သွယ်မှုတွေ၊ ကုန်းကြောင်းဆက်သွယ်မှုနဲ့ ရေကြောင်းဆက်သွယ်မှုတွေကို ဖြတ်တောက်ခဲ့ပါတယ်။

### တောင်းဆိုချက် ၁၃ ချက်

ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ သံတမန်ဆက်ဆံရေးကိုပါ ဖြတ်တောက်လိုက်ပါတယ်။ အာရပ်ကမ္ဘာက အခြားသောနိုင်ငံတွေကလည်း သူ့နည်းသူ့ဟန်နဲ့ ကာတာကို ပိတ်ဆို့မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဇွန်လနှောင်းပိုင်းမှာတော့ ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တွေဟာ တောင်းဆိုချက် ၁၃ ချက် တောင်းဆိုခဲ့ကြပါတယ်။ ကာတာနိုင်ငံ ဒိုဟာမြို့အခြေစိုက် အယ်ဂျာဇီးယားသတင်းကွန်ရက်ကို ပိတ်ပစ်ဖို့အပါအဝင် တူရကီစစ်အခြေစိုက်စခန်းကို ပိတ်ပေးဖို့ပါတောင်းဆိုခဲ့ကြပါတယ်။ ဒီအချက်တွေအပြင် ဆော်ဒီနဲ့ ပြိုင်ဘက်ဖြစ်နေတဲ့ အီရန်နဲ့ပါ အဆက်အသွယ်ဖြတ်တောက်ပေးဖို့ ကာတာနိုင်ငံကို တောင်းဆိုခဲ့ကြပါတယ်။ ကာတာနိုင်ငံဘက်က သူတို့ရဲ့ တောင်းဆိုချက်တွေကို လက်ခံခဲ့မယ်ဆိုရင် ကာတာနဲ့ အဆက်အသွယ် ဖြတ်တောက်ထားတာကို ဖယ်ရှားပေးမယ်လို့ ကမ်းလှမ်းခဲ့ကြပါတယ်။

### ကုန်ကျစရိတ်တွေပိုများလာ

ကာတာနိုင်ငံဘက်ကတော့ ဒီတောင်းဆိုချက်တွေဟာ လက်တွေ့မကျတဲ့အပြင် ဆောင်ရွက်ပေးလို့ မရဘူးဆိုပြီး ပယ်ချခဲ့ပါတယ်။ နောက်ဆက်တွဲအနေနဲ့ ဒေသတွင်း ခရီးသွားလာမှုမှာ ရှုပ်ထွေးလာပြီး မိသားစုတွေ တကွဲတပြားဖြစ်တာ၊ ကာတာစီးပွားရေးလုပ်ငန်းတွေမှာ ကုန်ကျစရိတ်ပိုလာတာတွေ ဖြစ်လာခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ဩဂုတ်လမှာ ဂြိုဟ်တုချန်နယ်တစ်ခုဖြစ်တဲ့ Beout Q ဘောလုံးအားကစားပွဲအပါအဝင် အခြားသောအားကစားတွေကို ဆော်ဒီပရိသတ်အား ပြသခဲ့ပါတယ်။ အဲဒီအခါမှာ ကာတာအခြေစိုက် BeIN ရုပ်သံထုတ်လွှင့်ရုံက သူတို့ရဲ့ထုတ်လွှင့်မှုတွေကို ဆော်ဒီက ကူးယူတယ်လို့ စွပ်စွဲခဲ့ပါတယ်။

### အားပေးမယ့်သူမရှိ

အခြားနိုင်ငံတွေနဲ့ ကာတာတို့ကြား အငြင်းပွားမှုဟာ ဖျော်ဖြေရေးကဏ္ဍမှာတင် သက်ရောက်မှုရှိတာ မဟုတ်ပါဘူး။ ၂၀၁၈ ခုနှစ်မှာလည်း ကာတာနဲ့ ယူအေအီးနိုင်ငံတို့ဟာ ကုန်သွယ်ရေးနဲ့ပတ်သက်ပြီး လေပိုင်နက်အသုံးပြုခွင့်အပေါ် အငြင်းပွားမှုတွေ၊ အပြန်အလှန် စွပ်စွဲမှုတွေ ပေါ်ထွက်လာခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ပိုင်းမှာ ယူအေအီးနိုင်ငံဟာ အာရှဘောလုံးအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါတယ်။ ကာတာအသင်းနိုင်ခဲ့ပေမယ့် ကွင်းထဲမှာတော့ ကာတာအသင်းကို အားပေးမယ့်သူ မရှိပါဘူး။ ကာတာဘောလုံးပရိသတ်တွေ ယူအေအီးနိုင်ငံအတွင်း ဝင်ခွင့်မရတဲ့အတွက် ပွဲကြည့်စင်မှာ အားပေးသူမရှိ ဖြစ်ခဲ့ရတာပါ။

### ဆွေးနွေးမှုဆိုင်းငံ့

အမေရိကန်သမ္မတ ထရမ့်ကတော့ ကာတာနိုင်ငံနဲ့ ပိုပြီးပြေပြစ်တဲ့ ဆက်ဆံရေးရှိလာပါတယ်။ ၂၀၁၉ ခုနှစ်မှာ ကာတာဘုရင် ဝါရှင်တန်ကိုအလည်လာတုန်းက မိတ်ဆွေလို့ တောင်ခေါ်ဝေါ်ခဲ့ပါတယ်။ ၂၀၁၉ ဒီဇင်ဘာမှာတော့ ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီထိပ်သီးအစည်းအဝေးကို တက်ရောက်ဖို့ ကာတာဘုရင်က ပျက်ကွက်ခဲ့ပါတယ်။ အဲဒီအစည်းအဝေးကိုတက်ဖို့ ဝန်ကြီးချုပ်ကိုပဲ စေလွှတ်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီမှာတော့ ဆော်ဒီနဲ့ ဆွေးနွေးမှုတွေကို ဆိုင်းငံ့ထားတယ်လို့ ကာတာနိုင်ငံခြားရေးဝန်ကြီးက ပြောပါတယ်။

### နုတ်ထွက်တော့မှာလား

ပြဿနာတွေကို ဖြေရှင်းဖို့ ကြိုးပမ်းအားထုတ်မှုတွေရှိတယ်ဆိုရင် ဆွေးနွေးမှုကို အမြဲတမ်းလမ်းဖွင့်ထားတယ်လို့ ကာတာနိုင်ငံဘက်က ပြောပါတယ်။ မကြာမီရက်ပိုင်းအတွင်းမှာ ကာတာနိုင်ငံနဲ့ အခြားအာရပ်ကမ္ဘာကနိုင်ငံအချို့အဆက်အသွယ်ဖြတ်တောက်ခဲ့ကြတာ သုံးနှစ်ပြည့်တော့မှာပါ။ ဒီလိုအချိန်မျိုးမှာ ကာတာနိုင်ငံဟာ ဆိုရှယ်မီဒီယာတွေပေါ်မှာတော့ ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီကနေ နုတ်ထွက်သင့်တယ်ဆိုတဲ့ ဝေဖန်မှုတွေ ပလူပျံအောင် ထွက်ပေါ်နေပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မေ ၂၈ ရက်က အေအက်ဖ်ပီက မေးမြန်းရာမှာ ကာတာနိုင်ငံခြားရေးဝန်ကြီးဌာနက မှတ်ချက်ချပြောဆိုခြင်း မရှိပါဘူး။ ဒါပေမယ့်လည်း ဒေသတွင်းက ပြည်သူတွေကတော့ ဒီကောင်စီရဲ့ လုပ်ဆောင်မှုကို သံသယရှိနေကြပြီလို့ သတိပေးခဲ့ပါတယ်။ ဘာလို့လဲဆိုရင် သံတမန်ရေးမှာ ပြန်လည်ကုစားနိုင်ဖို့ ဘာမှဖြစ်ဖြစ်မြောက်မြောက် မစွမ်းဆောင်နိုင်ခဲ့လို့ပါပဲ။

### ကိုဗစ် -၁၉ ဘေးက ပြေးမလွတ်

လတ်တလောမှာတော့ အာရပ်ကမ္ဘာကနိုင်ငံတွေလည်း ကိုဗစ် -၁၉ ဒဏ်ကို အလူးအလဲခံစားနေရပါတယ်။ အာရေဗီယံပင်လယ်ကွေ့နိုင်ငံတွေထဲမှာ ကိုဗစ် -၁၉ အများဆုံးကူးစက်ခံရတဲ့နိုင်ငံကတော့ ဆော်ဒီဖြစ်ပြီး ဒုတိယအများဆုံးကူးစက်ခံရတဲ့ နိုင်ငံကတော့ ကာတာနိုင်ငံပဲဖြစ်ပါတယ်။ ကာတာနိုင်ငံမှာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို ဖေဖော်ဝါရီ ၂၇ ရက်မှာ ပထမဆုံးတွေ့ရှိခဲ့ပြီး အခုဆိုရင် ကူးစက်ခံရသူပေါင်း ၅၈၄၃၃ ဦးရှိပါတယ်။ သေဆုံးသူ ၄၀ ရှိပြီး နေပြန်ကောင်းသူကတော့ ၃၃၄၃၇ ဦး ရှိပါတယ်။ ဆော်ဒီအာရေဗျမှာတော့ ၈၇၁၄၂ ဦး ကူးစက်ခံထားရပါတယ်။

### တော်ဝင်မိသားစုဝင်များ ကူးစက်ခံရ

ဆော်ဒီနိုင်ငံမှာဆိုရင် တော်ဝင်မိသားစုဝင် ၁၅၀ နီးပါး ကူးစက်ခံထားရပါတယ်။ အခုအချိန်ကာလကတော့ ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးဟာ ဒီကပ်ရောဂါကနေ ဘယ်လိုကျော်လွှန်ရမလဲဆိုတာကိုပဲ အာရုံစိုက်နေကြပါတယ်။ ကပ်ရောဂါအလွန် ကာလရောက်တဲ့အခါမှာရော ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်နိုင်ငံတွေနဲ့ ကာတာနိုင်ငံတို့ကြား ရန်လိုမှုတွေ အဆုံးသတ်နိုင်မလား ဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရဦးမှာပါပဲ။

**ကိုးကား - အေအက်ဖ်ပီ**

> **"အခြားအာရပ်ကမ္ဘာက နိုင်ငံအချို့အဆက်အသွယ် ဖြတ်တောက်ခဲ့ကြတာ သုံးနှစ်ပြည့်တော့မှာပါ။ ဒီလို အချိန်မျိုးမှာ ကာတာနိုင်ငံဟာ ဆိုရှယ်မီဒီယာတွေ ပေါ်မှာတော့ ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက် ရေးကောင်စီကနေ နုတ်ထွက်သင့်တယ်ဆိုတဲ့ ဝေဖန်မှုတွေ ပလူပျံအောင် ထွက်ပေါ်နေပါတယ်"**

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၁-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၇၂၇) ခုအား ထပ်မံစစ်ဆေးခဲ့ရာ –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၁-၆-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၁,၁၈၇) ခုနှင့် ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲ နမူနာ (၅၉) ခု၊ စုစုပေါင်း (၁,၂၄၆) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိပါ။

၃။ (၂-၆-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၂၈)ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁-၆-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁,၁၈၇) ခု |
| (၁-၆-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၅၉) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂-၆-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၂၉) ခုနှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ(၆၅၃)ခု၊ စုစုပေါင်း (၇၈၂)ခုတွင်–

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၄) ဦး တွေ့ရှိရပါသည်။

၂။ (၂-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၃၂) ဦး ရှိပါသည်။

၃။ (၂-၆-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ် ဆက်တိုက်ပိုးမတွေ့ရှိသူ အသစ် (၅) ဦး (Case- 106, 128, 181, 185, 186) ရှိခဲ့သဖြင့် စုစုပေါင်း (၁၄၃) ဦးရှိပြီး ၎င်းတို့အနက် (၁၃၁) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁-၆-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂-၆-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၄၂) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂၉) ခု |
| (၂-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၅၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၄) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၄) ဦး | (၂၃၂) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၅) ဦး | (၁၄၃) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၂-၆-၂၀၂၀)ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု ည (၈:၀၀) နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID-19 ရောဂါအတည်ပြု လူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှုခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 229 | ၂၉ နှစ် | မ | ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီ အထူးကုဆေးရုံ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မင်္ဂလာဒုံမြို့နယ်) |
| 230 | ၃၁ နှစ် | ကျား | ရွာငံမြို့နယ် ရှမ်းပြည်နယ် (တောင်ပိုင်း) | မရှိ | ရှိ (တရုတ်) | စဝ်စံထွန်း ပြည်သူ့ဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွာငံမြို့) |
| 231 | ၃၀ နှစ် | မ | မူဆယ်မြို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) | မရှိ | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ မူဆယ်မြို့ | တွေ့ရှိ | - |
| 232 | ၂၃ နှစ် | ကျား | မင်းတပ်မြို့နယ် ချင်းပြည်နယ် | မရှိ | ရှိ (မလေးရှား) | ပြည်သူ့ဆေးရုံကြီး ဟားခါးမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မင်းတပ်မြို့) |

## ရှမ်းပြည်နယ်မှထွက်ကုန်များ ဈေးကွက်ရရှိရေး မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းများက ကူညီဖြန့်ဖြူးပေး

**မန္တလေး ဇွန် ၂**

ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေးထွက်ကုန်များအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း ဈေးနှုန်းနှင့် ဝယ်လိုအား ကျဆင်းမှုများ ဖြစ်ပေါ်လျက်ရှိရာ ထိုအခက်အခဲကို ဖြေရှင်းပေးရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ်သည် တောင်ကြီးမြို့နယ် ပင်းတယမြို့နယ်များရှိ ဂေါ်ဖီထုပ်စိုက်ပျိုးသောတောင်သူများထံမှ တစ်ထုပ်လျှင် ကျပ် ၁၅၀ နှုန်းဖြင့် အထုပ်ရေ ၅၀၀၀ ကို ဝယ်ယူပြီး မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် ချိတ်ဆက်၍ ၁၂ ဘီးယာဉ်ကြီးများဖြင့် သယ်ဆောင်ကာ မန္တလေးခရိုင် ခြောက်ခု၊ သာစည်၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ မြစ်သား၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ ငါန်းဇွန် စသည့် ၁၆ မြို့နယ်ရှိ သမဝါယမ အသင်းသားပြည်သူများထံသို့ လက်ဝယ်အရောက် သက်သာသောဈေးနှုန်းဖြင့် တစ်ထုပ်လျှင် ငွေကျပ် ၁၅၀ နှုန်းဖြင့်သာ အမြတ်မယူဘဲ ပြန်လည်ရောင်းချပေးခြင်းတို့ကို သမဝါယမကဏ္ဍအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

**သတင်းစဉ်**



# တပ်မတော်သားများနှင့်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၂**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများ ပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို မေ ၂၈ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၄၃ မြို့နယ်ရှိ နေရာ ၁၀၄ နေရာများတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်း ကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၁၃၆ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၈ ကီလိုဂရမ်၊ ရေဂါလန် ၈၆၄၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မေ ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်အတွင်း COVID-19 ကာကွယ်နိုင်ရန် ပိုးသတ်ဆေးဖျန်းစဉ်။



မေ ၂၈ ရက်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် COVID-19 ကာကွယ်နိုင်ရန် ပိုးသတ်ဆေးဖျန်းစဉ်။



မေ ၂၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်း COVID-19 ကာကွယ်နိုင်ရန် ပိုးသတ်ဆေးဖျန်းစဉ်။



မေ ၂၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း COVID-19 ကာကွယ်နိုင်ရန် ပိုးသတ်ဆေးဖျန်းစဉ်။

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများအတွက် အထက (၁) လမ်းမတော်(စိန့်ဂျွန်း) ကျောင်းသားဟောင်းများနှင့် (၁၉၇၉) ကျောင်းသားဟောင်းမိသားစုများက နှာခေါင်းစည်းများ၊ အခြေခံစားသောက်ကုန်နှင့် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇွန် ၂**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများအတွက် အထက(၁) လမ်းမတော် (စိန့်ဂျွန်း) ကျောင်းသားဟောင်းများနှင့် (၁၉၇၉) ကျောင်းသားဟောင်းမိသားစုများက နှာခေါင်းစည်းများ၊ အခြေခံစားသောက်ကုန်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**လှူဒါန်းရခြင်း ရှင်းလင်း**

အခမ်းအနားတွင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အထက (၁) လမ်းမတော် (စိန့်ဂျွန်း) ကျောင်းသားဟောင်းများကိုယ်စား ဦးကြည်လွင်နှင့် ဦးသန်းနိုင် တို့က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်**

ထို့နောက် ဆေးသုတေသနဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ ဇော်သန်းထွန်းထံ အထက(၁) လမ်းမတော်(စိန့်ဂျွန်း) ကျောင်းသားဟောင်းများနှင့် (၁၉၇၉) ကျောင်းသားဟောင်း မိသားစုများက နှာခေါင်း စည်းများ၊ အခြေခံစားသောက်ကုန်နှင့် အလှူငွေကျပ် ၉၈၇၀၀၀၀ ကို ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **ဇော်မင်းလတ်(MNA)**



# ဇွန် ၂ ရက်တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ ၄ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၃၂ ဦးရှိသွားပြီ

နေပြည်တော် ဇွန် ၂

ယနေ့တွင် ကိုဗစ်–၁၉ ရောဂါပိုး တွေ့ရှိသူ ၄ ဦး ရှိပြီး ၎င်းတို့မှာ အိန္ဒိယ၊ တရုတ်၊ မလေးရှားနိုင်ငံတို့မှ ပြန်လည်ဝင်ရောက်လာသူ ၃ ဦးနှင့် ပြည်ပသို့ ခရီးသွားရာဇဝင် မရှိသူ ရှမ်းပြည်နယ် မူဆယ်မြို့မှ အမျိုးသမီးတစ်ဦးတို့ ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရောဂါပိုးရှိသူ စုစုပေါင်း ၂၃၂ ဦး ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၃၂ ဦးအနက် သေဆုံးသူ ၆ ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၄၃ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၁၃၁ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၂၈၃၀၄ | ၂၃၂ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၄၃ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၀၂၂

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၃၁ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၈၃ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | ပဲခူး | ၇ | ၁ |
| ၄ | စစ်ကိုင်း | ၇ | |
| ၅ | မန္တလေး | ၃ | |
| ၆ | ရှမ်း(ရှေ့) | ၃ | |
| ၇ | ရှမ်း(တောင်) | ၃ | |
| ၈ | ရှမ်း(မြောက်) | ၃ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | ကချင် | ၁ | |
| ၁၅ | တနင်္သာရီ | ၁ | |
| ၁၆ | မွန် | ၁ | |
| | စုစုပေါင်း | ၂၃၂ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂-၆-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၂-၆- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၈၅၉၇၇၂ | ၆၁၅၆၅၃ | ၁၀၆၉၂၉ |
| ၂။ | ဘရာဇီး | ၅၂၉၄၀၅ | ၂၁၁၀၈၀ | ၃၀၀၄၆ |
| ၃။ | ရုရှား | ၄၂၃၇၄၁ | ၁၈၆၉၈၅ | ၅၀၃၇ |
| ၄။ | စပိန် | ၂၈၆၇၁၈ | စိစစ်ဆဲ | ၂၇၁၂၇ |
| ၅။ | ဗြိတိန် | ၂၇၆၃၃၂ | စိစစ်ဆဲ | ၃၉၀၄၅ |
| ၆။ | အီတလီ | ၂၃၃၁၉၇ | ၁၅၈၃၅၅ | ၃၃၄၇၅ |
| ၇။ | အိန္ဒိယ | ၁၉၉၇၈၅ | ၉၅၈၇၅ | ၅၆၁၂ |
| ၈။ | ပြင်သစ် | ၁၈၉၂၂၀ | ၆၈၄၄၀ | ၂၈၈၃၃ |
| ၉။ | ဂျာမနီ | ၁၈၃၇၇၅ | ၁၆၆၄၀၀ | ၈၆၁၈ |
| ၁၀။ | ပီရူး | ၁၇၀၀၃၉ | ၆၈၅၀၇ | ၄၆၃၄ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂ - ၆ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၃၅၈၃၆ | ၂၃၁၇၅ | ၂၄ |
| အင်ဒိုနီးရှား | ၂၇၅၄၉ | ၇၉၃၅ | ၁၆၆၃ |
| ဖိလစ်ပိုင် | ၁၈၉၉၇ | ၄၀၆၃ | ၉၆၆ |
| မလေးရှား | ၇၈၇၇ | ၆၄၇၀ | ၁၁၅ |
| ထိုင်း | ၃၀၈၃ | ၂၉၆၆ | ၅၈ |
| ဗီယက်နမ် | ၃၂၈ | ၂၉၈ | ၀ |
| မြန်မာ | ၂၃၂ | ၁၄၃ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၂ |
| ကမ္ဘောဒီးယား | ၁၂၅ | ၁၂၃ | ၀ |
| လာအို | ၁၉ | ၁၆ | ၀ |

# ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများ၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဇွန် ၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်း နေရပ်စွန့်ခွာသူများအား ကိုဗစ်–၁၉ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ ကာမိုင်း လိုင်နှောင်း IDP စခန်းနှင့် လဝါး RC၊ နန့်စီးအင် ယာယီတိုက်ပွဲရှောင်စခန်း နှစ်ခုသို့ သွားရောက်၍ လက်သန့်ဆေးရည် ၈၆ ဘူး၊ ထုံးအိတ် ၃၀၊ ဆပ်ပြာ ၃၉၅ ခဲ၊ အဝတ်နှာခေါင်းစည်း ၂၆၈ခု၊ အပူချိန်တိုင်း ကိရိယာ သုံးခု၊ Hand Speaker သုံးခုနှင့် ကိုဗစ်–၁၉ အသိပညာပေး အသံဖိုင်ထည့်သွင်း ထားသော Memory Stick သုံးခု တို့ကို သွားရောက်ထောက်ပံ့ ခဲ့သည်။ (ဓာတ်ပုံ)

အလားတူ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်ရှိ (၅)ရပ်ကွက် နှစ်ခြင်းအသင်းတော်ရုံး၊ (၆)ရပ်ကွက် မူကြိုကျောင်း စုစုပေါင်း IDP စခန်း နှစ်ခုသို့ သွားရောက်၍ Hand Speaker နှစ်ခုနှင့် ကိုဗစ်–၁၉ အသိပညာပေးအသံဖိုင် ထည့်သွင်းထား သော Memory Stick နှစ်ခုတို့ကို သွားရောက်ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနအနေဖြင့် ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှု လုပ်ငန်းများအပြင် အသိပညာပေး လုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်း လုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကို နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး တွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ သတင်းစဉ်

# NHL နှင့် MSF တို့ ပူးပေါင်းပြီး မြန်မာသင်္ဘောသားများအတွက် ကိုဗစ်-၁၉ ရောဂါ ကင်းရှင်းကြောင်း ဆေးစစ်ခြင်းနှင့် ဆေးလက်မှတ်ထုတ်ပေးနိုင်ရန် ဆောင်ရွက်ပေးသွားမည်

**ရန်ကုန် ဇွန် ၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (NHL) နှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် (MSF) တို့ ပူးပေါင်းပြီး မြန်မာသင်္ဘောသားများအတွက် ကိုဗစ်-၁၉ ရောဂါ ကင်းရှင်းကြောင်း ဆေးစစ်ခြင်းနှင့် ဆေးလက်မှတ် ထုတ်ပေးခြင်းတို့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများ အဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ကပ္ပတိန် စိုးမင်းအောင် ထံမှသိရသည်။

"ကိုဗစ်-၁၉ ဆေးစစ်တာနဲ့ ဆေးလက်မှတ်ထုတ်ပေးတဲ့ လုပ်ငန်းစဉ်လုပ်ဖို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ကျွန်တော်တို့အနေနဲ့ လိုအပ်ချက်လေးတွေ ဘယ်လို ပူးပေါင်းဆောင်ရွက်လို့ရမလဲဆိုတာ အဆိုပြုခဲ့ပါတယ်။ အဆိုပြုခဲ့ပြီးတဲ့နောက်မှာ ဝန်ကြီးဌာန ကလည်း သဘောတူတယ်။ NHL ကလည်း လုပ်ပေးမယ်။ ဆေးစစ်တဲ့ကိစ္စနဲ့ ဆေးလက်မှတ် ထုတ်တဲ့ကိစ္စကို မေ ၂၁ ရက်က စတင်အကောင်အထည်ဖော်ခဲ့ပါတယ်" ဟု ကပ္ပတိန် စိုးမင်းအောင် က ပြောသည်။

ယနေ့အချိန်ထိ ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ ဆေးစစ်ရန် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများ အဖွဲ့ချုပ်သို့ အွန်လိုင်းမှ စာရင်းပေးထားသည့် သင်္ဘောသားဦးရေ ၉၀ ကျော်ရှိပြီး ဆေးစစ်ထားပြီး ရောဂါပိုးကင်းစင်ကြောင်း ဆေးလက်မှတ် ထုတ်ပေးထားသည့် သင်္ဘောသားဦးရေ ၆၀ ခန့်ရှိကြောင်း မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများ အဖွဲ့ချုပ်မှ သိရသည်။

"ကျွန်တော်တို့နဲ့ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနနဲ့ သဘောတူထားတာလေးက ဆေးစစ်ခံလိုတဲ့ရက်ထက် ၇၂ နာရီကြိုပြီး အကြောင်းကြားရတယ်။ ဆေးစစ်မယ့် လူစာရင်းပို့ရတယ်။ ကျွန်တော်တို့ဆီကို ဆေးစစ်ခံလိုတဲ့ သင်္ဘောသားကို လေးရက် အချိန်ပေးပြီး အွန်လိုင်းကနေ လျှောက်ပါလို့ တိုက်တွန်းထားတယ်။ ဒါမှလည်း NHL ကို စာရင်း ၇၂ နာရီ ကြိုပို့တဲ့အချိန် အဆင်ပြေမယ်လို့ ယူဆတဲ့အတွက် လေးရက် ကြိုလျှောက်ခိုင်းထားတယ်။ ဆေးစစ်တာနဲ့ပတ်သက်ပြီး နိုင်ငံတကာကလည်း အသိအမှတ်ပြုပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ WHO တို့က သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းနဲ့ လုပ်တာဖြစ်တဲ့အတွက်ရော၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှု ဆိုင်ရာဌာနက ထုတ်ပေးတာဖြစ်တဲ့အတွက်ရော နိုင်ငံတကာက လက်ခံပါတယ်" ဟု ကပ္ပတိန် စိုးမင်းအောင်က ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများ အဖွဲ့ချုပ်အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း စာချုပ်သက်တမ်းပြည့်၍ မြန်မာနိုင်ငံသို့ ပြန်လာမည့် သင်္ဘောသားများ အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ ပြန်လာနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းမှုများ ဆောင်ရွက်နေကြောင်းလည်း သိရသည်။

ကပ္ပတိန် စိုးမင်းအောင် က "မြန်မာသင်္ဘောသားတွေ ကိုယ့်နိုင်ငံကို ပြန်လာဖို့အတွက် လေကြောင်းခရီးစဉ်တွေ မရှိသေးဘူး။ သို့သော်လည်း အိန္ဒိယ၊ ဖိလစ်ပိုင်လို နိုင်ငံမျိုးမှာတော့ ခရီးစဉ်တွေကို စီစဉ်ပေးတဲ့အတွက် အခုဆိုရင် အိန္ဒိယသင်္ဘောသားတွေ၊ ဖိလစ်ပိုင်သင်္ဘောသားတွေ လေယာဉ်စင်းလုံးငှား ခရီးစဉ်တွေနဲ့ ပြန်လာကြတာ သတင်းတွေမှာ တွေ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ကိုယ့်နိုင်ငံကနေ သင်္ဘောပေါ် အလုပ်လုပ်ဖို့သွားမယ့် မြန်မာသင်္ဘောသားတွေသွားလိုတဲ့ ခရီးစဉ်သွားဖို့အတွက်၊ လေယာဉ်စင်းလုံးငှား ခရီးစဉ်တွေကို စီစဉ်ပေးဖို့အတွက် လေကြောင်းလိုင်းတွေနဲ့ ညှိနှိုင်းနေပါတယ်။ လေကြောင်းလိုင်းတွေကို အဆိုပြုထားတာကတော့ သွားလို့ရတဲ့မြို့၊ လေဆိပ်ရှိတဲ့မြို့ ကိုးမြို့၊ ၁၀ မြို့လောက်ကို အဆိုပြုထားပါတယ် " ဟု ပြောသည်။

မြန်မာသင်္ဘောသားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ ဆေးစစ်နိုင်ရန် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများ အဖွဲ့ချုပ် (MSF) ၏ Facebook ဖြစ်သည့် www.facebook.com / msf.myanmar သို့ ဝင်ရောက် ကြည့်ရှုပြီး အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်ကြောင်း သိရသည်။

ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် သင်္ဘောသားမှတ်ပုံတင်ထားသူဦးရေ တစ်သိန်းကျော်ရှိပြီး နှစ်စဉ်သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်နေသည့် အရာရှိအပါအဝင် သင်္ဘောသား ဦးရေငါးသောင်းကျော်ရှိကာ နှစ်စဉ် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိစေရန် ရှာဖွေပေးလျက် ရှိကြောင်း သိရသည်။



**မင်းသစ်(MNA)/ဓာတ်ပုံ-နေလင်း**

## Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပြည်တွင်းပြည်ပအလှူရှင်များမှ ဆေးပစ္စည်းများ လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID-19) နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်တွင်းပြည်ပအလှူရှင်များအနေဖြင့် အောက်ဖော်ပြပါအတိုင်း ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည်-

**COVID-19 ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၂၉.၅.၂၀၂၀)(၁၈:၀၀)နာရီ**

| စဉ် | အလှူရှင်အမည် | အမျိုးအစား | ပမာဏ | ခန့်မှန်းတန်ဖိုး (ကျပ်သိန်းပေါင်း) |
|---|---|---|---|---|
| ၁ | နိုင်ငံတော်နှင့် အကျိုးတူ ကျောက်စိမ်း ကျောက်မျက် တူးဖော်ရေးလုပ်ငန်းရှင်များ အဖွဲ့နှင့် ဦးစိန်ဝင်း+ ဒေါ်ခင်သန်းကြည်၊ ကျောက်စိမ်းတောင် ကျောက်မျက်ကုမ္ပဏီ | PPE full set | 50,000 | 22,000.00 |
| ၂ | Korea Embassy | COVID test kit | | 7,500.00 |
| ၃ | Myanmar Shwenagar Agricultural group Co.ltd & China Merchants group | PPE | 4,000 | 1,515.00 |
| | | Goggles | 4,000 | |
| | | mask | 45,000 | |
| ၄ | Rotary Club of Central Yangon (D3350), District 2570, Royal Club of Kawagoe and Rotary Club of Honjo Minami | Syringe Pump | 115 | 861.00 |
| ၅ | Rotary Club of Central Yangon (D3350), District 3630 | Patients Moniotors | 74 | 840.00 |
| ၆ | Hyundai Engineering and construction | VTM | 15,000 | 787.50 |
| ၇ | KOICA Myanmar | RNA Extration kits | | 750.00 |
| ၈ | Rotary Club of Central Yangon (D3350) | Patients Moniotors | 59 | 700.00 |
| ၉ | ကိုရီးယား သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုနှင့် ကိုရီးယားနိုင်ငံရောက် မြန်မာနိုင်ငံသားများ | Hand Med Portable X-Ray machine | 1 | 384.00 |
| ၁၀ | Pyrex Trading Co.ltd | inj Flumox | 5,000 | 75.00 |
| ၁၁ | နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန | KN 95 | 1,440 | 72.00 |
| ၁၂ | ဦးကြည်အေး(ဗဟိုဘဏ် ဥက္ကဋ္ဌ၊(ငြိမ်း))+ဒေါ်ခင်ခင်ဆွေ (အထွေထွေမန်နေဂျာ၊(ငြိမ်း)၊ ကုန်သွယ်ရေး) | Video Laryngoscopes | 2.00 | 65.50 |
| ၁၃ | ဦးလှယုံ + ဒေါ်မီမီဝင်း ချူးရင့် မိသားစု (ကလေးမြို့) နှင့် Htunn Group Logistics | PPE, Goggles, Mask, Glove , Facesheild | 100 | 40.00 |
| ၁၄ | ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန | KN95 | 500 | 25.00 |
| ၁၅ | Advanced Synergy Co.ltd | PPE, Long Gloves, Goggles, Shoe, N95 | 60 | 21.00 |
| | **စုစုပေါင်း** | | | **35,636** |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေး ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေး ဖော်ပြအပ်ပါသည်-

**Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ**

# MyCO စနစ်ဖြင့် မှတ်ပုံတင်သည့် ကုမ္ပဏီ နှစ်နှစ်အတွင်း ရှစ်သောင်းခန့်ရှိ

**ရန်ကုန် ဇွန် ၂**

MyCO စနစ်ဖြင့် မှတ်ပုံတင်သည့် ကုမ္ပဏီနှစ်နှစ်အတွင်း ရှစ်သောင်းခန့်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

၂၀၁၇ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ကုမ္ပဏီဥပဒေအရ အီလက်ထရွန်နစ် မှတ်ပုံတင်စနစ်(MyCO)အသုံးပြု၍ မှတ်ပုံတင်ရမည်ဖြစ်ကာ အဆိုပါစနစ်ကို ၂၀၁၈ ခုနှစ် ဩဂုတ် ၁ ရက်မှ စတင်ကျင့်သုံးလျက်ရှိရာ ယခုနှစ် မေလကုန်အထိ ကုမ္ပဏီအသစ် ၃၀၇၅၄ ခုနှင့် ပြန်လည်မှတ်ပုံတင်သည့် ကုမ္ပဏီအဟောင်း ၄၆၃၇၇ ခုတို့ကို မှတ်ပုံတင်နိုင်ခဲ့သည်။

အဆိုပါ အီလက်ထရွန်နစ် မှတ်ပုံတင်စနစ်အသုံးပြု၍ မှတ်ပုံတင်သည့် ကုမ္ပဏီအသစ်မှာ လစဉ်တစ်ထောင်ကျော်ရှိပြီး စတင်ကျင့်သုံးသည့် ၂၀၁၈ ခုနှစ် ဩဂုတ်တွင် ကုမ္ပဏီ ၁၈၁၆ ခု၊ စက်တင်ဘာတွင် ကုမ္ပဏီ ၂၂၁၈ ခု၊ အောက်တိုဘာတွင် ကုမ္ပဏီ ၁၆၇၁ ခု၊ နိုဝင်ဘာတွင် ကုမ္ပဏီ ၁၄၃၁ ခု၊ ဒီဇင်ဘာတွင် ကုမ္ပဏီ ၁၃၆၄ ခုရှိကြောင်း၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီတွင် ကုမ္ပဏီ ၁၇၃၃ ခု၊ ဖေဖော်ဝါရီတွင် ကုမ္ပဏီ ၁၄၁၉ ခု၊ မတ်လတွင် ကုမ္ပဏီ ၁၁၀၈ ခု၊ ဧပြီတွင် ၁၀၄၅ ခု၊ မေတွင် ၁၄၁၁ ခု၊ ဇွန်တွင် ၁၃၀၇ ခု၊ ဇူလိုင်တွင် ၁၄၂၈ ခု၊ ဩဂုတ်တွင် ၁၃၀၂ ခု၊ စက်တင်ဘာတွင် ၁၁၈၁ ခု၊ အောက်တိုဘာတွင် ၂၀၅၉ ခု၊ နိုဝင်ဘာတွင် ၁၆၁၅ ခုနှင့် ဒီဇင်ဘာတွင် ၁၇၇၂ ခု ရှိကြောင်း၊ ယခုနှစ် ဇန်နဝါရီတွင် ၁၄၁၅ ခု၊ ဖေဖော်ဝါရီတွင် ၁၂၉၈ ခု၊ မတ်တွင် ၁၀၁၅ ခု၊ ဧပြီတွင် ၃၄၈ ခုနှင့် မေတွင် ၇၉၈ ခုရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ သိရသည်။

လက်ရှိ အဆိုပါ အီလက်ထရွန်နစ် မှတ်ပုံတင်စနစ်အသုံးပြု၍ မှတ်ပုံတင်ရာတွင်လည်း Manual Filings ကို အသုံးမပြုဘဲ Online Application ကိုသာ ၁၀၀ ရာခိုင်နှုန်း အသုံးပြုလာကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက သိရသည်။

ထို့အပြင် မှတ်ပုံတင်ထားသော ကုမ္ပဏီ (အဟောင်း + အသစ်)များအနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီအားလုံးသည် ဥပဒေပုဒ်မ ၉၇ အရ Myanmar Companies Online (MyCO) တွင် နှစ်စဉ်အစီရင်ခံစာကို ဖွဲ့စည်းတည်ထောင်သည့်နေ့မှ နှစ်လအတွင်းနှင့် နှစ်စဉ်အနည်းဆုံး တစ်ကြိမ် (နှစ်ပတ်လည်ကုန်ဆုံးပြီးနောက် တစ်လထက် နောက်မကျဘဲ)တင်ပြရမည်ဖြစ်ကြောင်း၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၂၆၆ (က) အရ နှစ်စဉ်အစီရင်ခံစာ ပေးပို့သည့်အချိန်နှင့် တစ်ပြိုင်တည်း ၎င်း၏ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများကို ပုံစံ ဆ-၅ (G-5) ဖြင့် တင်ပြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မ ၅၃(က-၁) အရ ပြည်ပကော်ပိုရေးရှင်း (overseas corporation) အားလုံးသည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ၂၈ ရက်အတွင်း နှစ်စဉ်အစီရင်ခံစာကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် MyCO တွင် တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကုမ္ပဏီများသည် နှစ်စဉ်အစီရင်ခံစာ (Annual Return-AR) ကို AR Due Date ဖော်ပြထားသည့် ရက်စွဲအတိုင်း တင်ပြရမည်ဖြစ်သော်လည်း ယခုနှစ် မေလကုန်အထိ AR တင်ပြရန် ပျက်ကွက်ခဲ့သော Suspended ဖြစ်နေသည့် ကုမ္ပဏီစုစုပေါင်း ၁၂၅၅၅ ခု ရှိကြောင်း သိရသည်။

ထို့ကြောင့် အသစ်တည်ထောင်ထားသော ကုမ္ပဏီများသည် ကုမ္ပဏီဖွဲ့စည်းပြီးသည့်နေ့မှ နှစ်လအတွင်း တင်ပြရန်နှင့် မတင်ပြပါက နောက်ကျကြေးငွေကျပ်တစ်သိန်း ပေးဆောင်ရမည် ဖြစ်ကြောင်း၊ နှစ်စဉ်အစီရင်ခံစာအား ၁၃ လအတွင်း မတင်ပြပါက တင်ပြရန် ပျက်ကွက်ခဲ့မှုအတွက် ပုံစံ (ဈ-၉က) (I-9A) ဖြင့် system မှ Company Status တွင် ရပ်ဆိုင်းရန် အကြောင်းကြားစာပေးပို့မည်ဖြစ်ကာ I-9A လက်ခံရရှိသည့်နေ့မှ ၂၈ ရက်အတွင်း နှစ်စဉ်အစီရင်ခံစာတင်ပြလာခြင်း မရှိသေးပါက system မှ Company Status တွင် ဆိုင်းငံ့စာရင်း (Suspended) သို့ ပြောင်းလဲမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကုမ္ပဏီတစ်ခုသည် ဆိုင်းငံ့စာရင်း (Suspended) အခြေအနေသို့ ရောက်ရှိနေပါက နှစ်စဉ်အစီရင်ခံစာနှင့် နောက်ကျကြေးများ ( AR + Late Fee)ဦးစွာပေးသွင်းပြီးမှ ဆိုင်းငံ့ထားခြင်းကို ပြန်လည်ရုပ်သိမ်းရန်အတွက် တင်ပြလျှောက်ထားလွှာပုံစံ (ဈ-၉ဃ) (I-9D) ဖြင့် ဆိုင်းငံ့စာရင်းမှ ပယ်ဖျက်ပေးပါရန် တင်ပြရမည်ဖြစ်ကြောင်း၊ ဆိုင်းငံ့စာရင်း (Suspended) ဖော်ပြခံထားရသော ကုမ္ပဏီများအနေဖြင့် ဆိုင်းငံ့စာရင်းမှ ပယ်ဖျက်ရန်အတွက် AR Fee (50000) + Late Fee (100000) + I-9D Company Restoration Fee (100000) = Ks 250000 ကုန်ကျမည်ဖြစ်ကြောင်း၊ ဆိုင်းငံ့စာရင်း (Suspended) စတင်ဖော်ပြခံရသည့်နေ့မှ ခြောက်လအတွင်း နှစ်စဉ်အစီရင်ခံစာ(AR Form )မတင်ပြပါက System မှ Company Status တွင် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း (Struck Off)အဖြစ် ပြောင်းလဲဖော်ပြမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ အသိပေးထုတ်ပြန်ထားသည်။

**ငြိမ်းငြိမ်း**




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီ တောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲသွားရန် အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးအပါအဝင် ဆည်ငယ်၊ ကန်ငယ်များတွင် သိုလှောင်ထားရှိသောရေများကို ဒေသအလိုက် စိုက်ပျိုးရေ၊ သောက်သုံးရေ လိုအပ်မှုများအတွက် စနစ်တကျ စီမံဆောင်ရွက်ပေးဝေလျက်ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ဆည်တစ်ခုချင်းစီအလိုက် ရေပေးဝေနိုင်မည့် ရေပမာဏများကိုလည်း ဌာနမှထုတ်ပြန်ကြေညာသွားမည်ဖြစ်သည့်အပြင် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှု လုပ်ငန်းများကိုလည်း ရေအသုံးချသူများအဖွဲ့ (WUG) များနှင့်အတူ "ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်" ဖြင့် လက်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။ အားလုံးသော ရေသုံးစွဲသူ တောင်သူများအနေဖြင့်လည်း ဆည်ရေကို စနစ်တကျအကျိုးရှိစွာ သုံးစွဲရန် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှု နည်းပါးကာ မိုးရာသီကာလအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေ လိုအပ်ချက်များကို ထိရောက်စွာ ပေးဝေစီမံသွားနိုင်မည် ဖြစ်သည့်အတွက် တောင်သူများအားလုံး အထူးအလေးထားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂ - ၆ - ၂၀၂၀

**ရွှေ**

| | | |
|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား ကျပ် ၁၂၁၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား ကျပ် ၁၁၄၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား ကျပ် ၁၂၁၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား ကျပ် ၁၁၄၃၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၂၀ ကျပ် | ၅၁၅/၅၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၃၅ ကျပ် | ၅၃၀/၅၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၄၁၀/၄၆၀ ကျပ် | ၄၈၀/၄၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၅၄၀/၅၆၅ ကျပ် | ၆၁၅/၆၃၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၉၆ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၆၁ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၉၉၆ . ၈၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၇၅၃ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၉၆ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၉၅၆ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၁၉၆ . ၆၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၈ . ၅၆၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၁၄ . ၃၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၂၆ . ၃၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၄ . ၃၁၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၀၅၀၀ | ၈၂၉၀ | ၈၇၁၉၁၅၀၀ |
| MTSH | ၃၈၅၀ | ၃၈၀၀ | ၁၀၀၆ | ၃၈၁၈၁၅၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၁၂ | ၉၇၂၀၀ |
| FPB | ၂၃၅၀၀ | ၂၃၅၀၀ | ၅၅ | ၁၂၉၂၅၀၀ |
| TMH | ၂၈၅၀ | ၂၇၅၀ | ၂၀၁ | ၅၅၂၈၅၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၄၀၁၈ | ၁၀၈၄၈၆၀၀ |

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# တက္ကသီလာ မြကျွန်းသာမှာ ပညာရည်နို့သောက်စို့ခဲ့ပါသည်

## အပိုင်း(၃)

**စန်းနီလာဝင်း**

**အမိရန်ကုန်တက္ကသိုလ်မှ ခေတ်အဆက်ဆက် ကျေးဇူးရှင်ဆရာ ဆရာမများနှင့် ကျောင်းတော်သူ ကျောင်းတော်သားကြီးတို့၏ ကောင်းမြတ်သောအမွေ အစဉ်အားကျမြတ်နိုးနေ**

သုံးလောကထွတ်ထား မြတ်ဗုဒ္ဓဘုရားက "ပညာ" ၏ အနှစ်သာရနှင့် စပ်လျဉ်း၍ "ပညာနရာနံ ရတနံ" – ပညာသည်ကား လူသားအားလုံး၏ ရတနာစစ် ရတနာမှန်ဖြစ်သည်ဟု လည်းကောင်း၊ ပညာသည် လူ့အဖွဲ့အစည်းတစ်ခုလုံးကို အလင်းရောင်ပေးသဖြင့်"ပညာသမာ အာဘာနတ္ထိ" – ပညာနှင့်တူသော အလင်းရောင်ဟူသည် မရှိနိုင် ဟူ၍လည်းကောင်း ဟောပြောညွှန်ပြတော်မူခဲ့ပါသည်။

မည်သည့် ပညာရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ ပညာရေးနယ်ပယ်၌"ပညာရှင်"



ပြည်လမ်းဘက်မှ ရန်ကုန်တက္ကသိုလ်သို့ အဝင်ပေါက်။

ရော"ပညာသင်"တို့ပါ အစဉ်သဖြင့် "ပညာပြည့်ဝနှလုံးလှ"အောင်၊ "ပညာလည်းတတ် ကိုယ်ကျင့်မြတ်" အောင် အားထုတ်ကျင့်ကြံကြရပါမည်။ "သဒ္ဓါလွန်လျှင် ကွန့်သည်၊ ပညာလွန်လျှင် ဆွံ့သည်၊ ဝီရိယလွန်လျှင် ပျံ့သည်၊ သမာဓိလွန်လျှင် တွန့်သည်၊ သတိမူကား လွန်သည်မရှိပါ၊ ပညာဟူသည် သိရုံသက်သက်သာမဟုတ်။ ကိုယ်ကျင့်တရားကောင်းမွန်အောင်အားထုတ်ရပါသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ မင်္ဂလသုတ်တွင် "ဗာဟု သစ္စဉ္စ၊ ဝိနယောစ သုသိက္ခိတော" – အကြားအမြင် အသိပညာ အတတ်ပညာတတ်မြောက်ခြင်းနှင့် ကိုယ်ကျင့်သိက္ခာရှိခြင်း" တို့ကို တစ်ဆက်တစ်စပ်တည်း ဟောကြားတော်မူခဲ့ပါသည်။

လွန်ခဲ့သည့် ၁၉၉၅ ခုနှစ်က ကျင်းပခဲ့သော ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင် အခမ်းအနားကြီးတွင် အမိရန်ကုန်တက္ကသိုလ်မှ ခေတ်အဆက်ဆက်ကျေးဇူးရှင် ဆရာ ဆရာမများနှင့် မိဘအရွယ်၊ နောင်တော်ကြီး၊ အစ်မကြီးအရွယ် ကျောင်းတော်သူ ကျောင်းတော်သားအချို့နှင့် ဖက်လဲတကင်း ရင်းနှီးနွေးထွေးစွာ တွေ့ကြုံခဲ့ရသဖြင့် အလွန်ကုသိုလ်ထူးလှသည်ဟု ဆိုချင်ပါသည်။

၁၉၂၈ ခုနှစ် ကိုလိုနီခေတ် ရန်ကုန်တက္ကသိုလ် ငွေရတုခေတ်ဦးမှ အသက် ၈၉ နှစ်ရှိ အဘိုးအရွယ်ကျောင်းတော်သားကြီး ဦးဘိုကြီးက "ကျွန်တော်က ၁၉၂၈ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ကို စရောက်တဲ့နှစ်မှာပဲ ပဲခူးဆောင်စဖွင့်လို့ အဆောင်မှာနေခဲ့ပါတယ်။ သည်တုန်းက ဆရာ ဦးဖေမောင်တင် (မြန်မာစာ/ ပါဠိ) က အဆောင်မှူးပေါ့။ အဆောင်ခက ၂၅ ကျပ်၊ ကျောင်းလခက "အိုင်အေ"(IA=Intermediate of Arts) "ဥပစာတန်း" အပိုင်း(က)ရော (ခ) ပါ ၁၂ ကျပ်။ အဆောင်မှာနံနက်အစောပိုင်းကော်ဖီတစ်ကြိမ်တိုက်တယ်။ နံနက် ၈ နာရီခွဲမှာ နံနက်စာ ထမင်း၊ နေ့လယ်မှာ ကော်ဖီနဲ့ မုန့် တစ်ခုခုကျွေးတယ်။ ညနေကျောင်းပြန်ချိန်မှာ ကော်ဖီနဲ့မုန့်ထပ်ကျွေးတယ်။ ညပိုင်းမှာတော့ ညစာကျွေးတယ်။

ထမင်းစားကြရာမှာလည်း လေးဦးစီ ထိုင်ရတယ်။ ဒါပေမယ့် တစ်ဆောင်တည်းက လေးဦးမထိုင်ရဘူး။ ဥပမာ ပဲခူးဆောင်က နှစ်ဦး၊ သထုံဆောင်က နှစ်ဦး။ တစ်ဦးနဲ့ တစ်ဦး ခင်မင်စေရအောင် မျှတထိုင်ရတယ်။ ပဲခူး၊ စစ်ကိုင်းနဲ့ သထုံဆောင်တို့က ကျောင်းသားတွေ ထမင်းစားခန်းမှာ အတူတကွ စားကြတယ်။ ထမင်းဟင်းကို တစ်ဆောင်စီက ကျောင်းသားကိုယ်စားလှယ် နှစ်ဦးစီ အလှည့်ကျပါဝင်ပြီး ကိုယ်စားလှယ်ခြောက်ဦးတို့က ညွှန်ကြားတဲ့အတိုင်း အဆောင်ထမင်းဟင်းကို စားဖို့မှူးက ချက်ပေးရတယ်။

အဲဒီတုန်းက ကျောင်းအုပ်တွေက "မစ္စတာစလေ့" နဲ့ "ဒေါက်တာပီးကော့" တို့ ဖြစ်တယ်။ ကျွန်တော်တို့ကျောင်းတက်ခါစက ဝိဇ္ဇာဘာသာရပ်များကိုသာ သင်ပေးတယ်။ ၁၉၃၃ ခုနှစ်လောက်ရောက်မှ သိပ္ပံပညာရပ် အချို့ကို စတင်သင်ကြားပေးတယ်။ အရင်တုန်းက အခုလိုစာသင်ခန်းတွေ မရှိသေးဘူးဗျ။ ကျောင်းဝင်း ထဲမှာပဲ အဆောင်နဲ့ ခပ်ဝေးဝေးမှာ သွားတက်ရတယ်။

၁၉၂၈ ခုနှစ် ပထမနှစ်မှာ ဝိဇ္ဇာဘာသာရပ်ကိုယူတယ်။ သင်္ချာလည်းယူတယ်။ ၁၉၂၉–၃၀ ခုနှစ် ဒုတိယနှစ်မှာတော့ Public Health ဆိုတဲ့ ဘာသာရပ်အသစ်ကို ပြောင်းယူလိုက်တယ်။ သင်္ချာကိုလည်း မယူတော့ဘူး။ ကျွန်တော်တစ်ယောက်တည်း ခုံနံပါတ်ထုတ်ပေးဖို့ ကိုးလိုးကန့်လန့်ဖြစ်နေတယ်။ "မနှစ်ကတစ်မျိုး၊ ဒီနှစ်တစ်မျိုးပြောင်းတယ်။ သင်္ချာယူချင် ယူ၊ မယူရင် မဖြေရဘူး"လို့ ကျောင်းအုပ် "မစ္စတာစလေ့" က ပြောတယ်။ "အီကို" (Eco) ပရော်ဖက်ဆာကြီးက ကျွန်တော့်ဘက်က လိုက်ပြောပေးတယ်။


ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ။

**"ထမင်းစားကြရာမှာလည်း လေးဦးစီ ထိုင်ရတယ်။ ဒါပေမယ့် တစ်ဆောင်တည်းက လေးဦးမထိုင်ရဘူး။ ဥပမာ ပဲခူးဆောင်က နှစ်ဦး၊ သထုံဆောင်က နှစ်ဦး။ တစ်ဦးနဲ့ တစ်ဦး ခင်မင်စေရအောင် မျှတထိုင်ရတယ်။ ပဲခူး၊ စစ်ကိုင်းနဲ့ သထုံဆောင်တို့က ကျောင်းသားတွေ ထမင်းစားခန်းမှာ အတူတကွ စားကြတယ်။ ထမင်းဟင်းကို တစ်ဆောင်စီက ကျောင်းသားကိုယ်စားလှယ် နှစ်ဦးစီ အလှည့်ကျ ပါဝင်ပြီး ကိုယ်စားလှယ် ခြောက်ဦးတို့က ညွှန်ကြားတဲ့အတိုင်း အဆောင်ထမင်းဟင်းကို စားဖို့မှူးက ချက်ပေးရတယ်"**

မရဘူး။ ဒါနဲ့ ၁၉၃၀ ပြည့်နှစ် ဖေဖော်ဝါရီလလောက်မှာ ကျွန်တော် ကျောင်းထွက်လိုက်တယ်။

ပဲခူးဆောင်မှာ နေခဲ့ရတာ သိပ်ပျော်ဖို့ကောင်းပါတယ်။ ဒီနေရာမှတိုက်ဆိုင်တာနဲ့ ပျော်စေ၊ ပျက်စေ ကလက်စေ သဘောပဲထားပါတော့။ သူငယ်ချင်း "သခင်ဗစိန်" (နောင်–ဂျပန်ခေတ်၌ ဆည်မြောင်းနှင့် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဖြစ်ခဲ့သူ)နဲ့ကျွန်တော်က ဘာသာရပ်အတွဲတူတော့ အတူတူထိုင်ကြတယ်။ စာမေးပွဲနီးလို့ ပဲခူးဆောင် တတိယအဆောင်မှူး(Sub. Assistant Warden) ဦးသောင်းစိန် (နောင်–အိုင်စီအက်စ်) ရဲ့အခန်းမှာ စာကျက်နေတုန်း သထုံဆောင် ဒုတိယအဆောင်မှူး ဦးလူဖေဝင်း (နောင်– ကျောက်စာဝန်) က လှမ်းခေါ်တယ်။ "ဟေ့တပည့်တို့ရေ လာကြစမ်းပါဦး" ဆိုတော့ ဘာတွေများ ဖြစ်နေသလဲဆိုပြီး ကျွန်တော်တို့က အပြင်ထွက်လာကြတယ်။ "ကြည့်စမ်းပါဦးကွာ"တဲ့၊ "ငါ့တူမကို ကြိုက်တာနဲ့ ဦးလေးဖြစ်တဲ့ ငါ့ကို စာပေးခိုင်းတယ်" ဆိုပြီး ဦးလူဖေဝင်းက ပြောလိုက်တယ်။ ဗစိန်က သထုံဆောင်လှေကားအနီး အခန်းမှာနေတယ်။ ဆရာဦးလူဖေဝင်းရဲ့တူမ သူငယ်မလေးက အပေါ်ထပ်ကို တက်သွားတော့ ဗစိန်က မြန်မြန်နောက်က လိုက်သွားတယ်။ သူငယ်မလေးက ဦးလူဖေဝင်း အခန်းထဲဝင်အသွား၊ ဆရာဦးလူဖေဝင်းက ထွက်အလာ "ဟေ့ ဗစိန် ဘာလုပ်သလဲ" မေးလိုက်တော့ ဗစိန်က ကယောင်ကတမ်းနဲ့ ရှော့ရှော့ ဆရာ၊ ဟိုသူငယ်မလေးကို ပေးပေးစမ်းပါ" ဆိုပြီး ဆရာ့လက်ထဲကို စာထည့်လိုက်မိတယ်။ အခုတော့ ပြီးတာတွေ ပြီးပါပြီ။ သခင်ဗစိန်လည်း ကွယ်လွန်ပါပြီ၊ ဦးလူဖေဝင်းလည်း ကွယ်လွန်ပါပြီ၊ သူငယ်မလေးလည်းမရှိတော့ပါဘူး ဒါပါပဲ" ဟု ပွင့်ပွင့်လင်းလင်း ပြောပြလိုက်ရာ အားလုံးမပြုံးဘဲ ဝါးလုံးကွဲရယ်မောခဲ့ကြရပါသည်။

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ပွဲကြီး ကျင်းပခဲ့စဉ် ထိုစဉ်က ရဟန်းဘဝသို့ရောက်ရှိနေတော်မူသည့် ဦးပဥ္ဇင်း "ဦးပညာသာမိ" (လူပုဂ္ဂိုလ်အမည် ဦးဘမျိုး) သည်လည်း ကိုလိုနီခေတ် ၁၉၃၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ပဲခူးဆောင်နေဗိုလ်ချုပ်အောင်ဆန်းနှင့် ကျောင်းနေဖက်ဖြစ်ခဲ့ရာ ဦးပဥ္ဇင်းက "၁၉၃၂ ခုနှစ်မှာ ပဲခူးဆောင်ကို ရောက်လာပါတယ်။ အဲဒီတုန်းက ပဲခူးဆောင်အဆောင်မှူးက ဦးဘဖြစ်ပါတယ်။ လက်ထောက်အဆောင်မှူးက ဦးဖိုးသာ ဖြစ်ပါတယ်။ ပဲခူးဆောင်မှာ သုံးနှစ်နေခဲ့ပါတယ်။ ပဲခူးဆောင်က စည်းကမ်းကြီးတယ်။ ထမင်းစားခန်းကို အပေါ်အင်္ကျီမပါဘဲ မသွားရဘူး။ လေးယောက် တစ်စားပွဲ ထိုင်စားကြရတယ်။ ကျောင်းသားတွေ ကိုယ်တိုင်က တစ်နေ့တာအတွက် ဘာတွေစားကြမယ်ဆိုတာကို ဆန္ဒပြုရတယ်။ သက်သတ်လွတ်စားမယ်ဆိုရင် အနည်းဆုံး တစ်စားပွဲစာ (လေးယောက်) စုစည်းစားသောက်ရတယ်။ သက်သတ်လွတ်ဆိုပေမယ့် အချက်အပြုတ်ကလည်းကောင်း အဆီအနှစ်ကလည်း ရှိတယ်ဆိုတော့ အလွန်စားလို့ကောင်းတယ်။

ပဲခူးဆောင်မှာ လှုပ်ရှားမှုတွေလည်း များတယ်။ သဟာယနဲ့ စာဖတ်အသင်းမှာဆိုရင် ကျောင်းသားတွေ ဗဟုသုတရရှိစေဖို့ ဆွေးနွေးပွဲတွေ လုပ်ကြတယ်။ ကျောင်းသားတွေကပဲ ဦးဆောင်လုပ်တယ်။ ဆရာတွေက ကြီးကြပ်ပေးတယ်။

*စာမျက်နှာ ၂၁ သို့*

# ရန်ကုန်တက္ကသိုလ်ရာပြည့်ဂုဏ်ပြုဆောင်းပါး

*စာမျက်နှာ ၂၀ မှ*

ကမ္ဘာ့စီးပွားရေး ကျဆင်းနေတဲ့ အချိန်မှာ မြန်မာနိုင်ငံမှာလည်း စီးပွားရေး အကျပ်အတည်းတွေ ဖြစ်လာတယ်။ မြန်မာနိုင်ငံရဲ့ စပါးကို “ဘူလင်ဂျာပူး” အဖွဲ့က ထိန်းချုပ်ထားတာကြောင့် စပါးဈေးသိပ်ကျသွားတယ်။ စပါး ၁၀၀ ကိုမှ ကျပ် ၅၀ ပဲရတယ်။ စပါးဈေးကျလာတော့ တိုင်းပြည်ရဲ့ စီးပွားရေးပါ ကျဆင်းလာတယ်။ အဲဒီအချိန်မှာ ပဲခူးဆောင် သဟာယနဲ့ စာဖတ်အသင်းရဲ့ အစီအစဉ်တစ်ခု အနေနဲ့ စကားရည်လုပွဲ ပြုလုပ်တယ်။ “University education is not necessary at this juncture” ဆိုတဲ့အကြောင်းအရာ အပေါ်မှာ ဦးပဥ္စင်း၊ ဦးဘသွင်(မြတ်)၊ မစ္စတာ မိုဝပ် (Mouct) ဆိုတဲ့ ကပြားတစ်ယောက်ပါဝင်ပြီး အဆိုတင်သွင်းရတယ်။ အချေဘက်က ကိုအောင်ဆန်းနဲ့ သုံးဦးဖြစ်တယ်။ အင်္ဂလိပ်လို အဆိုအချေလုပ်ရတယ်။ ကိုအောင်ဆန်းက စားပွဲတွေ ထုထုပြီး မာန်နဲ့ပြောတယ်။

အနိုင်အရှုံးကို ဒိုင်လူကြီးနဲ့ ဆုံးဖြတ်တာ မဟုတ်ပါဘူး။ အောက်က နားထောင်တဲ့ သူတွေက လက်ထောင်ပြပြီး ဆန္ဒပေး ဆုံးဖြတ်ရတယ်။ ကိုအောင်ဆန်းတို့ အချေဘက်က နိုင်သွားပါတယ်” ဟု မိန့်ကြားတော်မူသွားခဲ့သည်မှာလည်း ကျွန်တော်တို့ ရွှေရတုသဘင်ခေတ် ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝတွင် မတွေ့ကြုံခဲ့ဖူးသည့် အတွေ့အကြုံဆန်းများ ဖြစ်နေသောကြောင့် ဂုဏ်ယူလေးစားခဲ့ရပါသည်။

အလားတူ ဗိုလ်ချုပ်အောင်ဆန်း ရန်ကုန်တက္ကသိုလ် ကျောင်းသားဘဝတွင် ပဲခူးဆောင်၌ပင် အတူနေထိုင်ခဲ့သူ ဦးကိုကိုကလည်း “ကျွန်တော်က ၁၉၃၄-၃၅ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ရောက်ပြီး ပဲခူးဆောင်မှာနေခဲ့ပါတယ်။ တစ်ညနေမှာ ကိုအောင်ဆန်းက ကျွန်တော့်ရဲ့ အခန်းထဲရောက်လာပြီး ဘာတွေသင်သလဲဆိုပြီး Lecture Notes လာကြည့်တယ်။ “ခင်ဗျားကလည်း ခင်ဗျားအိပ်ရာပေါ် ထိုင်လည်း ကြိုက်တဲ့လူမဟုတ်ဘူး။ ပက်လက် ကုလားထိုင်လည်း မထားဘူး။ ဒီတော့ဗျာ ကျွန်တော် ကုလားထိုင်မှာပဲ ထိုင်မယ်” တဲ့။ အဲဒီနောက် Lecture Notes ကို ယူသွားဦး မယ်တဲ့။ ကျွန်တော်က “ညမှာ ပြန်ရေးဦးမှာ၊ ပြန်ပေးဦးနော်၊ ပျောက်တော့မပျောက်စေပါနဲ့” လို့ ပြောတော့ ကိုအောင်ဆန်းက ရပါတယ်တဲ့။ ကိုအောင်ဆန်းဟာ မှတ်ဉာဏ်တကယ်ကောင်းတယ်ဗျာ။ တစ်ခေါက်ဖတ်ရင် အကုန်မှတ်မိတယ်။ စာမေးပွဲနားနီးလို့ ဆွေးနွေးကြတဲ့အခါ ကျွန်တော်တို့ တစ်ခါတလေ မမှတ်မိတာရှိရင် သူက ထောက်ပြတယ်။ ပြီးတော့ ပွင့်ပွင့်လင်းလင်းလည်း ပြောတတ်တဲ့လူပါ။

၁၉၃၄- ၃၅ ခုနှစ်မှာ ကျွန်တော်တို့ ပဲခူးဆောင်မှာ “ဟံသာကြေးမုံ” (Pegu Mirror)ဆိုတဲ့ လက်ရေးမဂ္ဂဇင်းထုတ်ခဲ့တယ်။ ၁၉၃၅-၃၆ ခုနှစ်မှာလည်း မောင်ဘို (နောင်-ဗိုလ်မှူးကြီး မောင်ဘို) တို့ ဆက်ပြီး ထုတ်တယ်။ လက်ရေးစာမူစာအုပ် ထုတ်ပြီး အဆောင်မှာ လှည့်ဖတ်ကြတယ်။ ကျွန်တော်က အင်္ဂလိပ်စာ အယ်ဒီတာလုပ်တယ်။ မဂ္ဂဇင်းမှာ ကိုအောင်ဆန်း၊ ကိုနု၊ ဦးကေလင်း (နောင်-စာပေဗိမာန် ကျော်လင်း)၊ ကိုဖေခင် (နောင်-သံအမတ်ကြီး)၊ ကိုစိန်လင်း(နောင်-တရားသူကြီးချုပ်)၊ ကိုသက်တင်(နောင်-ကထိက)၊ ကိုလှရွှေ (နောင်-ပါမောက္ခ) စတဲ့ ကျောင်းသားကြီးတွေ ပါဝင်လုပ်ဆောင်ကြတော့ မဂ္ဂဇင်းဖြစ်လာတယ်။

ကျွန်တော်တို့ ပဲခူးဆောင်သဟာယနှင့် စာဖတ်အသင်း ဥက္ကဋ္ဌ ကိုဝင်း(ဘောလုံး လက်ရွေးစင်) က ခင်ဗျား ကိုအောင်ဆန်းကို ရေးခိုင်းဗျာ၊ တခြားလူပြောရင် ဘုပြောနေဦးမယ်။ ခင်ဗျား ကိုအောင်ဆန်းနဲ့ အလွမ်းသင့်တယ်တဲ့။ ပြောတာဆိုတာမှာ ကိုအောင်ဆန်းက တစ်ခါတလေ သိပ်ဘုနှိပ်တယ်။ ကျွန်တော့်ကိုလည်း ဘုနှိပ်တာရှိတာပဲ။ ဒါပေမယ့် သူငယ်ချင်း ငါနောက်တာပါကွာ၊ ကျီစားတာ မခံနိုင်ဘူးလားဆိုပြီး ပြန်ချော့လေ့ရှိတယ်။

အဲဒီလို ကိုအောင်ဆန်းက ဟံသာကြေးမုံမှာ အင်္ဂလိပ်ရေးပေးတော့ အမှန်အတိုင်း ပြောရရင် သူ့ရဲ့ အင်္ဂလိပ်စာအဆင့်အတန်းက သိပ်မြင့်နေတော့ ကျွန်တော်မပြင်တတ်လို့ ဒီအတိုင်းပဲ ထည့်ပေးလိုက်တယ်”ဟုပြောပြရာ ဗိုလ်ချုပ်၏ ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝတွင် အရည်အချင်းပြည့်ဝမှုကို အားကျစံထားလေးစားရပါသည်။

ကိုလိုနီခေတ် ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝတွင် အင်္ဂလိပ်ပညာရေး အာဏာပိုင်များက တက္ကသိုလ်ကျောင်းသား အချင်းချင်း၊ သွေးခွဲခွဲပုံနှင့် စပ်လျဉ်း၍ တော်လှန်ရေးကောင်စီအစိုးရ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး အောင်ရွှေက-“၁၉၃၇-၃၈ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ် စတင်တက်ရောက်ပြီး ဝိဇ္ဇာဘာသာရပ်ကို ယူပါတယ်။ သည်တုန်းက ကြိုက်တဲ့အဆောင်မှာနေလို့ရတော့ ပဲခူးဆောင်မှာ နေခဲ့ပါတယ်။

ဟိုတုန်းက “တက္ကသိုလ် အရန်တပ်ရင်း” UTC က အင်္ဂလိပ်စစ်တပ်က ဝင်ရောက်စည်းရုံးဖွဲ့စည်းတဲ့တပ် ဖြစ်တယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ယူတီစီနဲ့ သဘာဝချင်း မတူဘူး။ အင်္ဂလိပ်ခေတ်မှာ ယူတီစီထဲကို ကျောင်းသားတိုင်း ဝင်ချင်လို့ မရဘူး။ ကျောင်းသားအများစုကတော့ ရိုင်ဖယ်ပစ်ချင်တယ်။ စစ်ယူနီဖောင်းနဲ့ စမတ်ကျကျနေချင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ယူတီစီထဲဝင်ချင်ကြတယ်။ ဒ့ါအပြင် ရဲတပ်ဖွဲ့လို နေရာမျိုးတွေမှာ ရာထူးကြီးကြီး ရစေရအောင်ဆိုတဲ့ ရည်ရွယ်ချက်လည်းပါတယ်။ နာမည်ကလည်း ဘိုနာမည်၊ ကျောင်းကလည်း ဘိုကျောင်း။ ယူတီစီကို ဝင်ထားတယ်ဆိုရင် အင်္ဂလိပ်ခေတ်မှာ ထိပ်တန်း အလုပ်အကိုင် ရနိုင်တာပေ့ါ။

ဒါပေမယ့် အင်္ဂလိပ်ခေတ်က ယူတီစီမှာ လက်ခံဖို့က ဘယ်နယ်၊ ဘယ်အရပ်ကလာတဲ့ ကျောင်းသားလဲ၊ ဘယ်ကျောင်းထွက်လဲ ဆိုတာ စိစစ်ပြီးမှလက်ခံတယ်။ တက္ကသိုလ်ကျောင်းသားချင်းကို ခွဲခြားလက်ခံတာပေ့ါ။ ဥပမာ “စိုးအောင်” ဆိုရင် လက်မခံဘူး။ “ထွန်းဦး” ဆိုရင် လက်မခံဘူး။ “ပီတာမောင်မောင်” ဆိုရင် နည်းနည်းစဉ်းစားမယ်။ “စတန်လီထွန်းရီ” ဆိုရင် နည်းနည်းစဉ်းစားမယ်။ “အက်ဒ်ဝပ်” တို့၊ “မိုက်ကယ်” တို့ ဆိုရင် စဉ်းစားမယ်။ ရှင်းရှင်းပြောရရင် နေရှင်နယ် (အမျိုးသားကျောင်း) ထွက်ဆိုရင် တောခပ်ကျကျက လာတယ်ဆိုရင် လက်ခံမစဉ်းစားဘူးပေ့ါ။ ကျွန်တော်တို့ သူငယ်ချင်း ခပ်များများ ယူတီစီဝင်ဖို့ လျှောက်ကြတယ်။ တစ်ယောက်မှ မရခဲ့ကြဘူး။

တိုင်းတစ်ပါး အင်္ဂလိပ်ကို တိုက်ထုတ်တော့မယ်လို့ ကြိုးပမ်းတဲ့ကာလရောက်လာတဲ့အခါ ဘီအိုင်အေတပ် ဖွဲ့စည်းကြတယ်။ ကျောင်းပိတ်လိုက်ပြီး လေး၊ ငါး၊ ခြောက်လလောက်အကြာမှာ ဘီအိုင်အေတပ်တွေဟာ စစ်ကြောင်းကြီး (Colum) တွေနဲ့ ဝင်လာကြတယ်။ အဲဒီမှာ ဘာတွေရသလဲဆိုတော့ တက္ကသိုလ်မှာ အနယ်နယ်အရပ်ရပ်က ကျောင်းသားတွေ ဆုံစည်းမိကြ၊ ခင်မင်ကြပြီးတဲ့နောက် ကျောင်းပိတ်လို့ နေရပ်ပြန်ရောက်ကြပြီး အင်္ဂလိပ်ကို တိုက်ဖို့ စစ်ကြောင်းတွေ ချီလာတဲ့အခါ တက္ကသိုလ်ကျောင်းသားတွေဟာ တပ်မှူးတွေအနေနဲ့၊ လူကြီးတွေအဖြစ်နဲ့ အများအပြားပါလာကြတာကို တွေ့ရတယ်။

ဒီလိုပဲ ဂျပန်ကို ပြန်လည်တိုက်ထုတ်တဲ့ အချိန်အခါရောက်လာတဲ့အခါမှာလည်း တိုင်း ၁၀ တိုင်းမှာ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားတွေ အများအပြား ပါလာပါတယ်။ ဂျပန်ထွက်သွားပြီးတဲ့အခါမှာ ကျောင်းပြန်တက်သူတွေ ရှိပါတယ်။ ဥပမာ ဌာနချုပ်တိုင်းက ဆိုရင် ဖော်ဝင်း (မန္တလေး)၊ ဒုဗိုလ်မောင်မောင် (နောင်သမ္မတကြီး ဒေါက်တာ မောင်မောင်) တို့ အစရှိသဖြင့် ရှိကြတယ်။

အဲဒီလို နယ်ချဲ့အင်္ဂလိပ်နဲ့ဖက်ဆစ်ဂျပန်တို့ကို တိုက်ထုတ်ရာမှာ ပါဝင်ခဲ့ကြတဲ့ တက္ကသိုလ်ကျောင်းသားများဟာ ဘဝမှာ အတွေ့အကြုံတွေ ရင့်ကျက်ဖွံ့ဖြိုးလာကြတယ်။ ရည်မှန်းချက်ဆန္ဒ ပိုမိုပြင်းပြလာကြပြီး ဆက်လက်လျှောက်လှမ်းကြတဲ့ ဘဝမှာ ပိုမိုကြိုးစား အားထုတ်လာကြတာတွေကို တွေ့ရပါတယ်” ဟု ရင်းနှီးပွင့်လင်းစွာ ပြောပြခဲ့ရာ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ နိုင်ငံ့ဂုဏ်မြင့်မားရေးဆိုင်ရာ ကိုယ်တွေ့ဖြစ်ရပ်များမှာ ထူးခြားစွာ ဂုဏ်ယူစံထားဖွယ် ဖြစ်ပါတယ်။

လွန်ခဲ့သည့် ၁၉၉၅ ခုနှစ်က ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင် အခမ်းအနားကျင်းပစဉ် ထိုစဉ်က နိုင်ငံခြားရေးဝန်ကြီးတာဝန်ထမ်းဆောင်လျက်ရှိသည့် “ဦးအုံးကျော်”ကလည်း “ကျွန်တော်က မြန်မာနိုင်ငံလွတ်လပ်ရေးရတဲ့ ၁၉၄၈ ခုနှစ်မှာပဲ ရန်ကုန်တက္ကသိုလ် ရောက်ခဲ့ပါတယ်။ ပထမဆုံး တက္ကသိုလ်ကျောင်းသား ဖြစ်လာတာနဲ့ တစ်ပြိုင်နက် မိမိကျင်လည်ကျက်စားခဲ့ရတဲ့ လူငယ်ဘဝရဲ့ အဆင့်အမြင့်ဆုံး အနေအထားကို စတင်ခံစားလာရတယ်။ ဒီအသက်အရွယ်ဟာ ကျွန်တော်တို့ ဘယ်လူနေမှု အသိုင်းအဝိုင်းမှာပဲဖြစ်ဖြစ် ရင့်ကျက်တယ်ဆိုတဲ့ အဖြစ်ကို စပြီး ကိုယ်တွေ့ခံစားရတယ်။ နှီးနွှယ်ပတ်သက်မှု Involvement ဖြစ်လာတဲ့ သဘောရှိတယ်။ ဟိုတုန်းကတော့ မိဘရဲ့ သွန်သင်မှု၊ မိမိရဲ့ အနီးကပ် ဆရာရဲ့ သွန်သင်မှုအောက်က လမ်းပြမှုတွေကို ခံပြီးမှ လက်ဝေခံ သဘောနေလာခဲ့ရတဲ့ဘဝမှ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်တဲ့ အဆင့်ကို ရောက်မှန်းမသိ ရောက်လာရတယ်။

ကျွန်တော်တို့က နယ်ကျောင်းသားဆိုတော့ ဘယ်သိမလဲ။ ကိုယ့်နယ်မှာရှိတဲ့၊ ကိုယ့်မြို့မှာရှိတဲ့ တက္ကသိုလ်ကျောင်းသားဟောင်းတွေဆီ မေးရတာပေ့ါ။ ဘာတွေယူသွားရမလဲ။ ဘာတွေလုပ်ရမလဲ စသည်မျိုးစုံပေ့ါ။ ဆွေတွေ မျိုးတွေကလည်း လာပြီးတော့ တစ်ခါတည်းအကုန်လုံး သွန်သင်ဆုံးမပေးတာတွေ ရှိပါတယ်။

ထမင်းစားပြီး အင်းလျားကန်ပေါင်ကို အမြဲတမ်း လမ်းလျှောက်တဲ့သူတွေ ရှိတယ်။ တချို့ကျတော့လည်းပဲ ကိုယ့်မြို့ ကိုယ့်နယ်ကအမျိုးသမီးတွေကို စောင့်ရှောက်ဖို့အနေနဲ့ အမျိုးသမီးအဆောင်တွေကို ညနေပိုင်းမှာ သွားလည်တဲ့သူတွေ ရှိတယ်။ တချို့ရည်ငံလာတဲ့သူတွေ အနေနဲ့ကတော့ သူတို့ဘာသာသူတို့သွားတာတွေ ရှိတယ်။

ရန်ကုန်တက္ကသိုလ် ရောက်တဲ့အခါ အဆောင်မှာ ၁၀ ပေပတ်လည် အခန်းနဲ့ နေကြရတယ်။ အဲဒီအခါကျတော့ ကိုယ့်ရဲ့ ပတ်ဝန်းကျင်မှာ ကိုယ်လို ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးကြရမယ့် လူတွေနဲ့ ဖြုန်းခနဲ တွေ့တဲ့ သဘောပေ့ါ။ အဲဒီအခါမှာ တချို့ကျတော့လည်း ကိုယ့်ရဲ့အနေအထားကို ထင်ပေါ်ကျော်ကြားတဲ့ အနေအထားကြောင့် အဲဒီထင်ပေါ်ကျော်ကြားတဲ့ အရှိန်အဝါကို အသုံးချပြီး အောက်ခြေလွတ်သွားတဲ့ လူတွေလည်းရှိတယ်။ လူ့ဘဝကို တကယ့်အတိအကျ အဆုံးအဖြတ်ပေးတဲ့ ကာလဟာ တက္ကသိုလ်ကျောင်းသား ဘဝလို့ပဲ ကျွန်တော်ထင်မြင်ပါတယ်။ ကျွန်တော်တို့ မျက်စိရှေ့မှာတင် ကသောင်းကနင်းဖြစ်သွားတဲ့ လူတွေရှိသလို တိုးတက်ကြီးပွားသွားတဲ့ လူတွေလည်း ရှိတယ်” ဟူသော ဩဝါဒ ကထာမှာ မျိုးဆက်သစ် တက္ကသိုလ် ကျောင်းသားကျောင်းသူများအတွက် စံထားမှတ်သားလိုက်နာစရာ ဖြစ်နေပါသည်။ ။



ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ ဂျပ်ဆင်ဘုရားကျောင်း။



ဗိုလ်ချုပ်အောင်ဆန်း ကိုလိုနီခေတ် ရန်ကုန်တက္ကသိုလ်ကျောင်းသား ဘဝက နေထိုင်ခဲ့သည့် ပဲခူးဆောင်။

## အောင်ဆန်းရုပ်ရှင် ပြန်လည်ရိုက်ကူးခွင့်ရချိန်တွင် လက်ကျန်ဇာတ်ဝင်ခန်းများ ဆက်လက်ရိုက်ကူးမည်



မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့သည့် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား ဂုဏ်ပြုသောအားဖြင့် အနုပညာရှင်များ စုပေါင်း ဖန်တီးနေသော အောင်ဆန်း ရုပ်ရှင်ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများကို ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေကြောင့် ယာယီရပ်ဆိုင်းထားရကြောင်းနှင့် ကိုဗစ်-၁၉ အခြေအနေများ ပြီးဆုံး၍ ရုပ်ရှင်များ ပြန်လည်ရိုက်ကူးခွင့်ရမည့်အချိန်တွင် လက်ကျန် ဇာတ်ဝင်ခန်းများကို ဆက်လက်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ဆပ်ကော်မတီ ခုနစ်ခုကို ထိုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ထပ်မံဖွဲ့စည်းခဲ့သည်။ ထို့နောက် အောင်ဆန်းရုပ်ရှင် စတင်ရိုက်ကူးရန် မိတ်ဆက်ပွဲ အခမ်းအနားကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပခဲ့ပြီး စက်တင်ဘာ ၃၀ ရက်မှ စတင်၍ ရိုက်ကူးရေးလုပ်ငန်းများ ဆက်တိုက်ပြုလုပ်ခဲ့သည်။ ထိုအချိန်မှစ၍ မတ်လကုန်ပိုင်းထိအတွင်း ရိုက်ကူးရက်ပေါင်း ၈၈ ရက် ရိုက်ကူးခဲ့ပြီး ရုပ်ရှင်တစ်ကားလုံး၏ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ် မတ်လကုန်ပိုင်းမှ စတင်ပြီး လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေများကြောင့် အောင်ဆန်းရုပ်ရှင် ရိုက်ကူးရေးလုပ်ငန်းများကို ခေတ္တ ဆိုင်းငံ့ထားရသော်လည်း လူစုလူဝေးဖြစ်စရာ မလိုဘဲ လုပ်ကိုင်နိုင်သည့် Editing လုပ်ငန်းများ၊ ကွန်ပျူတာအထူးပြုလုပ်ချက် (VFX) ထည့်သွင်းခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း အောင်ဆန်းရုပ်ရှင် ဖေ့စ်ဘုတ်စာမျက်နှာတွင် မေ ၂၇ ရက်က ရေးသားထားသည်။

**ကိုလင်း**

## ကိုဗစ်-၁၉ ဖြစ်ပွားသည့် ကာလတွင် ဇာတ်ပို့ ဇာတ်ရုံများက အကူအညီ ပို၍လိုအပ်ကြောင်း ကျော်သူ ပြောကြား

နာရေးကူညီမှုအသင်း(ရန်ကုန်)အနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း နာရေးကူညီမှု လုပ်ငန်းများကို ပုံမှန်အတိုင်း ဆောင်ရွက်ပေးလျက်ရှိသလို ဆေးရုံများတွင် လိုအပ်နေသည့် ဆေးပစ္စည်းများ လှူဒါန်းခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဇာတ်ပို့၊ ဇာတ်ရုံနှင့် ဇာတ်ညွှန်းဆရာများအတွက်လည်း စားသောက်ကုန်များ ထောက်ပံ့လှူဒါန်းခဲ့ပြီးဖြစ်သည်။ နာရေးကူညီမှုအသင်း(ရန်ကုန်)၏ ဥက္ကဋ္ဌ ဦးကျော်သူက ကိုဗစ်-၁၉ ကြောင့် အခက်အခဲများ ကြုံတွေ့ရသည့် ရုပ်ရှင်လောကသားများထဲတွင် ဇာတ်ပို့ ဇာတ်ရုံများက ပို၍ ခက်ခဲကြောင်း ပြောကြားသည်။

"ကျွန်တော်တို့ နာရေးကူညီမှုအသင်းအနေနဲ့ ကိုဗစ်-၁၉ ကာလအတွင်းမှာ ဆေးရုံတွေမှာ လိုအပ်နေတဲ့ ဆေးပစ္စည်းတွေ လှူဒါန်းတာတို့၊ မြို့နယ်/ရပ်ကွက်တွေမှာ ပိုးသတ်ဆေးဖျန်းပေးတာတို့ကို ကူညီဆောင်ရွက်ပေးနေပါတယ်။ နာရေးကူညီမှုတွေကိုလည်း ရပ်နားမှုမရှိဘဲ ပုံမှန် ဆောင်ရွက်ပေးနေပါတယ်။ ရုပ်ရှင်လောကသားတွေအတွက်လည်း အနန္တမေတ္တာ ပရဟိတအဖွဲ့နဲ့ ပူးပေါင်းပြီးတော့ ဇာတ်ပို့ ၊ ဇာတ်ရုံနဲ့ ဇာတ်ညွှန်းဆရာ ၆၀၀ စာအတွက် စားသောက်ကုန်ပစ္စည်းတွေကို မေ ၂၅ ရက်က လှူဒါန်းခဲ့ပါတယ်။ အနုပညာသမားတွေဆိုတာ အနုပညာအလုပ်နဲ့ပဲ ဝမ်းစာရှာကြတာပါ။ အပြင်စီးပွားရေးကို လုပ်တတ်တဲ့သူ တချို့လောက်ပဲ လုပ်ကြတယ်။ ကျွန်တော်ဆိုလည်း လက်ဖက်ရည်ဆိုင်ဖွင့်ဖူးတယ်၊ ဆေးပစ္စည်းရောင်းဖူးတယ်၊ ထီလည်းရောင်းဖူးတယ်။ အကုန်လုံး ရှုံးတာပါပဲ။ အခုချိန်မှာ ဇာတ်ပို့ဇာတ်ရုံတွေဆိုတာ တခြား ရုပ်ရှင်လောကသားတွေထက် ပိုပြီးတော့ ခက်ခဲမှာပေါ့။ တကယ်လိုအပ်တဲ့သူတွေကို ကူညီရတဲ့အတွက် ကျွန်တော်တို့လည်း ပီတိဖြစ်ရပါတယ်။ သူတို့ကိုကူညီမယ့် အလှူရှင်တွေ လိုအပ်သလို သူတို့အနေနဲ့လည်း အခုလို ကပ်ဘေးပဲဖြစ်ဖြစ်၊ တစ်ခုခုဖြစ်ခဲ့ရင် နောင်ရေးအတွက် စားဖို့သောက်ဖို့ ဖယ်ထားရမယ်ဆိုတဲ့ အသိတရားလေးတွေ ရသွားတာပေါ့"ဟု ဦးကျော်သူက ပြောသည်။



နာရေးကူညီမှုများ ဆောင်ရွက်သည့်အခြေအနေနှင့် ပတ်သက်၍လည်း "ကိုဗစ်-၁၉ ကြောင့် ဆုံးတဲ့လူတွေကိုတော့ ကျွန်တော်တို့အသင်းအနေနဲ့ သယ်ခွင့် မပေးထားပါဘူး။ ကိုဗစ်-၁၉ ကာလမှာ အခက်အခဲကြီးကြီးမားမားတော့ မရှိပါဘူး။ လမ်းတွေ အရင်ကထက် ပိုပြီးရှင်းသွားလို့ သယ်ယူပို့ဆောင်တဲ့နေရာမှာ ပိုတောင်အဆင်ပြေပါတယ်။ အနုပညာရှင်တွေအနေနဲ့ လာရောက်ကူညီပေးနေတာတွေ အများကြီးရှိပါတယ်။ ထွန်းကိုကို၊ စွမ်းထက်၊ ဖွဲ့လရောင်၊ ရွှေပိုးအိမ်တို့ဆိုရင် သူများတွေ ကိုဗစ်ကြောင့် အပြင်မထွက်ရဲကြတဲ့အချိန်မှာ ရဲရဲဝံ့ဝံ့ ထွက်ပြီးတော့ အကူအညီပေးကြတယ်၊ သူတို့ကတော့ ပရဟိတလောကအတွက် ပရဟိတ စံပြသူရဲကောင်းတွေလို့ပဲ ကျွန်တော် ပြောချင်ပါတယ်။ အန္တရာယ်ရှိတဲ့ အချိန်ကာလတစ်ခုမှာ အခုလို ရဲရဲဝံ့ဝံ့ လုပ်ဆောင်နိုင်ကြတာကတော့ ချီးကျူးသင့်ပါတယ်"ဟု ဦးကျော်သူက ဆက်ပြောပြသည်။

**ကိုလင်း**

## အေးဝတ်ရည်သောင်းက ကိုဗစ်-၁၉ ကာကွယ်ရေးအတွက်လိုအပ်သည့် အထောက်အကူပစ္စည်းများလှူဒါန်း



အသက် ၃၆ နှစ် ပြည့်မြောက်ခဲ့သည့် သရုပ်ဆောင် အေးဝတ်ရည်သောင်းက ကိုဗစ်ကာလဖြစ်နေသောကြောင့် မွေးနေ့ပွဲအခမ်းအနား မကျင်းပဘဲ မွေးနေ့အထိမ်းအမှတ်အဖြစ် ငွေကြေးအချို့ကို လိုအပ်သောနေရာများသို့ လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အေးဝတ်ရည်သောင်းအနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်းဖြစ်၍ ကူးစက်ရောဂါကာကွယ်ရေးနှင့် သက်ဆိုင်သော ဆေးပစ္စည်းများကို ရန်ကုန်ဆေးရုံကြီးနှင့် အင်းစိန်ဆေးရုံကြီးတို့တွင် မွေးနေ့အလှူအဖြစ် လှူဒါန်းခဲ့ကြောင်းနှင့် ကျန်းမာရေးအနေအထားအရ အိမ်အပြင်သို့ မထွက်ဖြစ်သည့်အတွက် အခြားသီးသန့် အလှူအတန်းများ မလုပ်ဖြစ်ကြောင်း သိရသည်။


"အသက်တစ်နှစ်ကြီးလာတိုင်း မသိတာတွေ ပိုသိလာတယ်။ ပိုနားလည်လာရတယ်။ အရာရာမှာ ကိုယ်က အမြဲမှန်မနေပါဘူး။ လူမှန်ရင် အမှားတော့ ရှိတတ်ပါတယ်။ တချို့အမှားတွေက ပြင်လို့ရတဲ့အမှား၊ တချို့အမှားတွေက ပြင်လို့မရတဲ့ အမှားပေါ့။ အမှားနည်းအောင်တော့ ကြိုးစားနေတုန်းပါ။ ညနေက လေတွေ တိုက်ချိန်မှာ အရင် mask မတပ်ဘဲ အပြင်ထွက်ရတုန်းက လွတ်လွတ်လပ်လပ် အသက်ရှူရတဲ့အချိန်တွေကို တန်ဖိုးထားဖို့ မေ့နေခဲ့တာပဲလို့ အတွေးစလေး ဝင်လာမိတယ်။ လောကကြီးကပေးတဲ့ ရောင့်ရဲမှုတွေကြားမှာ နေတတ်အောင် ကြိုးစားရင်း နေပျော်နေပါပြီ"ဟု အေးဝတ်ရည်သောင်းက ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် မေ ၂၇ ရက် ညပိုင်းက ရေးသားထားသည်။

အေးဝတ်ရည်သောင်းသည် လတ်တလော အနုပညာလှုပ်ရှားမှုအနေဖြင့် မကြာမီ 5 plus ရုပ်သံမှ ပြသတော့မည့် Fancy drama ပုံစံ "အလွမ်းအေးအေး အချစ်စိမ့်စိမ့်"ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

၂၀၀၀ ပြည့်နှစ်ဝန်းကျင်မှစ၍ အနုပညာလောကထဲ စတင်ဝင်ရောက်ခဲ့သူ အေးဝတ်ရည်သောင်းသည် နောက်ပိုင်းတွင် အနုပညာအလုပ်များနှင့် ဝေးကွာနေခဲ့ရာမှ ၂၀၁၇ ခုနှစ်က အနုပညာလောကထဲသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီးနောက်တွင် ပရိသတ်၏အားပေးမှုကို ယခင်ကထက် ပိုမိုရရှိလာသူဖြစ်သည်။

**ကိုလင်း**

## မင်းမြတ်စိုးစံက ရိုက်ကူးထားသော ဇာတ်ကားနှစ်ကားကို အွန်လိုင်းမှ အခမဲ့ တင်ပေးသွားမည်



သရုပ်ဆောင် မင်းမြတ်စိုးစံအနေဖြင့် ကိုယ်တိုင် ခေါင်းဆောင်မင်းသားအဖြစ် ရိုက်ကူးထားသော ဇာတ်ကားသစ်နှစ်ကားဖြစ်သည့် 'မှော်ဝင်စာခြောက်ရုပ်' နှင့် 'အနက်ရောင်သင်္ကေတ' ဇာတ်ကားများကို ပရိသတ်အတွက် လက်ဆောင်အဖြစ် အွန်လိုင်းမှ အခမဲ့ တင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော် ခေါင်းဆောင်ရိုက်ကူးထားတဲ့ ဒီ ဗီဒီယို ဇာတ်ကားနှစ်ကား လက်ထဲရှိထားပါတယ်။ ဒီဇာတ်ကားတွေ မဖြန့်ချိရသေးဘူးပေါ့။ ဒီ ဗီဒီယို ဇာတ်ကားသစ်တွေက ရိုက်ထားတာတော့ ကြာပြီ၊ သုံးနှစ်လောက် ရှိပါပြီ။ ဗီဒီယိုလောကကလည်း ပျက်စီးသွားတော့ ဒီကားတွေက မဖြန့်ရဘဲ တိုင်ပတ်နေတာပေါ့။ ပထမဇာတ်ကားတော့ ဖြန့်လိုက်ရတယ်။ ပြီးတော့ ဗီဒီယိုလောကက ပျက်စီးသွားရော။ ဒီဇာတ်ကားတွေက လက်ထဲ သိမ်းထားတာကလည်း တော်တော်ကြာပြီဆိုတော့ ကြာလာလေလေ Date အောက်လာလေဖြစ်မှာ စိုးရိမ်မိတယ်။ ပရိသတ်တွေအနေနဲ့လည်း တစ်နှစ်ထက်တစ်နှစ် ကြာလာလေလေ ကြည့်ရတာ အဆင်ပြေတော့မှာ မဟုတ်ဘူး။ ဒီတော့ ကျွန်တော့်လက်ထဲ ဒီတိုင်းထားထားမယ့်အတူတူ ပရိသတ်တွေကို free ပဲ ပေးကြည့်လိုက်တော့မယ်လို့ စဉ်းစားတာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါ ဇာတ်ကားနှစ်ကားအနက် မှော်ဝင်စာခြောက်ရုပ် ဇာတ်ကားကို ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ သီဟမင်းညီက ရိုက်ကူးပြီး သရုပ်ဆောင်များအဖြစ် မင်းမြတ်စိုးစံ၊ အောင်ခိုင်၊ ကြည်ပြာ စသည့် သရုပ်ဆောင်များ ပါဝင်၍ အက်ရှင်ဇာတ်လမ်းပုံစံ ရိုက်ကူးထားခြင်းဖြစ်ကာ အနက်ရောင်သင်္ကေတ ဇာတ်ကားကို ဇာတ်လမ်း ကမ်(န်)၊ ဇာတ်ညွှန်း ကြည်ပြာစိုး ရေးသား၍ ဒါရိုက်တာ ကျော်နှင်းဆီက ရိုက်ကူးပြီး သရုပ်ဆောင်များအဖြစ် မင်းမြတ်စိုးစံ၊ ရွှေစင်၊ ရန်ပြေ စသည့် အနုပညာရှင်များ ပါဝင်၍ လျှို့ဝှက်သည်းဖို ဇာတ်လမ်းပုံစံ ဖန်တီးပုံဖော်ထားကြောင်း သိရသည်။

ဇာတ်ကားများကို တစ်ကားလျှင် နှစ်ပိုင်း၊ သုံးပိုင်းခွဲ၍ ရက်သတ်မှတ်ပြီး Min Myat Soe San ဖေ့စ်ဘုတ်အကောင့်မှ အခမဲ့ တင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဇာတ်ကားကို Stay Home ကာလမှာ ဖေ့စ်ဘုတ်မှာပဲ mini series ပုံစံလိုမျိုး အပိုင်းလေးတွေ ခွဲပြီး တင်ပေးသွားမှာပါ။ ဘာလို့လဲဆိုတော့ တစ်နာရီခွဲစာကြီးကို ပရိသတ်တွေ ကြည့်မယ်ဆိုလည်း ဖုန်းဘေလ်အများကြီးကုန်မှာစိုးတယ်။ ကျွန်တော်ရိုက်ကူးထားတာကတော့ သုံးကားပေါ့။ နောက်တစ်ကားက 'အတောင်ပံများနှင့်လူ'ပါ။ အခုကတော့ ဒီဇာတ်ကား နှစ်ကားကိုပဲ အရင် တင်ပေးသွားမယ်လို့ စိတ်ကူးထားတာပေါ့။ ပရိသတ်တွေ ကြည့်ရတာ အဆင်ပြေတယ်ဆိုရင် နောက်ပိုင်း ရောဂါအခြေအနေ တည်ငြိမ်သွားရင်လည်း Mini series လေးတွေရိုက်ပြီး ကျွန်တော့်အကောင့်လေးကနေပဲ ပုံမှန် ထုတ်လွှင့်ပေးဖို့ အစီအစဉ်ရှိပါတယ်"ဟုလည်း မင်းမြတ်စိုးစံက ဆက်လက်ပြောကြားသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### ဘူတာရုံမှာ မိခင်၏ အလောင်းကို ဆွဲလာသည့် ကလေးငယ်အား ရှာရွတ်ခန်း၏ ဖောင်ဒေးရှင်းက ကူညီသွားမည်

လွန်ခဲ့တဲ့ရက်အနည်းငယ်အတွင်းက ဘူတာရုံမှာ သေဆုံးနေပြီဖြစ်တဲ့ မိခင်ရဲ့ အလောင်းကို ကလေးငယ်က ဆွဲယူနေတဲ့ ဗီဒီယိုဖိုင် ထွက်ပေါ်လာပြီးတဲ့နောက် ရှာရွတ်ခန်းပိုင်ဆိုင်တဲ့ မီယာဖောင်ဒေးရှင်းကနေ အဲဒီ ကလေးငယ်ကို ကူညီထောက်ပံ့သွားမယ်လို့ သိရပါတယ်။

အဲဒီကလေးရဲ့ရုပ်သံဟာ လူမှုကွန်ရက်မီဒီယာမှာ စိတ်ထိခိုက်ဖွယ် ဖြစ်ခဲ့ရပါတယ်။ မီယာဖောင်ဒေးရှင်းဟာ ကလေးနဲ့ အဘိုးအဘွားတွေ တွေ့ဆုံသွားတဲ့ပုံကို တွစ်တာပေါ်တင်ခဲ့ပြီး ဒီကလေးကို စောင့်ရှောက်ကူညီမှုတွေ ပြုလုပ်သွားမယ်လို့ ကြေညာခဲ့ပါတယ်။ ရှာရွတ်ခန်းကတော့ မိခင်ဖြစ်သူ သေဆုံးသွားတဲ့ ကလေးကို သူကောင်းကောင်းနားလည်တယ်။ ဒီကလေးကို ကူညီခွင့်ရတဲ့အတွက်လည်း အားလုံးကို ကျေးဇူးတင်မိတယ်လို့ ပြောပါတယ်။

ရှာရွတ်ခန်းရဲ့ အဖေဟာ ရှာရွတ်ခန်းဆယ်ကျော်သက် အရွယ်ကတည်းက ဆုံးပါးသွားတာဖြစ်ပြီး မိခင်ဖြစ်သူကတော့ ရှာရွတ်ခန်း ၂၆ နှစ် အရွယ်မှာ သေဆုံးသွားခဲ့တာပါ။ အခုအခါမှာတော့ ဘူတာရုံက ကလေးငယ်ကို အဘိုးအဘွားတွေ့ရဲ့ အုပ်ထိန်းမှုအောက်မှာ ထားရှိပြီး မီယာဖောင်ဒေးရှင်းကနေ ဆက်လက်ကူညီ သွားမယ်လို့ သိရပါတယ်။ **ဘောလိဝုဒ်လိုက်ဖ်**



ဘောလိဝုဒ်မင်းသားရှာရွတ်ခန်း

### ခိုင်လီဂျန်နာ ဘီလျံနာ တစ်ဦးအဖြစ် အသိအမှတ်ပြု မခံရတော့သော်လည်း တကယ့်ဘီလျံနာ တစ်ဦးလို သုံးစွဲခဲ့ကြောင်း သိရ

ရုပ်သံစတားနဲ့ အလှကုန်ကုမ္ပဏီပိုင်ရှင်တစ်ဦးဖြစ်သူ ခိုင်လီဂျန်နာဟာ ဘီလျံနာတစ်ယောက် မဟုတ်ဘူးဆိုပြီးတော့ မေ ၂၉ ရက်မှာပဲ ဖော့စ်မဂ္ဂဇင်း ဖော်ပြခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် မတ်လမှာ ခိုင်လီဂျန်နာကို ကမ္ဘာ့အသက်အငယ်ဆုံး ဘီလျံနာ တစ်ဦးအဖြစ် ဖော့စ်မဂ္ဂဇင်းက အသိအမှတ်ပြုကြေညာခဲ့တာ ဖြစ်ပေမယ့် အခု အခါမှာတော့ ခိုင်လီရဲ့ကြွယ်ဝမှုဟာ ဒီလောက်မရှိနိုင်ဘူးဆိုပြီး ဖော့စ်မဂ္ဂဇင်းမှာ ဖော်ပြခဲ့ပါတယ်။ ခိုင်လီဂျန်နာတို့ မိသားစုပိုင် မိတ်ကပ်ကုမ္ပဏီဟာ ဒီလောက် မကြွယ်ဝဘူးလို့ စွပ်စွဲမှုတွေ ထွက်ပေါ်လာချိန်မှာ သူတကယ်ချမ်းသာတာ အမေရိကန်ဒေါ်လာ သန်း ၉၀၀ သာရှိတယ်လို့ ခန့်မှန်းခဲ့ကြပါတယ်။ ဒါပေမယ့် ခိုင်လီကတော့ တကယ့်ဘီလျံနာတစ်ဦးလို နေထိုင်ခဲ့တာကို တွေ့ရပါတယ်။

အသက် ၂၂ နှစ်နဲ့ အောင်မြင်လာတဲ့ ခိုင်လီဟာ ပြီးခဲ့တဲ့နှစ် တစ်နှစ်အတွင်း မှာပဲ အမေရိကန် ဒေါ်လာသန်း ၁၃၀ သုံးစွဲခဲ့ပါတယ်။ အိမ်ခြံမြေစာချုပ် ချုပ်ဆိုတာနဲ့ ကိုယ်ပိုင်ဂျက်လေယာဉ် ဝယ်ယူမှုတွေ ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ ဒါတင် မကသေးပါဘူး။ သမီးလေးရဲ့မွေးနေ့အတွက် ဂျက်လေယာဉ် အတွင်းပိုင်း မှာလည်း ပြင်ဆင်မှုတွေကို ငွေကုန်ကြေးကျခံပြီး ပြုလုပ်ခဲ့ပါတယ်။

နောက်ပြီးတော့ ဧပြီလအတွင်းကလည်း ဒေါ်လာ ၃၆ ဒသမ ၅ သန်းတန် အိပ်ခန်း ခုနစ်ခန်းပါတဲ့ နေအိမ်ကြီးကို ဝယ်ယူခဲ့ပါတယ်။ ခိုင်လီရဲ့ အစ်မတွေ ကတော့ ခိုင်လီတစ်ယောက် အသုံးအဖြုန်းကြီးတဲ့အတွက် စိတ်ပူနေကြတယ်လို့ သတင်းအရင်း အမြစ်တစ်ခုက ပြောပါတယ်။ ခိုင်လီမှာ ပိုက်ဆံရှိတာမှန်ပေမယ့် ငွေတွေ လွယ်လွယ်နဲ့ ကုန်သွားတတ်တယ်ဆိုတာ နားလည်ထားပုံမရဘူးလို့ အစ်မတွေက ပြောပါတယ်။ **ဒေလီးမေးလ်**



ရုပ်သံစတား ခိုင်လီဂျန်နာ

---

ဥပဒေအတွေး ရေးပါရစေ အပိုင်း(၂၂)

## အားပေးကူညီမှုအကြောင်း သိကောင်းစရာ



ဦးဟန်ညွန့် (ဥပဒေ)

**"အားပေးကူညီခြင်း" သို့မဟုတ် "အားပေးအားမြှောက် ပြုခြင်း" ဆိုသော စကားရပ်တွင် ပြစ်မှုတစ်ခုခုကို ကျူးလွန်စေရန် တစ်ဦးတစ်ယောက်သောသူအား လှုံ့ဆော်ခြင်း သို့မဟုတ် ကူညီ ထောက်ပံ့ခြင်း သို့မဟုတ် ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ရန် အခြားသူတစ်ဦးနှင့် ပူးပေါင်းကြံစည်ခြင်း ပါဝင်သည်"**

**အကြံတူ**

အကြံတူ ရှိ၊ မရှိ ပြဿနာအကြောင်း ပြီးခဲ့သည့်အပတ်က ရေးခဲ့ပါပြီ။ ဆက်စပ်နေသော အားပေးကူညီမှုအကြောင်းကို ဆက်လက်ရေးသား တင်ပြပါရစေ။

**အားပေးကူညီမှုဆိုတာ ဘာလဲ**

ရာဇသတ်ကြီးအခန်း(၅) မှာ အားပေးကူညီမှု (Abetment) အကြောင်း ဖော်ပြ ပြဋ္ဌာန်းထားပါသည်။ အားပေးကူညီခြင်း အဓိပ္ပာယ်ကို ရာဇသတ်ကြီး ပုဒ်မ ၁၀၇ တွင် ရှင်းလင်းထားပါသည်။

**ပထမ ။** တစ်ဦးတစ်ယောက်သောသူအား ထိုအရာကိုပြုစေရန် လှုံ့ဆော်ခြင်း

**ဒုတိယ။** အခြားသူတစ်ဦးနှင့်ဖြစ်စေ၊ အများနှင့်ဖြစ်စေ ပူးပေါင်းကြံစည်သည့် အတိုင်းလည်းဖြစ်၍ ပြုလုပ်မှုတစ်ခုကို ဥပဒေနှင့်မညီ ပျက်ကွက်မှုတစ်ခုသော်လည်းကောင်း ပူးပေါင်းကြံစည်ခြင်း

**တတိယ။** ပြုလုပ်မှုဖြင့်သော်လည်းကောင်း၊ ဥပဒေနှင့်မညီ ပျက်ကွက်မှုဖြင့်သော်လည်းကောင်း ထိုအရာပြုခြင်းကို တမင်ကူပံ့ခြင်း

**အနက်အဓိပ္ပာယ်**

"အားပေးကူညီခြင်း" သို့မဟုတ် "အားပေးအားမြှောက်ပြုခြင်း" ဆိုသော စကားရပ်တွင် ပြစ်မှုတစ်ခုခုကို ကျူးလွန်စေရန် တစ်ဦးတစ်ယောက်သော သူအား လှုံ့ဆော်ခြင်း သို့မဟုတ် ကူညီထောက်ပံ့ခြင်း သို့မဟုတ် ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ရန် အခြားသူတစ်ဦးနှင့် ပူးပေါင်းကြံစည်ခြင်းပါဝင်သည်ဟု ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၅(က)(၂၃) တွင် ဖော်ပြသည်။

**ရှေ့နေများနေ့စဉ်ကြုံတွေ့**

အားပေးကူညီမှုများအကြောင်းကို ရှေ့နေကြီးများ နေ့စဉ်ကြုံတွေ့ရစမြဲ ဖြစ်ပါသည်။ ရာဇဝတ်မှုလိုက်ပါဆောင်ရွက်ဖူးသော ရှေ့နေရှေ့ရပ်တိုင်းသည် ရာဇသတ်ကြီးပုဒ်မ ၃၄ နှင့် ၁၁၄ ကို နေ့စဉ်လိုလိုတွေ့ကြုံရ၊ ရှင်းလင်းရ၊ လျှောက်လဲရ စမြဲဖြစ်ပါသည်။ ရေပန်းစားသော မှုခင်းဖြစ်စဉ်များအဖြစ်လည်း သဘောထားတတ်ကြပါသည်။

**သတိမမူ ဂူမမြင်**

"သတိမမူ ဂူမမြင်" ဆိုသကဲ့သို့ လွယ်လွယ်ကူကူအမှု ဟုဆိုကာ ပညာရှိ သတိဖြစ်ခဲတတ်ကြပါသည်။ သို့ဖြစ်၍ အိမ်မှာနေရင်း (Stay Home) ကာလ တွင် အားပေးကူညီမှုအကြောင်း ပြန်ပြောင်းလေ့လာကာ မမှားမယွင်းရအောင်၊ အယူအဆ မတိမ်းစောင်းရအောင် တရားရုံးကို ကူညီရာရောက်အောင် ကြံဆောင် ကြိုးပမ်းသင့်ကြပါသည်။

**မောင်ပျင်းရိတို့အဖွဲ့**

မောင်ပျင်းရိတို့ လူငယ်ရှေ့နေများအဖွဲ့အနေဖြင့်လည်း ရှေ့နေလူငယ် အပေါင်း အပြန်အလှန်ဆွေးနွေးစေချင်ပါသည်။ ခေတ်မီသစ်လွင်သော ဥပဒေ အယူအဆများ၊ စီရင်ထုံးအသစ်များ၊ စီရင်ချက်အသစ်များ ဥပဒေဗဟုသုတများ စုဆောင်း စေချင်ပါသည်။ ရှာဖွေသုတေသနပြု စေချင်ပါသည်။ ဤကား ကျွန်တော်၏ စေတနာဥပဒေအတွေး ဖြစ်ပါသည်။

**မှတ်စရာ**

ရာဇသတ်ကြီးပုဒ်မ ၁၁၄ တစ်ခုတည်းကွက်၍ မဖတ်သင့်ပါ။ ဆက်စပ် ပတ်သက်နေသော ပုဒ်မများအားလုံး ဖတ်ရှုလေ့လာသင့်ပါသည်။ ရာဇသတ်ကြီးပုဒ်မ ၁၀၇၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁၊ ၁၁၂၊ ၁၁၃၊ ၁၁၅၊ ၁၁၆၊ ၁၁၇ တို့သည် အားပေးကူညီမှုနှင့် ဆက်နွှယ်ဆက်စပ်နေသော ပုဒ်မများဖြစ်ပါသည်။ တစ်ခု မဟုတ်တစ်ခုအကြောင်း (အားပေးကူညီခြင်း) အကြောင်း ပြဋ္ဌာန်းထားသော ပုဒ်မများဖြစ်ပါသည်။ ဥပမာများနှင့်တကွ ရာဇသတ်ကြီး ကျင့်ထုံးပြဋ္ဌာန်းချက် များနှင့်ပါ ပူးပေါင်းဆက်စပ် လေ့လာသင့်ပါသည်။

**စီရင်ထုံးအချို့**

အများပြည်သူဆိုင်ရာလမ်း၌ ကြက်တိုက်ပွဲတွင်ပါဝင်ခြင်း၊ အားပေးခြင်း မရှိဘဲ ကြည့်နေသူအား လောင်းကစား အက်ဥပဒေအရ အားပေးကူညီသည်ဟု မမှတ်ယူသင့်ကြောင်း စီရင်ထုံးတစ်စောင်က ထောက်ပြပါသည်။

အဓိကပြစ်မှုကျူးလွန်သူ တရားခံမရှိဘဲလျက် သူတစ်ဦးကို အားပေးကူညီ သူအဖြစ် အပြစ်မပေးနိုင်ကြောင်းကိုလည်း စီရင်ထုံးများက ဖော်ပြညွှန်းဆိုဖူး ပါသည်။

လှုံ့ဆော်အားပေးခြင်းကို ကိုယ်တိုင်သာမက အခြားသူမှတစ်ဆင့် ပြုလုပ် လျှင်လည်း အားပေးကူညီမှုမြောက်ကြောင်း လေ့လာရရှိပါသည်။

အားပေးကူညီမှုမြောက်ဖို့ လှုံ့ဆော်မှု သို့မဟုတ် ကြံစည်တိုင်ပင်ရာတွင် ပါဝင်ပူးပေါင်းမှုပြုရန် လိုအပ်ကြောင်း၊ အားပေးကူညီသူက ရည်ရွယ်ချက်ဖြင့် ပါဝင်ကူညီမှုပြုရန် လိုအပ်ကြောင်းလည်း သတိပြုရပါသည်။

**ရာဇသတ်ကြီးပုဒ်မ ၁၀၉**

ရာဇသတ်ကြီးက အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ချမှတ်နိုင်သော ပုဒ်မမှာ ပုဒ်မ ၁၀၉ ဖြစ်ပါသည်။ တစ်ဦးတစ်ယောက်သောသူ၏ အားပေးကူညီ ခြင်းကြောင့် ထိုသို့အားပေးကူညီခြင်းခံရသော ပြုလုပ်မှုတစ်ရပ် ဖြစ်မြောက်ခဲ့ ရာတွင် အားပေးကူညီသူအား ချမှတ်ရန် ပြစ်ဒဏ်ကို ဤရာဇသတ်ကြီးက အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် ကျူးလွန်ခဲ့သော ပြစ်မှုရင်းအတွက် ပြဋ္ဌာန်းသည့် ပြစ်ဒဏ်ကို ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

**ဥပမာ**

မုသားသက်သေခံရန် မောင်ဖြူက မောင်မဲကို လှုံ့ဆော်၏။ ထိုသို့ လှုံ့ဆော် သည့်အတိုင်း မောင်မဲက မုသားသက်သေခံမှုကို ကျူးလွန်၏။ မုသားသက်သေ ခံရန် အားပေးကူညီမှုကို မောင်ဖြူကျူးလွန်သည်ဖြစ်၍ မောင်မဲနှင့်ထပ်တူ ပြစ်ဒဏ်ချမှတ်ခြင်းခံထိုက်သည်။

**ကြိုတင်ကြံရွယ်ချက်မပေါ်**

လက်ဖက်ရည်ဆိုင်ထဲသို့ဝင်၍ တစ်ဦးစီရှိ ရိုင်ဖယ်နှင့် စတင်းဂန်းတို့ဖြင့် ပစ်ခတ်သည်။ ရွာသားတစ်ယောက် သေဆုံးသည်။ တင်ကူးကြံရွယ်ချက်ဖြင့် လူသတ်မှုအရ စွဲဆိုပြီး သေဒဏ်ချမှတ်သည်။ အမှုတွင် ကြိုတင်ကြံရွယ်ချက် မပေါ်။ သေသူတွင် ထိမှန်သော ကျည်ဆန်ဒဏ်ရာမှာ ရိုင်ဖယ်ကျည်လား၊ စတင်းဂန်း ကျည်လား ခွဲခြားနိုင်ခြင်းမရှိ။ တစ်ဦးချင်းစီ တာဝန်ရှိသော်လည်း အခြားသူ၏ ပြုလုပ်မှုအတွက် ကျန်သူက အပြစ်ခံယူထိုက်သူ မဟုတ်ဟု ဆုံးဖြတ်သော စီရင်ထုံးရှိဖူးသည်။

စီရင်ထုံးအစောင်စောင်၊ အမြင်အမျိုးမျိုးကို ပုဒ်မအလိုက်၊ အမှုတစ်ခုချင်း အလိုက် ဆုံးဖြတ် သုံးသပ်ချက်များ ရှိသည်။ တရားရုံးအဆင့်ဆင့် စီရင် ဆုံးဖြတ်ချက်၊ စီရင်ထုံးများက ဥပဒေအသိအမြင်များ တိုးပွားစေပါသည်။ စီရင်ထုံး အမျိုးမျိုးကို လူငယ်တို့လေ့လာပြီး စာမျက်နှာနံပါတ်၊ သက္ကရာဇ် ခုနှစ် များပါ မှတ်မိအောင် လေ့လာကျက်မှတ်သူများ ရှိနေကြပါပြီ။ ကြိုးစားနေကြပါပြီ။

**ဥပဒေပညာ**

"ဥပဒေပညာ" ဟူသည် လေ့လာဖတ်မှတ်ရုံနှင့် မပြီးသေး။ သုံးသပ်မှု၊ စဉ်းစားချိန်ဆမှု၊ အတွေးအခေါ် မြင့်မား ရင့်သန်မှုများနှင့်ပါ ဆက်စပ်ပေါင်း စည်းပြီး အသိဉာဏ်များ တိုးပွားစေချင်ပါသည်။ မှန်ကန်မျှတသော တရား စီရင်ရေး၊ လူ့အခွင့်ရေးနှင့် ညီညွတ်သော တရားဥပဒေစိုးမိုးရေး ပန်းတိုင်များ အရောက် ချီတက်သင့်ကြပါသည်။

**ကွဲလွဲသော ပြုလုပ်မှု**

အားပေးကူညီခြင်းခံရသည့် ပြုလုပ်မှု မဟုတ်ဘဲ ကွဲလွဲသောပြုလုပ်မှုကို ကျူးလွန်ရာတွင် အားပေးကူညီခံရမည့် တာဝန်အကြောင်းကို ရာဇသတ်ကြီး ပုဒ်မ ၁၁၁ တွင် ပြဋ္ဌာန်းထားပါသည်။

"ပြုလုပ်မှုကို အားပေးကူညီရာတွင် ကွဲလွဲသောပြုလုပ်မှုကို ပြုခဲ့သော် အားပေးကူညီသူသည် ထိုသို့ကွဲလွဲသော ပြုလုပ်မှုကို တိုက်ရိုက်အားပေး ကူညီဘိသကဲ့သို့ ထပ်တူထပ်မျှ တာဝန်ရှိသည်" ဟူသော ပြဋ္ဌာန်းချက် ဖြစ်ပါ သည်။ ထိုပြဋ္ဌာန်းချက်ကိုဖယ်ပြီး အဓိပ္ပာယ်ရှုပ်ထွေးနေလျှင် **ဥပမာ**ကို ဖတ်၍ အဓိပ္ပာယ် ရှင်းသွားနိုင်ပါသည်။

**ဥပမာ**

မောင်ညို၏ အိမ်ကို မီးရှို့ရန် မောင်ဖြူက မောင်မဲကို လှုံ့ဆော်၏။ မောင်မဲ က အိမ်ကို မီးရှို့သည်။ မီးရှို့သည်သာမက ထိုအိမ်မှ ပစ္စည်းများကို ခိုးယူသည်။ မောင်ဖြူသည် အိမ်ကို မီးရှို့ရန်အားပေးကူညီသည့် ပြစ်ဒဏ်အတွက်သာ အပြစ်ထိုက်သင့်သည်။ ခိုးမှုကို အားပေးကူညီသည့် ပြစ်မှုအတွက် ပြစ်ဒဏ် မထိုက်။ အဘယ်ကြောင့်ဆိုသော် ခိုးမှုသည် သီးခြား ပြုလုပ်မှုဖြစ်သည့် အပြင် အိမ်မီးရှို့ခြင်းကြောင့် ဖြစ်ဖွယ်ရာအကြောင်းရှိသည့် ပြုလုပ်မှုမျိုးလည်း မဟုတ်သောကြောင့် ဖြစ်သည်။

**အိမ်မှာနေရင်း စာဖတ်ကြ**

"အိမ်မှာနေရင်း စာဖတ်ကြ" ဟု ထပ်မံတိုက်တွန်းလိုပါသည်။ ယခုလို အေးအေးဆေးဆေး အချိန်ပေးပြီး စာဖတ်နိုင်ခြင်း၊ လေ့လာမှတ်သားနိုင်ခြင်း၊ မိမိ၏အမှားကို ပြန်လည်သုံးသပ်နိုင်ခြင်း၊ ရှေ့ဆက်ရမည့် ဥပဒေခရီးသို့ မျှော်မှန်းတွေးခေါ်ခြင်း၊ ပြင်ဆင်ခြင်း၊ ရှေ့နေလောက တိုးတက်အောင်၊ နာမည်ကောင်း ဂုဏ်တက်အောင်၊ တရားရုံးနှင့်ဘယ်လို ပေါင်းစပ်ကူညီနိုင် မည်လဲ၊ တရားစီရင်ရေး ဂုဏ်သတင်းပျံ့သင်းအောင် ဘယ်လို အထောက်အကူ ပြုနိုင်မည်လဲ စသည်များကိုပါ မောင်ပျင်းရိတို့ အဖွဲ့ (ရှေ့နေများအဖွဲ့) တွေးခေါ် စဉ်းစား လက်တွေ့ကျင့်ကြံပွားများ နိုင်ပါမည်။

**စေတနာ**

အားပေးကူညီမှု ဥပဒေဗဟုသုတသာမက ဘက်စုံလေ့လာကြစေဖို့ တွေးခေါ်မိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

# Covid-19 ကာလအတွင်း စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ Quarantine ပြုလုပ်ထားသည့်အာမခံအလုပ်သမားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မကျန်းမာမှုအကျိုးခံစားခွင့် ၆၀%အား လာရောက်ထုတ်ယူရန် အသိပေးနှိုးဆော်ခြင်း

စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် Covid-19 ရောဂါ ကာကွယ်ကုသနိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ လူမှုဖူလုံရေးအဖွဲ့သည် Covid-19 ကာလအတွင်း Quarantine ပြုလုပ်ထားသူ အာမခံအလုပ်သမားများအား အသွားအလာကန့်သတ်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (Quaran-tine)ကာလကို မကျန်းမာမှုဆေးခွင့်အဖြစ် သတ်မှတ်၍လည်းကောင်း၊ အာမခံအလုပ်သမား၊ ကိုယ်ဝန်ဆောင်မိခင်များအား တစ်ကြိမ်လျှင် (၈)ပတ်မှ အများဆုံး (၂၆) ပတ်ထိ မကျန်းမာမှုဆေးခွင့်အဖြစ် သတ်မှတ်ပေးကာ ထည့်ဝင်ကြေးလစာ၏ ၆၀ ရာခိုင်နှုန်းအား ငွေကြေးအကျိုးခံစားခွင့်အဖြစ် ထုတ်ပေးရန်အတွက် ညွှန်ကြားချက်ထုတ်ပြန်၍ စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။

၂၀၂၀ ပြည့်နှစ်၊ မေ (၂၈) ရက်အထိ စာရင်းများအရ Quarantine ပြုလုပ်ထားသူ အာမခံအလုပ်သမား (၉၁၂) ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် (၅၉၈၅) ဦး ရှိသည့်အနက် Quarantine ပြုလုပ်ထားသူ (၂၁၂) ဦးအား ငွေကြေးအကျိုးခံစားခွင့် ၉၉၀၁၆၃၁ ကျပ်နှင့် ကိုယ်ဝန်ဆောင်မိခင် (၅၆) ဦးအား ၆၄၆၃၉၅၀ ကျပ်တို့ကို ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ မကျန်းမာမှုဆေးခွင့်ခံစားနေသော Quarantine ပြုလုပ်ထားသူ အာမခံအလုပ်သမားများနှင့် ကိုယ်ဝန်ဆောင်မိခင်များသည် မကျန်းမာမှုအကျိုးခံစားခွင့် ၆၀ % ကို ထုတ်ယူနိုင်ရန်အတွက် သက်ဆိုင်ရာမှ ထုတ်ပေးသော Quarantine ရက် ပြည့်ပြီးကြောင်း ထောက်ခံချက်၊ လူမှုဖူလုံရေးဆေးခန်းများမှထုတ်ပေးသော ဆေးသက်သေခံလက်မှတ်နှင့်အတူ သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးများသို့ ဆက်သွယ်၍ ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူမှုဖူလုံရေးအဖွဲ့**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

## စာပေဗိမာန်စာအုပ်ဆိုင်များတွင် စာအုပ်အမျိုးအစားစုံလင်စွာ ဝယ်ယူရရှိနိုင်

**နေပြည်တော် ဇွန် ၂**

မြန်မာစာပေဖွံ့ဖြိုးရေး၊ ပြည်သူများစာဖတ်ခြင်းအလေ့ တိုးပွားရေးနှင့် ပညာဗဟုသုတကြွယ်ဝရေးတို့ကိုရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသည် စာပေဗိမာန်စာအုပ်ဆိုင်များကို ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့တွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည်။ စာပေဗိမာန်စာအုပ်ဆိုင်များတွင် စာပေဗိမာန်ကထုတ်ဝေသည့် မြန်မာ့စွယ်စုံကျမ်းအတွဲ ၁၅ တွဲ၏ ဖြည့်စွက်ကျမ်းများဖြစ်သည့် နှစ်စဉ်ထုတ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်များ၊ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာအကြောင်းအရာများကို ဘာသာပြန်ဆိုထုတ်ဝေသည့် လစဉ်ထုတ် သုတပဒေသာစာစောင်များ၊ စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုရ ပြည်သူ့လက်စွဲစာအုပ်များ၊ ၂၀ ရာစု မြန်မာစာပေသမိုင်းတစ်လျှောက် ထွက်ပေါ်ခဲ့သည့် စာအုပ်စာပေများထဲမှ အထူးခြားဆုံး၊ အကောင်းဆုံးလက်ရာများကို ရွေးချယ်စုစည်းထုတ်ဝေလျက်ရှိသည့် မြန်မာဂန္ထဝင်အတွဲ (၁၀၀) ဝတ္ထုရှည်စာစဉ်တွဲစာအုပ်များ၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည့် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်မှတ်တမ်းစာအုပ်များ၊ နိုင်ငံတော်အကြီးအကဲများ၏ မိန့်ခွန်းစာအုပ်များ၊ နိုင်ငံတော်အဆင့် အစည်းအဝေးမှတ်တမ်းစာအုပ်များ၊ မြန်မာနိုင်ငံတော် ပြန်တမ်းများအပါအဝင် စာအုပ်အမျိုးပေါင်း ၅၄၀ ကျော်နှင့် အစိုးရဌာနများမှ ထုတ်ဝေသော စာအုပ်အမျိုးအစား ၂၀၀ ကျော်၊ ပုဂ္ဂလိကစာပေတိုက် ၅၀၀ ကျော်တို့မှ ထုတ်ဝေသည့် သုတ၊ ရသနှင့် ဥပဒေစာအုပ်အမျိုးအစား ၁၂၀၀၀ ကျော်တို့ကို စုံလင်စွာရောင်းချပေးလျက်ရှိသည်။

စာပေဗိမာန်စာအုပ်ဆိုင်(ရန်ကုန်)ကို အမှတ် -၅၂၉/၅၃၁ ကုန်သည်လမ်းနှင့် ၃၇ လမ်းတို့တွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည်။ စာပေဗိမာန်စာအုပ်ဆိုင်(ရန်ကုန်)တွင် စာအုပ်များ စုံလင်စွာရောင်းချပေးလျက်ရှိပြီး စာပေဗိမာန်ထုတ်စာအုပ်များကို လက်လီလက်ကား ဝယ်ယူရရှိနိုင်သည်။ စာပေဗိမာန်စာအုပ်ဆိုင်(ရန်ကုန်)နှင့် ဆက်သွယ်လိုပါက ဖုန်း ၀၁-၃၈၁၄၄၈၊ ၀၁-၂၄၉၀၃၁ တို့သို့ ဆက်သွယ်နိုင်သည်။

စာပေဗိမာန်စာအုပ်ဆိုင်(နေပြည်တော်)ကို အမှတ်(တ-၅၅) သပြေကုန်းဈေးတွင် ဖွင့်လှစ်ရောင်းချလျက်ရှိပြီး စာပေဗိမာန်စာအုပ်ဆိုင် (နေပြည်တော်) နှင့် ဆက်သွယ်လိုပါက ဖုန်း ၀၆၇-၃၄၁၄၆၈၁ သို့ ဆက်သွယ်နိုင်သည်။

စာပေဗိမာန်စာအုပ်ဆိုင် (မန္တလေး)ကို ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြားတွင် ဖွင့်လှစ်ရောင်းချလျက်ရှိပြီး စာပေဗိမာန်စာအုပ်ဆိုင် (မန္တလေး) နှင့် ဆက်သွယ်လိုပါက ဖုန်း ၀၂-၄၀၃၀၁၈၆ သို့ ဆက်သွယ်နိုင်သည်။

ယခုအခါ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ် - ၁၉ ရောဂါကာကွယ်ထိန်းချုပ်သောအားဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက် စာပေဗိမာန်စာအုပ်ဆိုင်များသို့ လာရောက်ဝယ်ယူအားပေးနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ **သတင်းစဉ်**

## ဂန့်ဂေါမြို့နယ် အန်းတားကျေးရွာသို့ သောက်သုံးရေလှူဒါန်း

**ဂန့်ဂေါ ဇွန် ၂**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် အန်းတားကျေးရွာတွင် နွေရာသီရေရှားပါးပြီး သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသဖြင့် အလှူရှင်များ စုပေါင်း၍ မေလနောက်ဆုံးပတ်က သောက်ရေသန့် ၂၀ လီတာဘူးကြီး ၁၅၀ ကို လှူဒါန်းခဲ့သည်။ အဆိုပါ ကျေးရွာတွင် ရေလှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ "နောက်တစ်ပတ်မှာလည်း သောက်သုံးရေအတွက် အလှူငွေတွေ ရရှိပြီးပါပြီ။ ဒီရွာမှာ ရေတွင်းတူးဖို့ ခက်ခဲနေပါတယ်။ ရေတွင်းအလှူရှင်တွေ လိုအပ်နေပါတယ်။ ရေတွင်းရှိရင် ကျောင်းသား ကျောင်းသူတွေ၊ ဆရာ ဆရာမဝန်ထမ်းတွေ၊ ရွာသူရွာသားတွေ အဆင်ပြေမှာပါ" ဟု အလက(ခွဲ) အန်းတားကျေးရွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေထွေးက ပြောသည်။ **ထင်အောင်နိုင်(ဂန့်ဂေါ)**

## နတ်မောက်မြို့နယ်တွင် မိုးသီးနှံများ ဂျီအေပီစနစ်ဖြင့် စိုက်ပျိုးလျက်ရှိ

**နတ်မောက် ဇွန် ၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် အလေ့အကျင့်ကောင်းများ (ဂျီအေပီ) စနစ်ဖြင့် ယခုနှစ်မိုးရာသီ မိုးနှမ်းလျာထားဧက ၂၀၀၆၇၁ ဧက၊ မြေပဲလျာထားဧက ၂၈၁၂၉ ဧက၊ ပဲတီးစိမ်းလျာထားဧက ၅၀၅၄၃ ဧကစိုက်ပျိုး ရန် လျာထားလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက သိရသည်။

နတ်မောက်မြို့နယ် လက်ခုပွင့်ကျေးရွာတောင်သူ ဦးလှရှိန်က "မေပြီလရွာတဲ့ မိုးရေနဲ့ တောင်သူတချို့က ထွန်ရေးပြင်နေကြပြီး တောင်သူအချို့က နှမ်းသီးနှံတွေ စိုက်ပျိုးကြပါတယ်။ မေပြီလအတွင်း နှမ်းစိုက်တောင်သူတွေမှာ အပင်ပေါက်ရောက်မှု မကောင်းကြဘူး။ မေလနောက်ဆုံးပတ်က ရွာသွန်းခဲ့တဲ့ မိုးရေကြောင့် နှမ်းပင်အပင်ပေါက်များ ပြီဖြစ်လို့ တောင်သူတွေ ဝမ်းသာနေကြပါတယ်။ အခုလမှာတော့ တခြားသီးနှံတွေဖြစ်တဲ့ ဝါကိုအဓိကစိုက်ပျိုးကြမှာဖြစ်ပြီး မီးဖိုချောင်သီးနှံဖြစ်တဲ့ ငရုတ်၊ ခရမ်းချဉ်တွေကို ပျိုးထောင်ထားကြပါတယ်" ဟု ပြောသည်။

နတ်မောက်မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေး တောင်သူများနှင့်သင့်လျော်ပြီး အရည်အသွေးပြည့်ဝဘေးကင်းသော စိုက်ပျိုးသီးနှံများရရှိအောင် ကောင်းမွန်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ မြို့နယ်စိုက်ပျိုးရေး ဝန်ထမ်းများက လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိထံက သိရသည်။

**ဥမ္မာခင်(နတ်မောက်)**

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရုပ်ရှင်ရုံများအပါအဝင် ဖျော်ဖြေရေးလုပ်ငန်းများနှင့် အပန်းဖြေစခန်းများအား ဇွန် ၁၅ ရက်အထိ ပြန်လည်ဖွင့်လှစ်ခွင့်မပြု

**မန္တလေး ဇွန် ၂**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရုပ်ရှင်ရုံများအပါအဝင် ဖျော်ဖြေရေးလုပ်ငန်းများနှင့် အပန်းဖြေစခန်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဇွန် ၁၅ ရက်အထိ ပြန်လည်ဖွင့်လှစ်ခွင့်မပြုသေးကြောင်း တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်က ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအတွင်း၌ မတ်လနောက်ဆုံးပတ်မှစ၍ ယာယီပိတ်ထားခဲ့ရသည့် လုပ်ငန်းများအနက် မေလတတိယပတ်မှစ၍ ဖြေလျှော့မှုများဖြင့် ဈေးများ၊ စည်ပင်နှင့် သက်ဆိုင်သည့်လုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် အအေးဆိုင်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ပြင်ဆင်၍ ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ယခု ဇွန် ၁ ရက်မှစ၍ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ အဝေးပြေးယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲခွင့် ပြုခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာ ဖြေလျှော့မှုနဲ့ ပြန်လည်ဖွင့်လှစ်ခွင့်ပေးတဲ့ လုပ်ငန်းတွေထဲမှာ ရုပ်ရှင်ရုံတွေ၊ စင်တင်တေးဂီတတွေ၊ ကာရာအိုကေ စတဲ့ ဖျော်ဖြေရေး လုပ်ငန်းတွေနဲ့ အပန်းဖြေစခန်းတွေကတော့ မပါသေးဘူး။ ဒီလုပ်ငန်းတွေကို ဇွန် ၁၅ ရက် အထိ တားမြစ်မိန့်ကို ဆက်ပြီးထားမှာပါ။ ရုပ်ရှင်ရုံတွေ၊ ကာရာအိုကေ လုပ်ငန်းတွေက Social Distancing လုပ်ဖို့ မလွယ်တဲ့အပြင် အလုံပိတ် အခန်းတွေဖြစ်လို့ ပြင်ပကလေနဲ့ ထိတွေ့မှုမရှိတဲ့အတွက် ရောဂါကူးစက်မှုပိုပြီး အခွင့်အရေးများနိုင်တယ်။ ဒါကြောင့် ဒီလုပ်ငန်းတွေကို ဆက်ပြီး ပိတ်ထားတာပါ" ဟု တိုင်းဒေသကြီး ဝန်ကြီးက ဆက်လက်ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ အဆိုပါလုပ်ငန်းများအပြင် ဘာသာရေးဆိုင်ရာ ဝတ်ပြုကျောင်းများနှင့် မဟာအောင်မြေကျောက်မျက်ရောင်းဝယ်ရေးစခန်းတို့ကိုလည်း ဇွန် ၁၅ ရက်အထိ ဆက်လက်ပိတ်ထားမည်ဖြစ်ပြီး ယင်းလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဇွန် ၁၀ ရက်နောက်ပိုင်းတွင် တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## အုန်းချော သီတဂူစက္ခုဒါနဆေးရုံ၌ အပတ်စဉ် အခမဲ့ဆေးကုသမှုများ ပုံမှန် ပြန်လည်စတင်မည်

**မန္တလေး ဇွန် ၂**

**မန္တလေး ပုသိမ်ကြီးမြို့နယ် အုန်းချောရွာရှိ သီတဂူစက္ခုဒါနဆေးရုံတော်၌ အပတ်စဉ် ကြာသပတေးနေ့နှင့် တနင်္ဂနွေနေ့တို့တွင် အထွေထွေရောဂါ၊ သွားရောဂါများကို အခမဲ့ကုသပေးခဲ့ရာမှ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့် ကာလတွင် ပြည်ပမှပြန်လာသူများအား သီးသန့်ထားစောင့်ကြည့်သည့် နေရာအဖြစ် အသုံးပြုခဲ့သည့်အတွက် အပတ်စဉ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ခေတ္တရပ်နားထားခဲ့သည်။**

ယခုအခါ သီးသန့်ထားစောင့်ကြည့်မှုများ ပြီးစီးပြီဖြစ်၍ မေ ၃၁ ရက်က စတင်ကာ တနင်္ဂနွေနေ့နှင့် ကြာသပတေးနေ့တိုင်း အပတ်စဉ် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို ပုံမှန်အတိုင်း ပြန်လည်ပြုလုပ်ပေးမည်ဖြစ်ကြောင်း သီတဂူစက္ခုဒါန ဆေးရုံ ဦးဆောင်ဆရာတော် ဒေါက်တာသုန္ဒရထံက သိရသည်။

အုန်းချော သီတဂူစက္ခုဒါနဆေးရုံတွင် ၂၀၁၅ ခုနှစ်မှစတင်ကာ အထွေထွေရောဂါ လူနာများအား အပတ်စဉ် ကြာသပတေးနေ့နှင့် တနင်္ဂနွေနေ့တိုင်း အခမဲ့ကုသပေးခြင်း၊ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ နှစ်စဉ် အခမဲ့မျက်စိခွဲစိတ်ကုသမှုများ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ခွဲစိတ်မှုများအတွက် မျက်စိခွဲစိတ်ဆရာဝန်ကိုးဦး၊ မျက်စိကုဆရာဝန် ငါးဦး၊ သူနာပြု ၂၀ နှင့် စေတနာ့ဝန်ထမ်းအသင်းအဖွဲ့ ၁၂ ဖွဲ့တို့ ပူးပေါင်းပါဝင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အုန်းချော သီတဂူစက္ခုဒါနဆေးရုံ၌ ကိုဗစ်-၁၉ မတိုင်မီက အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးစဉ်။

အဆိုပါ ဆေးရုံတော်၌ အပတ်စဉ်လူနာများအား အခမဲ့ဆေးကုသပေးရာတွင် လစဉ်ငွေစုစာအုပ်ဖြင့် လှူဒါန်းသည့် အလှူရှင်နှင့် အခါအားလျော်စွာ လာရောက်လှူဒါန်းသော အလှူရှင်များ၏ အလှူငွေများဖြင့် ကုသပေးနေခြင်းဖြစ်၍ လှူဒါန်းလိုသူများအနေဖြင့် အထွေထွေရောဂါများ ကုသရေးအတွက် လှူဒါန်းနိုင်သလို မျက်စိအခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးခြင်းအတွက်လည်း မျက်စိတစ်လုံး ခွဲစိတ်ကုသခ ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် အုန်းချောသီတဂူစက္ခုဒါန ဆေးရုံ ဦးဆောင်ဆရာတော် ဖုန်း ၀၉-၇၇၇၇၅၂၉၄၅ သို့ ဆက်သွယ်ပြီး ကုသိုလ်ပြု ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **တိမ်တမန်**

# နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဈေးရောင်းမော်တော်ယာဉ်ဖြင့် ရပ်ကွက်များနှင့် ဝန်ထမ်းအိမ်ရာများသို့ နေ့စဉ်အလှည့်ကျ လိုက်လံရောင်းချပေးလျက်ရှိ

နေပြည်တော် ဇွန် ၂

ကိုဗစ် - ၁၉ ဖြစ်ပွားနေသည့် ကာလအတွင်း ဈေးအသီးသီးသို့ သွားရောက်ဝယ်ယူရန် အခက်အခဲရှိသည့် ရပ်ကွက်များနှင့် ဝန်ထမ်းအိမ်ရာနေမိသားစုများအတွက် သန့်ရှင်းလတ်ဆတ်သော မီးဖိုချောင်သုံး အစားအသောက်များဖြစ်သည့် ဟင်းသီးဟင်းရွက်၊ အသား၊ ငါးများနှင့် ကုန်စိမ်း၊ ကုန်ခြောက်များကို ဈေးအသီးသီးတွင် ရောင်းချနေသော ဈေးနှုန်းများအတိုင်း အလေးချိန်ခွင် မှန်ကန်စွာဖြင့် အလွယ်တကူ ဝယ်ယူနိုင်ရန်အတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနက ဈေးရောင်းမော်တော်ယာဉ်ဖြင့် မေလမှ စတင်ကာ လိုက်လံရောင်းချပေးလျက်ရှိသည်။



"တစ်နေ့တာ စားသုံးမယ့် မီးဖိုချောင်သုံး ပစ္စည်းတွေကို ဈေးနှုန်း၊ အချိန်အတွယ် မှန်ကန်စွာနဲ့ အလွယ်တကူ ဝယ်ယူနိုင်မယ်။ ဈေးမသွားရတဲ့အတွက် အချိန်ကုန် သက်သာလာမယ်။ နောက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေကိုလည်း လိုက်နာပြီးသားဖြစ်မယ်။ ဒီလို စနစ်တကျ ဈေးကားတွေကို နေပြည်တော်တစ်ခုလုံးမှာ ဖြစ်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့က နမူနာလုပ်ပြတာပါ" ဟု နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်ဇင်လတ်က ပြောသည်။



အဆိုပါ ဈေးရောင်းမော်တော်ယာဉ်ဖြင့် မေ ၃၁ ရက်က ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက်ရှိ စံပယ်အိမ်ရာ၊ လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်လျက်ရှိသည့် နေပြည်တော် စည်ပင်ဌေ့ရိပ်သာနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ စည်ပင်ဝန်ထမ်း အိမ်ရာများသို့ လိုက်လံရောင်းချခဲ့သည်။

ထိုသို့ ရောင်းချရာတွင် ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက် စံပယ်အိမ်ရာအတွင်း ဈေးရောင်းမော်တော်ယာဉ်ဖြင့် ရောင်းချပေးနေမှုကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ ၎င်းတို့၏ ဇနီးများနှင့် ဝန်ထမ်းများက လာရောက်ဝယ်ယူအားပေးခဲ့ကြသည်။

"တစ်နိုင်တစ်ပိုင် ရောင်းချချင်တဲ့သူတွေ၊ စိုက်ခင်းရှိတဲ့သူတွေ၊ မွေးမြူရေးတွေလုပ်ပြီး ရောင်းချချင်တဲ့သူတွေ အပြင် ဥပမာ - ရေခဲမုန့် လုပ်တတ်တယ်။ ရေခဲမုန့်ကားနဲ့ ရောင်းချချင်တဲ့သူတွေအနေနဲ့ စိတ်ပါဝင်စားတယ်ဆိုရင် ကျွန်တော်တို့နဲ့ ဆက်သွယ်နိုင်ပါတယ်။ လုပ်ငန်းအတွက် ချေးငွေလိုအပ်ရင် နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်နဲ့ ညှိနှိုင်းဆောင်ရွက်ပေးမယ်။ ယခု ဈေးကားက ကျွန်တော်တို့အနေနဲ့ စံနမူနာပြအဖြစ် လုပ်ပြတာပါ။ ကျွန်တော်တို့ရဲ့ နမူနာ လုပ်ပြထားတဲ့ ဈေးကားထက်ပိုပြီး ဆန်းသစ်တဲ့ ဒီဇိုင်းနဲ့ ရောင်းချလိုသူရဲ့ စိတ်ကူးအတိုင်း ထုတ်ကုန်တွေကို ရောင်းချချင်တယ်ဆိုရင် နေပြည်တော်စည်ပင်သာယာရေးကော်မတီကနေ လိုင်စင်ရယူပြီး ရောင်းချနိုင်ဖို့ ကူညီဆောင်ရွက်ပေးသွားမှာပါ"ဟု ဦးကျော်ဇင်လတ်က ပြောသည်။

အဆိုပါ ဈေးရောင်းမော်တော်ယာဉ်ဖြင့် နေပြည်တော်အတွင်းရှိ ရပ်ကွက်နှင့် အိမ်ရာများသို့ နေ့စဉ် အလှည့်ကျ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **တာရာ**

## လဟာရက်-ကဒတ်ဖြာ-ခရမ်းရေထိန်းတံခါးလမ်း ကျေးလက်လမ်းဦးစီးဌာနက ကွန်ကရစ်ခင်း

ရန်ကုန် ဇွန် ၂

လဟာရက်-ကဒတ်ဖြာ-ခရမ်းရေထိန်းတံခါးလမ်းသည် စုစုပေါင်းလမ်းအရှည် နှစ်မိုင် တစ်ဖာလုံရှိသည်။ အဆိုပါ လမ်းသည် လဟာရက်၊ သာယာကုန်း၊ ကံလှ၊ ဥယျာဉ်ကျေးရွာ လေးရွာ အိမ်ခြေ ၈၅၂ အိမ်၊ လူဦးရေ ၃၀၆၀ အတွက် အကျိုးပြုသော ကျေးရွာချင်းဆက်လမ်းဖြစ်ပြီး Class A လမ်းအမျိုးအစား ဖြစ်သည်။

အဆိုပါ ကျေးလက်လမ်းသည် ၂၀၀၄ ခုနှစ်တွင် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြေသားလမ်းဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာမှ အလှူရှင်တစ်ဦးက မြေသားလမ်းပေါ်တွင် ဂဝံထပ်ခင်းခြင်းဆောင်ရွက်ခဲ့သည်။ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ၁ ဒသမ ၃ မိုင်ကို ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေ(Mini Budget)ဖြင့် ခေတ်ကောင်းမြန်မာကုမ္ပဏီမှ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည်။

ယခု ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေကျပ် သန်း ၄၈၁ ဒသမ ၇၉၀ ဖြင့် (PKSY Company)မှ ကျေးလက်လမ်းဦးစီးဌာနအတွက် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရမ်းစိုးမြင့်

## လားရှိုးမြို့နယ်၌ အစားထိုးသီးနှံအတွက် မျိုးစေ့နှင့် မြေဩဇာများ ထောက်ပံ့

လားရှိုး ဇွန် ၂

လားရှိုးမြို့နယ်၌ အစားထိုးသီးနှံအတွက် မျိုးစေ့၊ ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၂ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းထင်စိုးက အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြင့်သိန်းက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးကြူက မျိုးစေ့၊ ဓာတ်မြေဩဇာများ ထောက်ပံ့ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူများက ကျေးရွာအုပ်စု ၁၀ အုပ်စုအတွက် စပါးမျိုးစေ့အိတ် ၄၀၀၊ ပြောင်းမျိုးစေ့ ၁၀ အိတ်နှင့် ဓာတ်မြေဩဇာအိတ်များကို တောင်သူများအား ပေးအပ်ကြောင်း သိရသည်။ **မောင်ကျော်ကြီး**



## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခင်မောင် ၁၂/ပဇတ(နိုင်)၀၂၈၁၁၂၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်သည် ဦးမြင့်ခိုင် ၁၂/ပဇတ(ပြု)၀၀၀၂၁၁ (ချမ်းသာပြည့်စုံ အိမ်ဆောက်ပစ္စည်းနှင့် သံထည်ရောင်းဝယ်ရေး) အမှတ် (၂၁၀-ဘီ)၊ ဆင်တဲလမ်း၊ စက်မှုဇုန်(၃)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ထံမှ သံချောင်းလုံး(ရှယ်စုံ)များကို ကြိုတင်ငွေပေးချေပြီး ဝယ်ယူခဲ့ပါသည်။ ဝယ်ယူခဲ့သည့်ပစ္စည်းများနှင့်ပတ်သက်၍ (ချမ်းသာပြည့်စုံ အိမ်ဆောက်ပစ္စည်းနှင့် သံထည်ရောင်းဝယ်ရေး) ငွေရပြေစာဆိုင်ဘောက်ချာများ၊ စာချုပ်စာတမ်းများဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ သို့အတွက် ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးမြင့်ခိုင် (ချမ်းသာပြည့်စုံ အိမ်ဆောက်ပစ္စည်းနှင့် သံထည်ရောင်းဝယ်ရေး) တို့ပြုလုပ်ခဲ့သည့် အရောင်းအဝယ်ကိစ္စများတွင် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူခဲ့သည့် ပစ္စည်းဖိုးပေးရန်ကျန်ငွေလုံးဝမရှိခဲ့ပါ။ ထို့ကြောင့် လက်ရှိအချိန်တွင်ဖြစ်ပေါ်နေသော ဦးမြင့်ခိုင် ပေးရန်ရှိနေသော အကြွေးကိစ္စများမှာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခင်မောင်နှင့် လုံးဝပတ်သက်ခြင်းမရှိပါကြောင်းကို အသိပေးအပ်ပါသည်။

ဦးမြင့်ခိုင် (ချမ်းသာပြည့်စုံ အိမ်ဆောက်ပစ္စည်းနှင့် သံထည်ရောင်းဝယ်ရေး) ကသာ ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်ထံသို့ ပေးရန်ရှိသည့်အပေါ်တွင် ဖြေလျှော့ပေးပါရန် ဦးမြင့်ခိုင် အပါအဝင် ၎င်း၏ဇနီး ဒေါ်မူမူချစ်၊ ဦးမြင့်ခိုင်၏အစ်မ ဒေါ်ဝေဝေဟန်နှင့် လူကြီးများဖြစ်သော ဦးကျော်ဝင်းနှင့် ဦးချစ်လှိုင်တို့၏ မေတ္တာရပ်ခံချက်အရ ဦးခင်မောင်မှဦးမြင့်ခိုင်အား လူမှုရေးအရထောက်ထားပြီး (၄-၂-၂၀၂၀)ရက်တွင် "နှစ်ဦးနှစ်ဖက်သဘောတူကတိစာချုပ်"ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်၏ ဂုဏ်သိက္ခာနှင့်ပတ်သက်၍ ဦးမြင့်ခိုင်မှ အထက်ပါ (၄-၂-၂၀၂၀)ရက်တွင် ချုပ်ဆိုခဲ့သောစာချုပ်ပါ ဝန်ခံကတိပြုခဲ့သည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ပြုမူပြောဆိုဆောင်ရွက်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြအောင် (အောင်ကြီး)**
**ဥပဒေဘွဲ့(စဉ်-၃၉၁၃/၂၅-၁၁-၈၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၁၆၃ (လေးလွှာ)၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉-၅၁၅၁၂၄၆**

## ပျောက်ဆုံးကြောင်း

XM Co.,Ltd ၏ ထသက ကတ်အမှတ် 55754 (01-03-2019) မှ (29-2-2024) အထိ သက်တမ်းရရှိပြီး ထုတ်ကုန်သွင်းကုန် မှတ်ပုံတင်လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၁၃၉၈၈၃၅

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၆)မြောက် ဝါဝါဝင်း၊ ကံကြီးမောင်၊ သွယ်သွယ်ဟိန်း၊ မဟာမင်း၊ သူဌေးကြီး၊ မိုးယံ ရွှေလမင်းနှင့်မြတ်ဆုကုဋေ ထီပေါက်စဉ် အချို့တို့တွင် ဝေဝေဆာဆာပဒေသာ (၃) သိန်းဆု၌ လ 97310 ကို လ 67310 ဟု ပြင်ဆင်ဖတ်ရှုပါရန်နှင့် သိန်း(၅၀)ဆု ကက 749450 မှာ တစ်ဆုတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုမြို့၊ ဘူတာ(က)ရပ်ကွက်၊ အမက (၁၁)မှ ကျောင်းဆရာမ ဒေါ်ဝင်းဝင်းကြည် ၅/ရဘန(နိုင်)၀၀၆၁၇၇ နှင့် ဒေါ်ဝင်းဝင်းမြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ဝင်းဝင်းကြည်(ခ)
ဒေါ်ဝင်းဝင်းမြင့်

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၆)မြောက် ကိုးသုံးလုံး၊ ပန်ဆုအောင်၊ ဇမ္ဗူလင်း၊ မျိုးဆက်သစ်၊ ကံပေါ်ကြီး၊ မြတ်ခွန်၊ ရတနာသိန်းထိုက်အောင်၊ ၃၁၃၊ ပပဝင်း၊ အောင်မိုးဆက်၊ အောင်သပြေ သိန်းထီပေါက်စဉ်တို့တွင် ဝေဝေဆာဆာ ပဒေသာ(၃)သိန်းဆု၌ လ 97310 ကို လ 67310 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်တင်တင်အေး ၁၂/ဥကတ(နိုင်)၀၁၁၅၁၁ ၏သမီး မဏီဖြိုးဝေဦး ၁၂/ဥကတ(နိုင်) ၁၇၅၁၇၉မှာ မိဘဆိုဆုံးမမှုများအား မနာခံဘဲပြုမူသွားပါသဖြင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မိခင် ဒေါ်တင်တင်အေး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၇)ရပ်ကွက်၊ အမှတ်(၈၂၀/ခ)၊ မြခွာညို (၅)လမ်းနေ မောင်ထက်အာကာ ၁၂/ဒဂတ(နိုင်)၀၆၁၈၁၆သည် မိဘ၏ဆုံးမစကားကို နားမထောင်ဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပြီး ပေးသင့်ပေးထိုက်တာပေးပြီးဖြစ်၍ မိဘများပိုင်နေအိမ်အဆောက်အအုံများအတွင်းသို့ လာရောက်ခြင်းခွင့်မပြုပါကြောင်း၊ ၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကိုလည်း လုံးဝတာဝန်ယူမည်မဟုတ်ပါကြောင်း ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**ဦးစိန်အောင်ချေ ၁၂/သဃက(နိုင်)၀၇၀၄၉၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ဒဂုံမြို့နယ်၊ အထက လေးထောင့်ကန်မှ အလယ်တန်းပြဆရာမ ဒေါ်စန်းစန်းအေး (ခ) ဒေါ်စမ်းစမ်းအေး ၁၂/ မဂဒ(နိုင်) ၀၃၅၇၉၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေ ဦးနေဝင်းနိုင် ၅/ ဗမန(နိုင်)၀၄၅၃၁၆ သည် ၎င်း၏မိခင် ဒေါ်ခင်ဝင်း ၅/ဗမန(နိုင်)၀၄၁၅၀၉ ထံမှ မိသားစုအမွေစီမံမှုအရ ကသာခရိုင်၊ ဗန်းမောက်မြို့၊ မြို့မရပ်ကွက်၊ ကွင်းအမှတ် (၇)၊ ဦးပိုင်အမှတ် (၁၆/၂)၊ ဧရိယာ၀ဒသမ၀၉၆ရှိ မြေကွက်ကို အမွေအဖြစ်ပိုင်ဆိုင်ရရှိခဲ့ပါသည်။ ဦးနေဝင်းနိုင်သည် မိသားစုစီမံမှုဖြင့် ရရှိထားသောမြေကွက်အား အမည်ပြောင်းပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်းများဖြင့် သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဦးအောင်သူဟိန်း LL.B**
**အထက်တန်းရှေ့နေ**
**(စဉ်-၅၀၆၄၃/၂၀-၁၂-၂၀၁၈)**
**မြနန္ဒာရပ်ကွက်၊ ဗန်းမောက်မြို့**
**ဖုန်း- ၀၉- ၄၀၂၅၉၂၁၅၆**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည်များဖြစ်သော ဘိုကလေးမြို့နယ်၊ မြင်းကကုန်းကျေးရွာ၊ (၂)နယ်မြေ၊ ဈေးပိုင်း၊ ကမ်းနားလမ်းနေ ဦးလှရွှေ ၁၄/ဘကလ(နိုင်)၀၇၉၄၆၉-ဒေါ်စီစီလှ ၁၄/ဘကလ(နိုင်)၀၇၉၄၇၀တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်အမှုသည်တို့၏ သားဖြစ်သော ကိုမင်းမင်းသန်း(ခ)ကိုပု ၁၄/ဘကလ(နိုင်)၁၄၂၀၃၇သည် မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်ပြင် ငွေကြေးများပါစိုက်ထုတ်ရှင်းပေးခဲ့ရပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ငွေကြေးကိစ္စအပါအဝင် မည်သည့်ကိစ္စအဝဝကိုမျှ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းသည်းခံပါ။)**

**ဦးလှရွှေ-ဒေါ်စီစီလှတို့၏လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်မြင့်မြင့်စန်း (LL.B)၊ တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၄၈၈(၂၅-၁၀-၁၂)**
**(၁၂)ရပ်ကွက်၊ ကြံ့ခိုင်ရေးရုံးရှေ့၊ ဖျာပုံမြို့၊ ဖုန်း-၀၉-၄၅၇၆၇၂၉၀၄**




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ် ရပ်ကွက်များတွင် မြေခွန်ပြေစာအမည်ပေါက်သူများထံမှ အရပ်ကတိစာချုပ် အဆင့်ဆင့်ဝယ်ယူထားသော အောက်ပါပုဂ္ဂိုလ်များမှ ၎င်းတို့အမည်ဖြင့် မြေငှားဂရန်လျှောက်ထားလာသောကြောင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ စာရွက်စာတမ်းအထောက်အထားများ ခိုင်လုံစွာတင်ပြ၍ ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ တစ်လအတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်-

| စဉ် | လျှောက်ထားသူ၏ | | လျှောက်ထားသည့် | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | ရပ်ကွက်/ ကျေးရွာအုပ်စု | ဦးပိုင်အမှတ် | အကွက်အမှတ်/ အကွက်အမည် | မြေဧရိယာ | |
| ၁ | ဒေါ်နန်းမုညားတင် | ၃/ဘအန(နိုင်)၂၃၆၆၃၈ | အမှတ်(၆) | ၁၆၆/၂ | ၅၅၊ ရဲသိပ္ပံကျောင်းတောင် အကွက် | ၀.၀၂၈ | မြေငှားဂရန်လျှောက်ထားခြင်း |
| ၂ | ဦးစောဇော်ထူး+ ဒေါ်နန်းခင်ချယ်ရီ | ၃/လဘန(နိုင်)၀၉၉၇၁၃၊ ၃/ဘအန(နိုင်)၃၀၀၆၄၇ | အမှတ်(၉) | ၃၅/၇၀/၂ | ၁၁၇၆-ခ၊ ရေကျော် ရွာကွင်း | ၀.၀၉၄ | မြေငှားဂရန်လျှောက်ထားခြင်း |
| ၃ | ဒေါ်နန်းရတနာသိန်း | ၃/ဘအန(နိုင်)၂၀၀၅၄၅ | အမှတ်(၄) | ၇၉ | ၅၆၊စိန်ပီတာ ကျောင်းတောင် အကွက် | ၀.၀၆၅ | မြေငှားဂရန်လျှောက်ထားခြင်း |
| ၄ | ဦးစိုးမြင့်အောင်+ ဒေါ်ဥမ္မာအေး | ၃/ဘအန(နိုင်)၁၄၉၆၂၉ ၃/ဘအန(နိုင်)၁၇၇၅၀၆ | အမှတ်(၅) | ၇၉ | ၂၂၊ အောင်မင်္ဂလာ အကွက် | ၀.၀၅၉ | မြေငှားဂရန်လျှောက်ထားခြင်း |

ကော်လိတ္တော်အရာရှိ၊ ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘားအံမြို့

## အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၇၃ )

မန္တလေးခရိုင်တရားရုံး၌

၂၀၂၀ ပြည့်နှစ် တရားမအထွေထွေမှုအမှတ် -၁၇

ကွယ်လွန်သူဦးကျော်ဝင်း၌ ကျန်ရစ်သော မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောတွင်ကျေးရွာအုပ်စု၊ တောတွင်အနောက်၊ ကွင်းအမှတ် ၅၆၅-က၊ ဦးပိုင်အမှတ်-၃၊ (ယာမြေ ၂ ဒသမ ၀၉)ကေ၊ ဦးပိုင်အမှတ်-၄က/၁ (ဥယျာဉ်မြေ ၂ ဒသမ ၄၁ ကေ)နှင့် ဦးပိုင်အမှတ် -၄ခ(လယ်မြေ ၂ ဒသမ ၄၄ ကေ) အကျယ်အဝန်းရှိ လယ်ယာမြေကွက်များ

ဒေါ်နီနီဝင်း လျှောက်ထားသူ

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အမှတ် ၉၀၊ ၂၆ဘီလမ်း၊ ၉၁x၉၂ လမ်းကြားနေ ဒေါ်နီနီဝင်းက ကွယ်လွန်သူ ဦးကျော်ဝင်း၏ဇနီးဖြစ်သည်ဟူ၍ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အမှတ် ၉၀၊ ၂၆ ဘီလမ်း၊ ၉၁x၉၂ လမ်းကြားနေ ၎င်းကွယ်လွန်သူ ဦးကျော်ဝင်းမှာ ကျန်ရှိရစ်သောပစ္စည်းများထဲမှ ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးကျော်ဝင်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၀ ပြည့်နှစ် ဇွန် ၁၈ ရက် (၁၃၈၂ ခုနှစ် နယုန်လပြည့်ကျော် ၁၃ ရက်)နံနက် ၉:၃၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်နီနီဝင်း၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မာလာထွဋ်)
တွဲဖက်ခရိုင်တရားသူကြီး(၃)
မန္တလေးခရိုင်တရားရုံး

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)

ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၉၆နှင့်ဆက်နွယ်သည့်

၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ်-၂၈

ဒေါ်စီစွမ်(ခ)ဒေါ်ကြည်ကြည် နှင့် ဒေါ်ထွေးထွေး
ဒီကရီအနိုင်ရသူ တရားရှုံး

ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက် အကွက်အမှတ် ပပ-၅/ဦးပိုင်အမှတ်-၁၀ နေ ဒေါ်ထွေးထွေး သိစေရမည်။

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၉၆ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၁၅ ရက်(၁၃၈၂ ခုနှစ် နယုန်လပြည့်ကျော် ၁၀ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကြည်ပြာဆင့်)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်အေးအေးညွန့်၏သမီးများဖြစ်ကြသော မဟန်နီထွန်း ၁၃/လရန(နိုင်)၁၃၂၉၄၇၊ မဂျူးမီမီထွန်း ၁၃/လရန(နိုင်)၁၃၂၉၄၈၊ မယွန်းမီမီထွန်း ၁၃/လရန(နိုင်)၁၃၂၉၄၉ တို့သုံးယောက်သည် မိခင်အား ကိုယ်ထိလက်ရောက်နှုတ်ဖြင့် လက်ဖြင့်သော်လည်းကောင်း စော်ကားပါသဖြင့် ယနေ့မှစ၍ သမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းတို့နှင့်ပတ်သက်သော ငွေရေးကြေးရေးကိစ္စအပါအဝင် အခြားသောကိစ္စအဝဝအားလုံးသည် ကျွန်မနှင့်လုံးဝမသက်ဆိုင်တော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်အေးအေးညွန့် ၁၃/လရန(နိုင်)၀၂၅၁၁၇

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်မြတ်ရဲကျော် ၁၂/တမန(နိုင်) ၁၀၄၈၅၅၏ C.D.C. No.60802 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၈၂၁၈၃၇

## မွေးသက္ကရာဇ်မှန်နှင့်ဖခင်အမည်မှန်

လဲချားမြို့နယ်၊ အထက(လဲချား) နဝမတန်းမှ ကျောင်းဝင်အမှတ် ၀၃၆၉၄ နန်းခမ်းလူ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၈-၂၀၀၂ နှင့် ဖခင်အမည်မှန်မှာ စိုင်းထွန်းစိန် ၁၃/နစန(နိုင်)၀၅၇၁၅၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အထက(ခွဲ)ဘဲချောင်း နဝမတန်းမှ မအေးအေးဖြိုး၊ ဆဋ္ဌမတန်းမှ မောင်မျိုးကိုကိုတို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးဇော်ဦး ၁၄/ဝခမ(နိုင်) ၁၇၈၆၀၄ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ တွင်းငယ်ကျေးရွာနေ (ဘ)ဦးဒေါင်းညို၏သား မောင်ဇော်လင်း ၉/သပက(နိုင်)၀၃၈၂၂၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နေ မထက်ထက်ဝင့်နှင့်ကျွန်ုပ်၏မိတ်ဆွေတို့သည် တွင်းငယ်ကျေးရွာတွင် အကြင်လင်မယားအဖြစ် အတူတကွ ပေါင်းသင်းနေထိုင်လာခဲ့ပြီး စိတ်သဘောထားချင်းမတိုက်ဆိုင်၍ ကျွန်ုပ်မိတ်ဆွေမှ လူကြီးမင်းအား သပိတ်ကျင်းမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၆၄/၂၀၁၉)ဖြင့် လင်မယားကွာရှင်း ပြတ်စဲပေးစေလိုမှု တရားစွဲဆိုခဲ့ရာ ၃-၁-၂၀၂၀ရက်တွင် တရားရုံးတော်မှ ကျွန်ုပ်မိတ်ဆွေအား အနိုင်ဒီကရီကို ချမှတ်ခဲ့၍ တရားရုံးတော်၏အမိန့်အရ ကျွန်ုပ်မိတ်ဆွေမှ လူကြီးမင်းအပေါ်တွင် လင်မယားကွာရှင်းခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်ထွေး
LL.B,B.Sc(Chem:) (Q)H.G.P.,PGDL
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၅၄၈)
(ဂဂ-၄/၅၀)၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့

## ထိမ်းမြားလက်ထပ်ပြီးစီးကြောင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျောင်းကြီးလမ်းရပ်ကွက်နေ

ရဲမှူးသိန်းကျော် (မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်)-ဒေါ်စံစံလှတို့၏ သားကြီး

မောင်အောင်ကိုခန့် (Final Part II MBBS University of Medicine 2, Yangon)၊ မဝင်းနုနုဇံတို့၏အစ်ကို

**မောင်ကျော်မိုးစံ (LL.B)**

**အထက်တန်းရှေ့နေ**

**Legal Clinic Myanmar (LCM)**

**နှင့်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ လမ်းမတော်တောင်ရပ်ကွက်နေ

ဦးစိန်ထွန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန)-

ဒေါ်သန္တာဖြူ (ပါရမီဆေးဆိုင်) တို့၏ သမီးကြီး

မောင်ဖြိုးဟိန်းထွန်း ( 2nd Year GTI သံတွဲ)၏ အစ်မ

**မငြိမ်းဆုခိုင်**

**(2nd Year Physics, Diploma in General Nursing)**

**အထက်တန်းသူနာပြု**

**(အထွေထွေရောဂါကုဆေးရုံကြီး၊ စစ်တွေမြို့)**

တို့ကိုမိဘတို့ဝတ္တရားရှိသည့်အတိုင်း ၃၀-၅-၂၀၂၀ ရက်တွင် နှစ်ဖက်ဂုဏ်သရေရှိ လူကြီးမိဘများရှေ့မှောက်၌ လက်ထပ်ထိမ်းမြားမင်္ဂလာမော်ကွန်းတင်လွှာကို လက်မှတ်ရေးထိုးပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ကျော်မိုးစံ-မငြိမ်းဆုခိုင်**

**နှင်းလုံးဆေးလုံး** ပျို့မေတို့အစဉ်သုံး၊ ဇကမ္ဘာနန္ဒင်းလုံး၊
သွေးသားသန့်ရှင်းရောဂါကင်းအသားအရေစိုပြေဆေး
အမှတ်-၂၈၊မြောက်ဖက်တန်း(အပေါ်ထပ်)ဗိုလ်ချုပ်ဈေး၊ရန်ကုန်မြို့။ဖုန်း-၅၄၉၁၀၆ 1010YR001475 ၁၀/၂၀၀၈ တဆဝက(၂၅၃)

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၈၄ လမ်း၊ ၄၂x၄၃-လမ်းကြား၊ အမှတ် (၅၀၉/၃) တွင်တည်ရှိသော LUCKY XD COMPANY LIMITED ၏ကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဒေါ်မြတ်မွန်သန်း (ဘ)ဦးစံရွှေ ၉/မရတ(နိုင်)၁၃၁၂၇၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကြော်/ကင်(ကြက်အူချောင်း) BBQ Sausage

မှတ်ပုံတင်စာချုပ် အမှတ်(၇၂၀/၂၀၂၀)

အထက်ပါ ကုန်အမှတ်တံဆိပ်ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသော ကြော်/ကင်ကြက်အူချောင်း (BBQ Sausage) အမည်ဖြင့် ကြော်/ကင်ကြက်အူချောင်း ၊ ကြက်အူချောင်း၊ ပြောင်းဖူးကြက်အူချောင်း၊ ပြောင်းဖူးဟော့ဒေါ့၊ ခေါက်ဆွဲပြုတ် ဝက်အူချောင်း၊ ဝက်အူချောင်းအမျိုးမျိုး နှင့် စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို LUCKY XD COMPANY LIMITED ၏ကုန်အမှတ်တံဆိပ်မူပိုင်ဖြစ်ကြောင်း၊ မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၇၂၀/၂၀၂၀) ဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ကြေညာစာတမ်း ပြုလုပ်ထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ကြော်/ကင်ကြက်အူချောင်း (BBQ Sausage) ကုန်အမှတ်တံဆိပ်ကို စားသောက်ကုန်အမျိုးမျိုးတို့အပေါ်တွင် ကပ်နှိပ်၍ LUCKY XD COMPANY LIMITED က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိရာ ဈေးကွက်၌ အများပြည်သူတစ်ခဲနက် လက်ခံအားပေးလျက်ရှိပါသည်။ ၎င်းကုန်အမှတ်တံဆိပ်ကို အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံသဏ္ဌာန်တူအောင်ဖြစ်စေ တစ်နည်းနည်းဖြင့် ဆင်တူယိုးမှားဖြစ်စေ၊ တုပအသုံးပြု၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသုံးစွဲခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲရောင်းချနေကြောင်းကို တွေ့ရှိပါက တည်ဆဲတရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

LUCKY XD COMPANY LIMITED
မန်နေဂျင်းဒါရိုက်တာ ဒေါ်မြတ်မွန်သန်း၏ လွှဲအပ်ချက်အရ-
ဦးကျော်ကျော်သိန်း (LL.B) (စဉ်-၁၃၅၈၃/၂၀၁၇)
တရားလွှတ်တော်ရှေ့နေ
ဃ-၃/၅၈၊ ၆၃(A)လမ်း၊ မြို့သစ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊
ဖုန်း-၀၉-၅၁၁၄၇၇၈

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)

ပြည်ကြီးတံခွန်မြို့နယ် တရားမရုံး၌

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၂ နှင့် ဆက်စပ်သည့်

၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၂၉

၁။ ဦးကျော်စိုးလွင် နှင့် ဦးကိုကိုကြီး
၂။ ဒေါ်ဇာဇာဟန်
**ဒီကရီအနိုင်ရသူများ** **တရားရှုံး**

ဦးမိုးရင်(ခ)ဦးဖိုးရင်၏သားဖြစ်သူ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(ခခ-၂၂) ဦးပိုင်(၁၃)၊ (ဆ)ရပ်ကွက်နေ ဦးကိုကိုကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၂ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးကျော်စိုးလွင်နှင့် ဒေါ်ဇာဇာဟန်တို့က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် ဇွန် ၁၆ရက် (၁၃၈၂ ခုနှစ် နယုန်လပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၀ ပြည့်နှစ် ဇွန် ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ကျော်ဦး)
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

**ဝတ်ရည်ဦး**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

## မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ကျောက်ခုတ်ကျေးရွာနေ ဦးသာထွန်းလှ၏သား မောင်ဉာဏ်လင်းထွန်း ၁၁/မပန(နိုင်)၀၉၆၀၈၂ ၏ မွေးသက္ကရာဇ် အမှန်မှာ ၁၀-၇-၁၉၉၃ ဖြစ်ပါကြောင်း။

**( ဒဂုံမြို့သစ် )**
ဆိပ်ကမ်း၊တောင်ပိုင်း
မြေကွက်များဝယ်လိုသည်
Ph:09420963466

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ မြေကွက်အမှတ်(၃၂၁)၊ မြေကွက်တည်နေရာအမှတ်(၃၂၁)၊ သရက်ချောင်းလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးတင်အုန်း (SRM-၀၅၄၇၃၄)အမည်ပေါက်နှစ် (၆၀) ဂရန်မြေအား ဂရန်အမည်ပေါက် ဦးတင်အုန်း(ဖခင်ဖြစ်သူ)နှင့် မိခင် ဒေါ်ငွေ(ခ) ဒေါ်ရင်ငွေတို့ ကွယ်လွန်သွားသောကြောင့် ဒေါ်အုန်းအုန်းမြင့် ၁၂/ဒဂတ(နိုင်) ၀၂၃ ၀၁၃မှ တစ်ဦးတည်းသော သမီးဖြစ်ကြောင်းနှင့်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း ကျမ်းကျိန်လွှာ (၁၁/၂၄၆၇/၁၉:၁၁:၁၉)ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုလူဦးရေစာရင်း နှစ်(၆၀) ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့်လုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ







## Covid – 19 အတွက် ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့ငွေပေးမည့်ကိစ္စ

မြန်မာနိုင်ငံ အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းဟောင်းများ အသင်း၏ ၂၀၂၀ ပြည့်နှစ် မေ (၃၁)ရက်အထိ အသင်းဝင်ဖြစ်ပြီးသူများအား Covid – 19ကာလ ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့ငွေအဖြစ် အသင်းသားတစ်ဦးလျှင် (၂၀၀၀၀ိ/–) (ကျပ်နှစ်သောင်းစီ) ထောက်ပံ့မည်ဖြစ်ပါ၍ အသင်းရုံးတည်ရာ အမှတ်(၉၅/၉၇)၊ ၃၆ လမ်းနှင့် မဟာဗန္ဓုလ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ၂၀၂၀ ပြည့်နှစ် ဇွန် ၅ရက်မှ ၃၀ ရက်အထိ နေ့စဉ် (၀၉:၀၀)နာရီမှ (၁၅:၀၀) နာရီအတွင်း အသင်းဝင်ကတ်/မှတ်ပုံတင် ယူဆောင်၍ လူကိုယ်တိုင် လာရောက်ထုတ်ယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**စုံစမ်းရန်။** ဦးစိုးမြင့် ဖုန်း–၀၉–၇၃၁၇၉၆၄၉ နှင့် ၀၉–၄၄၄၇၀၀၀၂၆

မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်း၊ ရန်ကုန်မြို့

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## လားရှိုးခရိုင်တရားရုံးတော်၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် – ၁၇

| | | | |
|---|---|---|---|
| ဒေါ်ကြူစန်းမေ | နှင့် | ၁။ ဒေါ်ရန်ကျင်းဖိန်း(ခ)ရှောက်ရှေး<br>၂။ ဦးမောင်ဝင်း | အတူနေ လင်မယား |
| တရားလို | | တရားပြိုင်များ | |

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၊ အိမ်အမှတ်(ဇ/၈–၆)၊ ပိတောက်လမ်း၊ ရပ်ကွက်(၈)၊ နယ်မြေ(၈)တွင် နေထိုင်သူ ဒေါ်ရန်ကျင်းဖိန်း(ခ)ရှောက်ရှေးနှင့် ဦးမောင်ဝင်း (အတူနေလင်မယား)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ကြူစန်းမေက ချေးငွေ ၇၉၆၀၀၀၀၀ိ/–(ကျပ်သိန်းခုနစ်ထောင့် ကိုးရာ့ခြောက်ဆယ်တိတိ) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂ ရက် (၁၃၈၂ ခုနှစ် ပထမဝါဆိုလဆန်း ၁၃ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။

၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မေ ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဌေးဝင်း)
ခရိုင်တရားသူကြီး
လားရှိုးခရိုင်တရားရုံး

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက်အသုံးပြုရန် FDA အသိအမှတ်ပြုဆေးရုံးသုံးပစ္စည်း(Consumables For Speciality)များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံ စတင်ရောင်းချမည့်ရက် – ၃–၆–၂၀၂၀ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် – ၃–၇–၂၀၂၀ရက် ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အခြားသိလိုသည်များရှိပါက ရုံးချိန်အတွင်း ဤဆေးရုံကြီးတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
### ရေနံဓာတ်ငွေ့ရည်များနှင့်Light Naphtha ရောင်းချရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၁)ရေနံဓာတ်ငွေ့ရည် စက်ရုံ(မင်းဘူး)မှ ထုတ်လုပ်သည့် ပရိုပိန်းရေနံဓာတ် ငွေ့ရည်၊ ဗြူတိန်းရေနံဓာတ်ငွေ့ ရည်နှင့် Light Naphtha များကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါသည်။

၂။ Light Naphtha အတွက် မည်သူမဆို တင်ဒါအဆိုပြုလွှာတင်သွင်းနိုင်ပြီး၊ ရေနံ ဓာတ်ငွေ့ရည်များအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် ရေနံဓာတ်ငွေ့ရည် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် က၊ ခ၊ ဂ၊ စ လက်ဝယ်ရှိသူများ မြန်မာ့ရေနံ ဓာတုဗေဒ လုပ် ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | ပမာဏ | တင်ဒါဖွင့်ရက် | | တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် | |
|---|---|---|---|---|---|---|---|
| | | | | နေ့ | နာရီ | နေ့ | နာရီ |
| ၁။ | ပရိုပိန်း<br>ဗြူတိန်း | မက်ထရစ်တန်<br>မက်ထရစ်တန် | ၁၀၀<br>၁၀၀ | ၂–၇–၂၀၂၀ | ၁၄:၀၀ | ၂–၇–၂၀၂၀ | ၁၂:၀၀ |
| ၂။ | Light Naphtha | ဂါလန် | ၁၀၀၀၀၀ | ၂–၇–၂၀၂၀ | ၁၄:၀၀ | ၂–၇–၂၀၂၀ | ၁၂:၀၀ |

၃။ တင်ဒါစည်းကမ်းချက်နှင့် ပုံစံများအား (၁)လကြိုတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။
၄။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း–၀၆၇–၃၄၁၁–၀၈၂၊ ၀၆၇–၃၄၁၁၀၉၄တို့သို့ ရုံးချိန် အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေဩဇာစက်ရုံများမှ ယူရီးယားဓာတ်မြေဩဇာများကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ် အပ်ပါသည်။

| စက်ရုံ | ပမာဏ (တန်) | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|
| | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| အမှတ်(၄)ဓာတ်မြေဩဇာ စက်ရုံ(မြောင်းတကာ) | ၃၀၀၀<br>၃၀၀၀ | ၇–၇–၂၀၂၀<br>၁၄–၇–၂၀၂၀ | ၁၂:၀၀<br>၁၂:၀၀ | ၇–၇–၂၀၂၀<br>၁၄–၇–၂၀၂၀ | ၁၄:၀၀<br>၁၄:၀၀ |
| အမှတ်(၅)ဓာတ်မြေဩဇာ စက်ရုံ(ကန်ကြီးထောင့်) | ၃၀၀၀<br>၃၀၀၀ | ၇–၇–၂၀၂၀<br>၁၄–၇–၂၀၂၀ | ၁၂:၀၀<br>၁၂:၀၀ | ၇–၇–၂၀၂၀<br>၁၄–၇–၂၀၂၀ | ၁၄:၀၀<br>၁၄:၀၀ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား (၁)လကြိုတင်၍ ဤလုပ်ငန်းရုံးချုပ်(ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း–၀၆၇–၃၄၁၁၀၈၂၊ ၀၆၇–၃၄၁၁၀၉၄ တို့သို့ ရုံးချိန် အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ နိုင်ငံတော်ထောက်ပံ့(ဖြည့်စွက်)ရန်ပုံငွေဖြင့် ဆောင်ရွက် မည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာတွင် မြေဖြတ်ခြင်းနှင့် လမ်းတံတား၊ ရေမြောင်းများဆောင်ရွက်ခြင်းလုပ်ငန်း (၁၀)ခုအား အိတ်ဖွင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** – ၂–၆–၂၀၂၀ရက်
**တင်ဒါပုံစံပိတ်မည့်ရက်** – ၁၅–၆–၂၀၂၀ရက် ညနေ ၄နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** – အင်ဂျင်နီယာဌာန(လမ်း/တံတား)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်–
အင်ဂျင်နီယာဌာန(လမ်း/တံတား)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း–၀၆၇–၄၃၂၀၃၇၊ ၀၉–၆၉၅၀၁၆၀၄၁

တင်ဒါကော်မတီ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ (၉၇)လမ်း၊ အိမ်အမှတ်၁၄၊ (၃လွှာ)နေ ဒေါ်တင်တင်အေး ၁၂/မဂတ(နိုင်)၀၅၄၆၀၂၏သား မောင်တင်လှ(ခ)ဇိုဘေရ်ရ် ၁၂/မဂတ(နိုင်)၁၀၃၅၇၅သည် မိခင်နှင့်အစ်မ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိသားစုစိတ်ဆင်းရဲအောင်နှင့် ဂုဏ်သိက္ခာညှိုးနွမ်းစေရန် အကြိမ်ကြိမ်ပြုလုပ်ခဲ့သောကြောင့် ဤကြော်ငြာပါသည့်ရက်မှစ၍ မောင်တင်လှ(ခ)ဇိုဘေရ်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သူ၏ အရှုပ်အရှင်းကိစ္စ တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ကျွန်မဒေါ်တင်တင်အေးမှ ဖြေရှင်းပေးမည်မဟုတ်ပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**မိခင်–ဒေါ်တင်တင်အေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ ဟသ်ာတမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဟသ်ာတမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော လူနာများအား ကုသပေးနိုင်ရန် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများ၊ ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတ်မှန်ပစ္စည်းများ၊ Consumablesများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** – ၁၁–၆–၂၀၂၀ ရက် (ကြာသပတေးနေ့)
**တင်ဒါပိတ်မည့်ရက်** – ၁၀–၇–၂၀၂၀ ရက် (သောကြာနေ့) ညနေ ၄:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်း အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**
**ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ ဟသ်ာတမြို့**
**ဖုန်း–၀၄၄–၂၀၂၁၅၁၁**

## ဂါရဝတရားဖြင့် အနူးအညွတ်တောင်းပန်ခြင်း

၂၀၂၀ ပြည့်နှစ် မတ် ၂၆ ရက် ည ၁၁:၀၀ နာရီခန့်တွင် ဒေါက်တာ ဒေါ်ကျော့ခင် (တွဲဖက်ပါမောက္ခ/ဓာတ်မှန်ဆရာဝန်ကြီး၊ ဓာတ်မှန်ဌာန၊ ဗဟိုအမျိုးသမီးဆေးရုံကြီး) နှင့် တပည့် (၃)ဦးစီးနင်းလာသောကားမှာ ကျွန်တော် မောင်ဖြိုးဟိန်းကျော် မောင်းနှင်လာသောကားနှင့်မတော်တဆထိခိုက်မှုဖြစ်ပွားခဲ့ပါသည်။ ဤဖြစ်ရပ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းအပေါ် နေ့စဉ်အမှု ဝမ်းနည်းမှုနှင့်အတူ နောင်တများစွာရရှိနေရပါသည်။ကျွန်တော်၏ပေါ့ဆမှုကြောင့်ထိခိုက်နာကျင်ခဲ့ရခြင်းအပေါ် ဒေါက်တာဒေါ်ကျော့ခင် (တွဲဖက်ပါမောက္ခ/ဓာတ်မှန်ဆရာဝန်ကြီး၊ ဓာတ်မှန်ဌာန၊ ဗဟိုအမျိုးသမီးဆေးရုံကြီး) နှင့် ဒေါ်သီရိကျော်၊ ဒေါ်သူဇာလွင်၊ ဦးသော်တာအောင်တို့အား ဂါရဝတရား ဦးထိပ်ထား၍ အနူးအညွတ် တောင်းပန်အပ်ပါသည်။

**လေးစားစွာဖြင့်အနူးအညွတ်တောင်းပန်ခြင်း**
**မောင်ဖြိုးဟိန်းကျော်**
**၁၂/ကမရ(နိုင်)၀၆၂၃၉၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရေနံချောင်းမြို့နယ်၊ ဆိပ်သာကွန်းထောက်မြို့ကွက်သစ်၊ မြေပေးမိန့်အဟောင်းများ ပယ်ဖျက်၍ မြေပေးမိန့်အသစ် ပြန်လည်ထုတ်ပေးနိုင်ပါရန် ဆိပ်သာကွန်းထောက်မြို့ မြေချထားမှုဆိုင်ရာ စာရင်းဇယား ကောက်ယူစိစစ်ထိန်းသိမ်းရေးအဖွဲ့မှ တင်ပြလာသဖြင့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသို့မြေပေးမိန့်အသစ် ပြန်လည်ထုတ်ပေးမည်ဖြစ်ပါ၍ ဤသတင်းစာပါသည့်ရက်မှ ၁၅ရက်အတွင်း မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ရေနံချောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လည်းကောင်း၊ ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့သို့လည်းကောင်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်–

| စဉ် | မူလအမည် ပေါက်သူ | လာရောက် ဆက်သွယ်သူ | စည်ပင် မြေအကွက် အမှတ် | မြေစာရင်း အကွက် အမှတ် | မြေစာရင်း မြေကွက် အမှတ် |
|---|---|---|---|---|---|
| ၁ | ဦးရွှေ | ဒေါ်နွယ်နွယ်စိုး | ၂၂၀ | ၁၉ | ၂၃၃ |
| ၂ | ဦးတင့်လွင် | ဦးဝင်းသက်နိုင် | ၆၃၄ | ၁၇ | ၁၉၆ |
| ၃ | ဦးစိန်သန်း | ဦးအောင်ခင်ဝင်း | ၃၈၈ | ၂၁ | ၅၃ |
| ၄ | ဒေါ်လေးခင်ကြည် | ဒေါ်ဌေးဝင်း | ၁၃၈ | ၂၁ | ၁၃၅ |
| ၅ | ဦးညိုလေး | ဦးဝင်းလှိုင် | ၂၄၇ | ၂၁ | ၁၁၃ |
| ၆ | ဦးဆန်းလင်း | ဒေါ်သီတာမိုး | ၂၉ | ၂၀ | ၁၅၄ |
| ၇ | ဗိုလ်ကြီးမြသောင်း | ဦးမြင့်သိန်း | ၅၂(က) | ၁၉ | ၂၇၉ |
| ၈ | ဦးမျိုးလွင် | ဦးမြင့်လှိုင် | ၃၉ | ၂၀ | ၁၇၇ |
| ၉ | ဦးသာလှိုင် | ဒေါ်ဌေးဝင်း | ၁၃၉ | ၂၁ | ၁၃၄ |
| ၁၀ | ဦးသန်းအောင် | ဦးလှိုင်ကျော်မိုး | ၂၆၆ | ၂၁ | ၈၉ |
| ၁၁ | ဦးရွှေအောင် | ဦးရွှေအောင်သမီး ဒေါ်ချိုချိုသန်း | ၂၆၈ | ၂၁ | ၈၇ |
| ၁၂ | ဦးစိန်သောင်း | ဦးစိန်မောင် | ၁၂၃ | ၂၁ | ၁၄၉ |
| ၁၃ | ဦးဌေးမြင့် | ဒေါ်ခင်မာတိုး | –/၁၁၇၁ | ၂၂ | ၇ |
| ၁၄ | ဒေါ်သန်းမြင့် | ဦးသန်းထွေး | –/၁၁၇၂ | ၂၂ | ၈ |
| ၁၅ | ဦးရွှေကြူ | ဦးဇော်မိုး | ၁၅၀ | ၂၁ | ၁၂၃ |
| ၁၆ | ဦးခင်မောင်အေး | ဦးခင်မောင်အေး | ၂၄၂ | ၂၀ | ၉၂ |
| ၁၇ | ဒေါ်စိုးစိုးလှိုင် | ဒေါ်မို့မို့လှိုင် | ၁၂၄ | ၂၁ | ၁၄၈ |
| ၁၈ | ဦးသောင်းတင် | ဦးသောင်းတင် | ၅၁၂ | ၂၁ | ၁၁ |
| ၁၉ | ဒေါ်သိန်းသိန်းဆွေ | ဒေါ်သိန်းသိန်းဆွေ | ၃၇၆ | ၂၁ | ၆၆ |
| ၂၀ | ဒေါ်သိန်းသိန်းဆွေ | ဒေါ်သိန်းသိန်းဆွေ | ၃၇၇ | ၂၁ | ၆၅ |
| ၂၁ | ဦးထွန်းဝင်း | ဦးထွန်းဝင်း | ၃၇၈ | ၂၁ | ၆၃ |
| ၂၂ | ဦးထင်အောင်လင်း | ဦးထင်အောင်လင်း | ၂၉၄ | ၂၀ | ၈၃ |
| ၂၃ | ဦးသောင်းဝေ | ဦးသောင်းဝေ | ၂၉၅ | ၂၀ | ၈၂ |
| ၂၄ | ဦးညွန့်တင် | ဦးညွန့်တင် | ၂၉၆ | ၂၀ | ၈၁ |
| ၂၅ | ဦးသန်းအေး | ဦးခင်မောင် | ၁၁၃၁ | ၂၁ | ၁၈၉ |
| ၂၆ | ဒေါ်ဆွေဆွေမြင့် | ဦးခင်မောင် | ၁၁၅၄ | ၂၁ | ၂၁၀ |
| ၂၇ | ဦးသန်းဖေ | ဒေါ်ညွန့်ညွန့်သန်း | –/၁၄၂၉ | ၂၂ | ၁၆ |
| ၂၈ | ဦးလှဖေ | ဒေါ်ကြင်မြိုင် | ၂၅၂ | ၂၁ | ၁၀၇ |
| ၂၉ | ဦးတင်မောင်ဦး | ဒေါ်မျိုး ကျော့ကျော့အောင် | ၈၈ | | |
| ၃၀ | ဦးတင်အောင် | ဦးကိုကိုထူး | ၃၃ | ၂၀ | ၁၆၂ |

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးမြို့**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## Agriculture Development Support Project
## ဈေးနှုန်းအဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော Agriculture Development Support Project(ADSP)အတွက် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာ (RFQ)များ ဖိတ်ခေါ်အပ်ပါသည်။

| Reference No, | Description of Material |
|---|---|
| W-22, W-29, W-30 | Cement |
| W-22, W-29, W-28A | Premium Diesel |
| W-22, W-29 | Deformed Steel Bar |

၂။ အထက်ပါ ပစ္စည်းများဝယ်ယူခြင်းအတွက် World Bank Procurement Guideline ပါ စည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကြော်ငြာပါသည့်ရက်မှစ၍ ဈေးနှုန်းအဆိုပြုလွှာပုံစံ (RFQ)များကို E-mail No.tlwin 4.irr @ gmail.com သို့ မိမိတို့တင်သွင်းလိုသော ပစ္စည်းများနှင့် ဈေးနှုန်းအဆိုပြုလွှာ (Reference No.)ကို အတိအကျဖော်ပြပြီး ယှဉ်ပြိုင်မည့် ကုမ္ပဏီအမည်ဖြင့် ရုံးချိန်အတွင်း အခမဲ့ လျှောက်ထားတောင်းခံနိုင်ပါသည်။ (လာရောက်ဝယ်ယူရန်မလိုပါ။)

၄။ ဈေးနှုန်းအဆိုပြုလွှာ(RFQ)များကို ၁၆-၆-၂၀၂၀ ရက် ၁၄:၀၀ နာရီ နောက်ဆုံးထားပြီး အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

**လိပ်မူရန်**

**U Kaung Myat Thein, Director (Procurement Branch)**

**Irrigation and Water Utilization Management Department, Office No. 43,**

**Naypyitaw**

## အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကွမ်းခြံကုန်းကျေးရွာ၊ စစ်စီးတော(၁)လမ်း၊ အမှတ်(၆၆၄-ဘီ)တွင် "Lotus" အမည်အမှတ်တံဆိပ်ဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချလျက်ရှိပါသည်။

အဆိုပါ "Lotus" အမည်အမှတ်တံဆိပ်အား ၂၀၁၈ခုနှစ် ဩဂုတ် ၈ ရက်တွင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် အမည်တူ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာထည့်သွင်းခဲ့ပါသည်။ ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ ကန့်ကွက်မှုမရှိပါသဖြင့် ၂၀၁၈ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းခဲ့ပြီး ၂၀၁၈ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၄/၁၂၅၁၉ဖြင့် တရားဝင်မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ထောက်ခံချက် အမှတ်-စ၁/၂၀၁၉၄၀/ထလ ဖြင့် "Lotus" သောက်ရေသန့်အား ထုတ်လုပ်ရောင်းချလျက်ရှိပါသည်။

Lotus PURIFIED DRINKING WATER

Lotus PURIFIED DRINKING WATER




သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကိုအသုံးပြု၍ သောက်ရေသန့်အမျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချလျက်ရှိပြီး အဆိုပါ ကုန်အမှတ်တံဆိပ်ဖြင့်ပင်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထည့်သွင်းအသုံးပြုသော ကော်ဘူး၊ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ပတ်၊ ဖန်ပုလင်း၊ စက္ကူပတ်၊ စက္ကူရွက်၊ စက္ကူပုံး၊ စက္ကူအိတ်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းစသည်တို့ အပေါ်တွင်လည်း ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကိုပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပြီး အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန် တုပသုံးစွဲခြင်း (လုံးဝ)မပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ အဆိုပါ တားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့် အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပါကြောင်း ကြိုတင်သတိပေးကြေညာအပ်ပါသည်။

**"Lotus" သောက်ရေသန့်**

**ဖုန်း-၀၁-၇၅၂၅၈၅၃၊ ၀၉-၂၆၇၈၈၈၈၂၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လိပ်သိုမြို့၊ ထမုံကျေးရွာအုပ်စု၊ ထမုံအထက်ကျေးရွာနေ နော်ဂျူးလီယက်၏ဖခင် ဦးမြင့်ထွေးနှင့် စောလီးနို ၃/သတန(နိုင်)၀၁၃၃၄၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ အထက(ဟောင်ပါး) တတိယတန်းမှ မောင်ထွန်းသစ်ဆန်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးအောင်အောင် ၅/ယမပ(နိုင်)၁၀၈၉၇၇ ဖြစ်ပါကြောင်း။

**ဦးမျိုးအောင်အောင်**

## အမည်မှန်

တောင်သာမြို့နယ်၊ ပြဿဒ်ကြီးကျေးရွာနေ မအိမွန် ၉/တသန(နိုင်)၁၀၇၃၆၆၏ အမည်မှန်မှာ ကျောင်းဝင်မှတ်ပုံတင်စာရင်းအရ မအိအိမွန်ဖြစ်ပါကြောင်း။

**မအိအိမွန်**

## မိဘအမည်မှန်

ရေနံချောင်းမြို့၊ ဇီးပင်ကံရပ်ကွက်နေ မောင်ဇော်ပိုင်ဖြိုးနှင့် အထက(ဝက်ချုပ်) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် အဋ္ဌမတန်း (ဖြေဆိုပြီး) မောင်ထက်ပိုင်ဖြိုးတို့၏ မိဘအမည်မှန်မှာ ဦးထွန်းအောင်ကျော်နှင့် ဒေါ်ခိုင်ဇင်မင်းအောင် တို့ဖြစ်ပါကြောင်း။

## မြေငှားဂရန်လျှောက်ထားမှုအတွက် ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅ ရွှေဝတ်မှုံ)၊ ဦးပိုင်အမှတ်(၁၀၆)၊ ဧရိယာ (၀ဒသမ၁၈၅) ဧကရှိ မြေကို ဒေါ်ခင်စန်းမြင့် အမည်ဖြင့် မြေငှားဂရန်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆)၊ မြေကွက်အမှတ် (၅၀၀)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်သည် ဦးမြင့်ထွေး ၁၃/လရန(နိုင်)၁၀၅၈၇၁ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ မြေအမည်ပေါက် ဦးမြင့်ထွေးထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစိန်ရီ (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၃၀၃၆)**
**အမှတ် (၂၂)၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၀၅၀၃၂၃၈၊ ၀၁-၂၂၃၉၅၆**

## ၁-၆-၂၀၂၀ရက်စွဲပါ ကြော်ငြာနှင့် ပတ်သက်၍ (အမှား) ပြင်ဆင်ဖတ်ရှုပေးပါရန်

၁-၆-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၃၀)တွင် ပါရှိသော ဒေါ်ခိုင်စပယ် ၁၂/ဥကတ(နိုင်)၀၅၇၇၅၅၅နှင့် အများသိစေရန် အသိပေးကြေညာခြင်း ကြော်ငြာတွင် ဖော်ပြပါရှိသည့် ဒေါ်စိုးစိုးသန်း၏ လိပ်စာမှာမှားယွင်းနေပါသဖြင့် တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ (၁)လမ်း၊ အမှတ် (၈၉၉)အစား **တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ဖြူမှုံစိုရ် လမ်း၊ အမှတ် (၈၉၉)** ဟုပြင်ဆင်ဖတ်ရှုပေးပါရန်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေဦး(LL.B)တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၆၇)၊ တကောင်း(၄)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၉၆၄၉၃၃၅၀၇**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ တလုပ်လပ် အနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၈၇၉-မအူပင်ကွင်း)၊ ဦးပိုင်အမှတ် (၁၇/၄၄)၊ ဧရိယာ ၀ဒသမ၀၉ဧကရှိ မြေအား မအူပင်မြို့၊(၄)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် (၄၉)နေ ဦးအောင်သန်းဌေး ၁၄/မအပ(ဧည့်)၀၀၀၀၀၈ မှ မြေငှားဂရန် သက်တမ်းတိုးအမည်ပြောင်းရရှိရေးအတွက် ဂရန်မြေအရောင်းအဝယ်စာချုပ်၊ မြို့နယ်တရားရုံးကျမ်းကျိန်လွှာနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန် သက်တမ်းတိုးအမည်ပြောင်း ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ အဆောက်အဦအထူးအဖွဲ့ (၆)၊ မန္တလေးနှင့် (၁၀)မုံရွာတို့၏ အိတ်ဖွင့်တင်ဒါဖွင့်ပွဲရက်ပြောင်းလဲခြင်း

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အဆောက်အဦအထူးအဖွဲ့ (၆)၊ မန္တလေးမြို့နှင့် အဆောက်အဦအထူးအဖွဲ့ (၁၀)၊ မုံရွာမြို့တို့မှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ပစ္စည်းဝယ်ယူရေးတင်ဒါဖွင့်ပွဲကို မူလသတ်မှတ်သည့် ဖွင့်ပွဲနေ့ရက်ဖြစ်သော ၄-၆-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီအစား ၅-၆-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီ တွင် ကျင်းပသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ကချင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး မြစ်ကြီးနားမြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကချင်ပြည်နယ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၉-၂၀၂၀ပြည့်နှစ် တင်ဒါပိုလျှံရန်ပုံငွေဖြင့်ဆောင်ရွက်မည့် နောက်ဆက်တွဲပါ တည်ဆောက်ရေးလုပ်ငန်းအား ဆောင်ရွက်ရန်ရှိပါသဖြင့် ဆောင်ရွက်လိုသောလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကချင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

(က) တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၃-၆-၂၀၂၀ရက်
(ခ) တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် - ၂-၇-၂၀၂၀ရက် ညနေ ၄နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - ကချင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၀၄၂၇၊ ၀၇၄-၂၁၃၅၄

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀) ပုဗ္ဗသီရိမြို့နယ်တရားရုံးတော် ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၁၃

| | | |
|---|---|---|
| ဦးကျော်အောင် | နှင့် | ၁။ ဦးသီဟ |
| | | ၂။ ဦးတင်အောင် |
| **တရားလို** | | **တရားပြိုင်များ** |

အမှတ် (၇၉၀)၊ (၁၈)လမ်း၊ ပေါင်းလောင်းရပ်၊ ပျဉ်းမနားမြို့နေ (၁) တရားပြိုင် ဦးမြင့်အောင် (ယခုလိပ်စာမသိသူ)သိစေရမည်။

သင်အပါအဝင် (၂) တရားပြိုင် ဦးတင်အောင်အပေါ်၌ ဦးကျော်အောင်က မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁ ရက် (၁၃၈၂ ခုနှစ် ပထမဝါဆိုလဆန်း ၁၂ ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇာနည်မြင့်ဝေ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပုဗ္ဗသီရိမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၁၀၆ ဧကရှိ ဦးကျော်ဝင်း ၁၂/ဥကမ(နိုင်)၀၄၉၈၈၇ (ဘ) ဦးထွန်းစိန် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အမှတ် ပ-၂၃၅၆၁ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၀၈၆/၂၀၁၆ ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးဝင်းမင်းထွန်း ၈/ဆဖန(နိုင်)၀၁၀၂၄၀ (ဘ) ဦးဝင်းငွေမှ ဦးရဲသူရိန်ဝင်း(ခ)ဦးရဲဝင်း ၉/မသန(နိုင်)၀၈၀၇၄၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၃)၊ အကွက်အမှတ် (၂)၊ ဟော်ကုန်းရပ်၊ ဦးပိုင်အမှတ် (၂၃-၅)၊ မြေယာအမှတ် (24/102)၊ မြေဧရိယာ ၀ဒသမ၀၅၀ ဧကရှိ မြေနှင့်မြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်များကို ဦးနေလင်းအောင်က မြေဂရန်အမည်ပေါက် ပိုင်ဆိုင်ခဲ့ပါသည်။ အထက်ပါမြေနှင့် နေအိမ်ကို ဦးနေလင်းအောင်ထံမှ ဦးအောင်နွယ်ဦးက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး ဝယ်ယူခဲ့ပါသည်။ အထက်ပါမြေနှင့် နေအိမ်အား ဦးအောင်နွယ်ဦးမှ မြေငှားဂရန် အမည်ပြောင်းပေးပါရန် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားပြီးဖြစ်ပါသည်။ ဦးအောင်နွယ်ဦးမှ ဂရန်အမည်ပြောင်းပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်သောစာရွက်စာတမ်းမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြင်ဦးလွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဦးအောင်နွယ်ဦးမှ ဂရန်အမည်ပြောင်းပေးပါရန် လျှောက်ထားသည့်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရန်ကုန်တိုင်းဒေသကြီးအစိုးရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ လုပ်ငန်းတာဝန်ခံအဖွဲ့များတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဘိလပ်မြေ | ၆၈၉၂၃၁ အိတ် |
| (ခ) | အမှိုက်ပုံး | ၄၄၀ ပုံး |
| (ဂ) | မြစ်ကျောက်စရစ် | ၁၃၅၀၀ ကျင်း |
| (ဃ) | မြစ်သဲကြမ်း | ၈၉၅၀ ကျင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၃-၆-၂၀၂၀ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၆-၆-၂၀၂၀ရက် ၁၂:၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## အမည်ပြောင်း

လောင်းလုံးမြို့နယ်၊ ရေဖြူကျေးရွာအုပ်စု၊ ကျောက်ဖြူရွာနေ၊ ဦးစိုးစိုး ၆/လလန(နိုင်)၁၂၁၅၂၂ ၏သမီး မဆောင်းသီရိလွင်အား ယနေ့မှစ၍ မဆုပြည့်ပန်စိုး ဟုပြောင်းလဲခေါ်ဆိုပါရန်။

**မဆုပြည့်ပန်စိုး**

## မိဘအမည်မှန်

ကျွန်းစုမြို့နယ်၊ ကံမော်ကျေးရွာအုပ်စု၊ တောကာကျေးရွာနေ အထက(ခွဲ) တောကာကျောင်းမှ ဆဋ္ဌမတန်းဖြေဆိုထားသော မစိုးစန္ဒာလှိုင်၊ စတုတ္ထတန်းဖြေဆိုထားသော မနှင်းယုဝေနှင့် အထက(ခွဲ) ရွှေပေးကျောင်းမှ အဋ္ဌမတန်းဖြေဆိုထားသော မတင်မိုးဝါတို့၏ မိဘအမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးလှိုင်ဝင်း ၆/ကစန(နိုင်)၀၈၈၄၈၄၊ ဒေါ်နီနီဝင်း ၆/ကစန(နိုင်)၁၂၅၀၇၈ ဖြစ်ပါကြောင်း။

**ဦးလှိုင်ဝင်း၊ ဒေါ်နီနီဝင်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Shwe Oo Gyo Co.,Ltd ၏ ပ.သ.က ကတ်မူရင်း(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၁၂၂၃၀၁၈**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

နမ့်ခမ်းမြို့၊ ပေါက်တိုက်ရပ်ကွက်နေ ဦးလှစိုး၏သား မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ နေသူရိန်ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ မောင်အားယုန်(ခ)လှဝင်းထွေး၏ အမည်မှန်မှာ မောင်ပြည့်စုံအောင်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန် ၉-၁၁-၂၀၀၅ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Asia Takhon Co.,Ltd ၏ ပ.သ.က ကတ်မူရင်း(မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၁၂၂၃၀၁၈**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

နမ့်ခမ်းမြို့၊ ပေါက်တိုက်ရပ်ကွက်နေ ဦးလှစိုး၏သား မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ နေသူရိန် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်စဲလျှမ်(ခ)လှဝင်းအောင် ၏ အမည်မှန်မှာ မောင်ဇာနည်အောင်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၈-၅-၂၀၀၄ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပန်းခင်း(၃)၊ ဦးဗုဒ္ဓေါလမ်း၊ အမှတ်(၆/၉၂)၊ အကျယ်အဝန်း (၂၅x၄၅)ပေရှိ (မီတာပါ) မြေကွက်နှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကိုယ်စားလှယ်လွှဲစာ အဆက်အစပ်အရောင်းအဝယ်စာချုပ်မူရင်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစိန်သန်း(ဘ)ဦးပေါက်စ ၉/ပမန(နိုင်)၀၂၄၈၈၀မှ ၎င်းတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုပြီး စာချုပ်စာတမ်းမူရင်းများဖြင့် ရောင်းချရန် ကမ်းလှမ်းသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေမှဝယ်ယူရန် သဘောတူညီပြီး ရောင်းဖိုးငွေများအပြေအကျေပေးချေ၍ အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ တရားရုံးအမိန့်ဒီကရီများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေ အမည်ပေါက်ရရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့်(LL.B)** | **ဒေါ်ထက်ထက်အိ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၅၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၈၉)** |

**အမှတ်(၄/၃၇-က)၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၄၂၈၀၄၇၉၀၄**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ တရုတ်ကုန်းလမ်းတို၊ အမှတ်(၄၉/က)နေ ကျွန်မ ဒေါ်ခိုင်ဇင်မာ ၁၂/အစန(နိုင်)၁၈၇၁၇၃ သည် ၂၅-၇-၂၀၁၉ ရက်က ဦးဇော်လွင်ဦး ၁၄/ညတန(နိုင်)၁၂၇၄၁၃ အား ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာအမှတ်-၂၃၆၅၇/၂၀၁၉ဖြင့် လွှဲအပ်ထားခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ အပြီးအပိုင်ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဇင်မာ ၁၂/အစန(နိုင်)၁၈၇၁၇၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အိအိဖြူ(LL.B, D.B.L)** | **ဒေါ်ရီလေးမော်(LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး(အပေါ်ထပ်)၊ အင်းစိန်မြို့နယ်**
**ဖုန်း- ၀၉- ၄၂၀၀၈၉၃၈၀၊ ၀၉-၉၆၆၃၆၀၇၂၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၂၇၂)၊ အကျယ်အဝန်း (၆၀'x ၄၀')ရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ်(၁၂၇၂)၊ ဒေဝဒဟ ၃၅လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက် ဒေါ်နန်းခင်မွှေး ၁၃/လရန(နိုင်)၀၇၈၃၇၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်အေးမြင့် (စဉ်-၇၁၅၈)LL.B, LL.M, D.B.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉- ၅၁၈၆၀၄၅၊ ၃၇၉၈၁၂**

ဘုရား၊ ကျောင်း ဒါယကာကြီး

## ဦးအောင်ကြည်(နွားထိုးကြီး)

**အင်ဂျင်နီယာမှူး(မြို့ပြ)(ငြိမ်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်နာယက၊ နွားထိုးကြီးမြို့နယ်အသင်း(ရန်ကုန်)AGTI-1962**

**အသက်(၇၈)နှစ်**

(ဦးမောင်လေး-ဒေါ်သိန်းမေ)တို့၏သား၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ တိုက် ၄၆၊ အခန်း ၈နေ ဒေါ်ခင်စန်းမြင့်၏ချစ်လှစွာသော ခင်ပွန်း၊ မခင်ကေသီအောင်၊ ကိုကျော်ကျော်နိုင် -မမူမူခင်၊ ကိုကျော်ခိုင်ထွန်း၊ ဗိုလ်မှူးမျိုးအေးထွန်း(ငြိမ်း)-မခင်ဇာလှိုင်းတို့၏ကျေးဇူးရှင်ဖခင်၊ မြေး သုံးယောက်တို့၏ ဘိုးဘိုးကြီး(ဦးအောင်ကြည်)သည် ၂-၆-၂၀၂၀ရက် ၂၀:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၃-၆-၂၀၂၀ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ဇနီးဒေါ်ခင်စန်းမြင့်နှင့်မိသားစု

---

## ဒေါ်ဦးခင်

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်နေ (ဦးခင်မောင်-ဒေါ်အေးမေ)တို့၏သမီး၊ (ဦးတင့်လွင်)(မန်နေဂျာ၊ ပြည်တွင်းရောင်းစက်၊ မြန်မာ့သစ်လုပ်ငန်း)၏ဇနီး၊ ဦးတင်ငွေ-(ဒေါ်သန်းနွဲ့)တို့၏ညီမ၊ ဦးကျော်သန်း-ဒေါ်ပြုံးနွဲ့၊ ဦးရွှေမြင့်၊ ဦးသာထွန်း-ဒေါ်ခင်ခင်ဝင်း၊ ဒုဗိုလ်မှူးကြီးဟန်ထွန်း(ငြိမ်း)-ဒေါ်ဝင်းမာသိန်း၊ ဒေါ်ကြည်ကြည်ထွန်းတို့၏အစ်မ၊ ဦးထွန်းအောင်ကျော်- ဒေါက်တာဝင်းဝင်းမြင့်(အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးမြင့်ဆွေဦး(မြန်မာ့သစ်လုပ်ငန်း)-ဒေါက်တာသန္တာဦး(ပဲခူးတက္ကသိုလ်)၊ ဦးဇေယျာခိုင် (Uniteam Co.)-ဒေါ်ခင်ရည်မွန်၊ ဦးအောင်နိုင်လွင်(Green Ro-Ro Co.)-ဒေါက်တာ ချောနန္ဒီ (ကုသရေးဦးစီးဌာန၊ နေပြည်တော်)တို့၏ မိခင်၊ မောင်ကောင်းဆက်လင်း၊ မချမ်းမြေ့ခိုင်၊ မောင်ခန့်ဘုန်းလွင်တို့၏အဘွားသည် ၁-၆-၂၀၂၀ရက် (တနင်္လာနေ့) ည ၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဦးမြင့်အောင်

**(ကျိုက်ထော်)**

**A.G.T.I - MP**

**အလုပ်ရုံစုမှူး(ငြိမ်း)၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန**

**အသက်(၆၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ကျိုက်ထော်ကျေးရွာနေ (ဦးစစ်ပု-ဒေါ်ကြည်)တို့၏သား၊ ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)-ဒေါ်သန်းသန်းငွေးတို့၏ညီ၊ ဦးကြီးမြင့်(ခ)ဦးချမ်း-ဒေါ်ဝင်းမြင့်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ခြောက်မိုင်ခွဲ၊ ဓမ္မာရုံ ၄လမ်းနေ ဒေါ်မြင့်မြင့်သန်း၏ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ထက်ထက်အောင်(တည်ဆောက်ရေး-၉၊ ဆည်မြောင်းဦးစီးဌာန)၏ ဖခင်သည် ၂-၆-၂၀၂၀ရက် နံနက် ၄:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၂၀ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

(ခြောက်မိုင်ခွဲ နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

**သွေးသည် အသက်**

---

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် ရဲစုရပ်ကွက်၊ ဦးကျော်မောင်မောင်ဟိန်း ၉/ကဆန(နိုင်)၁၁၆၈၆၅ ပိုင်ဆိုင်သော ကွင်းအမှတ် (၇၈-၁၁၆)၊ (အလျား ပေ ၇၀ x အနံ ပေ ၆၀) ပေါ်တွင် အဆောက်အအုံဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ တစ်လအတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း။

**ဦးကျော်မောင်မောင်ဟိန်း**
**၉/ကဆန(နိုင်)၁၁၆၈၆ ၅**
**ဖုန်း-၀၉-၂၀၂၀၈၄၈**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ကိုကျော်သူရစိုး

**အသက် (၂၉)နှစ်**

ဆရာကြီး ဦးကျော်စွာစိုး(ပါမောက္ခချုပ်-ငြိမ်း)ကွန်ပျူတာတက္ကသိုလ်-မန္တလေး)-ဒေါ်ခင်ပိုပိုအောင်တို့၏သား ကိုကျော်သူရစိုး အသက်(၂၉)နှစ်သည် ၂-၆-၂၀၂၀ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ဆရာကြီးမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယပါမောက္ခချုပ်နှင့် သင်ကြားစီမံဝန်ထမ်းများအားလုံး**
**ကွန်ပျူတာတက္ကသိုလ် (မန္တလေး)**

---

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ အကွက်အမှတ်(၂)၊ ဟော်ကုန်းရပ်၊ ဦးပိုင်အမှတ်(၁၈)၊ မြေယာအမှတ်(62)၊ မြေရေိယာ(၀ဒသမ၂၅၅)ဧကရှိ မြေနှင့် မြေပေါ်ရှိနေအိမ် အကျိုးခံစားခွင့်များကို ဒေါ်မေသန္တာ(ခ)ဒေါ်မာရီယံဘီဘီက မြေဂရန်အမည် ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်မေသန္တာ(ခ)ဒေါ်မာရီယံဘီဘီ၏ ကိုယ်စားလှယ် ဦးလှအောင်ထံမှ အထက်ပါမြေမှခွဲဝေ၍ မြေဧရိယာ(၀ ဒသမ ၂၀၁)ဧကရှိမြေကို ဦးနေလင်းအောင်မှမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး ဝယ်ယူခဲ့ပါသည်။ အထက်ပါမြေအား ဦးနေလင်းအောင်မှ မြေငှားဂရန် အမည်ပြောင်း/ဂရန်ခွဲထုတ်ပေးပါရန် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားပြီးဖြစ်ပါသည်။ ဦးနေလင်းအောင်မှ ဂရန်အမည်ပြောင်း/ ဂရန်ခွဲထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လို သူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြင်ဦးလွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဦးနေလင်းအောင်မှ ဂရန်အမည်ပြောင်းဂရန်ခွဲထုတ်ပေးပါရန် လျှောက်ထားသည့်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

---

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့**

**သဘာဝတောတွေ ထိန်းသိမ်းစို့**

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တပဏ္ဍိစ္စသာရ

**မကွေးတိုင်းဒေသကြီး၊ သံဃနာယက ဥက္ကဋ္ဌ**

**သက်တော်(၇၉)နှစ်၊ သိက္ခာတော် (၅၉)ဝါ**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ကန်သာယာရပ်ကွက်၊ အောင်မြေရတနာစာသင်တိုက်၊ ပဓာန နာယက မကွေးတိုင်းဒေသကြီး သံဃနာယက ဥက္ကဋ္ဌ ဘဒ္ဒန္တပဏ္ဍိစ္စသာရ(အဂ္ဂမဟာပဏ္ဍိတ)သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါရ မဟာထေရ်မြတ်သည် (၁၃၈၂ ခုနှစ် နယုန်လဆန်း ၁၂ရက်)၂-၆-၂၀၂၀ ရက် ညနေ ၄:၁၅ နာရီတွင် မကွေးမြို့၊ အောင်မြေရတနာစာသင်တိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူ၍ (၁၃၈၂ ခု နယုန်လပြည့်ကျော် ၁၃ ရက်) ၁၈-၆-၂၀၂၀ရက်တွင် အောင်မြေရတနာ စာသင်တိုက်၌အန္တိမအဂ္ဂိစျာပနပူဇာသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာ၊ ဒါယကာ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ **တပည့် သံဃာ၊ ဒါယကာ ဒါယိကာမများ**

---

## ဒေါ်ခင်စော

**ရန်ကုန်စက်မှုတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန(ငြိမ်း)**

**အသက်(၈၂)နှစ်**

စစ်တွေမြို့နေ[ဦးကွန်ချုပ်(အရေးပိုင်ရုံးအုပ်ကြီး)-ဒေါ်မကျော့]တို့၏သမီး၊ စစ်တွေမြို့၊ ကျောင်းတက်လမ်းနေ [ဦးကျော်ဇံလှ(ပညာဝန်ထောက်)-ဒေါ်ရွှေမြသူ]တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၂)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၁၉၈နေ [ဦးစံရွှေ( လဝက-ငြိမ်း) ]၏ ချစ်လှစွာသောဇနီး၊[ ဒေါက်တာစောဖြူ(RIT ၊ သတ္တုဗေဒ)]၏ညီမ၊ ဦးခင်အောင် ရွှေ(Senior Engineer, Frontken, Singapore, PTE.,Ltd.)-ဒေါ်စီစီမြင့်(Singapore)၊ ဦးခင်ဇော်ရွှေ(Chief Engineer, Ocean Tanker, Pte ., Ltd. Singapore)၊ ဒေါ်တင့်တင့်မေ(Singapore)၊ ဦးနေလင်း(Bay Area Repaid Transit,USA )-ဒေါ် Julia Chan(University of California,USA)တို့၏မိခင်၊ မောင်ဘုန်းမြင့်၊မဥမ္မာကျော်၊ မယဉ်မေဇော်၊ မောင်မျိုးတင့်ဇော်၊ မကြည်ပြာနေလင်းတို့၏ အဘွားသည် ၁-၆-၂၀၂၀ရက် (တနင်္လာနေ့) ည ၇:၃၀နာရီတွင် SAKURA ဆေးရုံ၌ အလ္လာအရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၂-၆-၂၀၂၀ ရက် (အင်္ဂါနေ့) တွင် ရေဝေးကဗ္ဗရ်စတန်၌ ဒဖနာပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု**

---

## ဦးသန်းငွေး

**ထောင်မှူး(ငြိမ်း)**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ ရန်ကင်းလမ်း၊ အမှတ်(၃၅၊ မြေညီထပ်၊ A)နေ (ဦးတင်- ဒေါ်စောတင်)တို့၏သား၊ (ဒေါ်မိုးမိုး)၏ခင်ပွန်း၊ ဦးတင်မောင်ငွေး-ဒေါ်ခင်ဆွေထွေးတို့၏ဖခင်၊ မဖြိုးသီရိမွန်-မောင်ဂျူလိုင်မိုး၊ မောင်ကျော်စွာငွေး-မယဝေမောင်၊ မအိမွန်ငွေး-မောင်ဖြိုးစည်သူဝင်းတို့၏အဘိုး၊ မဖြိုးအိကျော်၏ဘိုးဘိုးကြီးသည် ၃၁-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) ည ၇:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၂၀ရက် မွန်းလွဲ ၁:၁၅နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ထွေးစိန်(မြင်းခြံ)

**ဌာနစုမှူး(ငြိမ်း)၊ သမဝါယမဦးစီးဌာန**

**အသက်(၇၄)နှစ်**

မြင်းခြံမြို့၊ အမှတ် ၁၂၊ အိမ်အမှတ် ၇နေ (ဦးဘသင်-ဒေါ်ရွှေခ)တို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဒဂုံ၊ (၃၂)ရပ်ကွက်၊ ချမ်း မြေ့သာယာ ၄လမ်း၊ အမှတ် ၉နေ ဒုတိယဗိုလ်မှူးကြီး သိန်းစိုး(ငြိမ်း)(MYAWADY TRADING)-ဒေါ်စံပယ်ဖြူလင်းအောင်၊ ဒေါ်ခင်ဆွေ မြင့် (အထက-၂၊ မြောက်ဒဂုံ)တို့၏ အဒေါ်သည် ၁-၆-၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၆:၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၂၀ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဒေါ်မြို့ယဉ်

**(မွေ့လယ်ရွာ၊ ဂန့်ဂေါမြို့နယ်)**

**(ယောနယ်အသင်းဝင်)**

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ်(၉၁၆)နေ (ဦးသိုက်လွှမ်း)-ဒေါ် စာညွန့်တို့၏သမီး၊ (ဦးအေးသန်း)၏ဇနီး၊ မောင်ကျော်ခင်ညိမ်း၏မိခင်သည် ၁-၆-၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ သင်ကြားရေးနှင့် ကုသရေးဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိ ပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ကိုကျော်သူရစိုး

**BE(EC)CCNA**

**အသက်(၂၉)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(လယ်)ရပ်ကွက်၊ ပုသိမ်လမ်း၊ အမှတ်(၄၇၊ ဒုတိယထပ်)နေ ဦးအောင်၏မြေး၊ ဦးကျော်စွာစိုး(ပါမောက္ခချုပ်-ငြိမ်း)-ဒေါ်ခင်ပိုပိုအောင်(ဒု-ညွှန်မှူး၊ ငြိမ်း)တို့၏သား၊ ဒေါက်တာ မေနှင်းလွဲဦး(ဆေး-၁)၏မောင်သည် ၂-၆-၂၀၂၀ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၆-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ၌ ဝတ်ပြုဆုတောင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်မေဒီမြင့်

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ မြကန်သာလမ်း၊ အမှတ် (၉၉) နေ {ဒုတိယ ဗိုလ်မှူးကြီး မင်းအောင်(ငြိမ်း)} ၏ ချစ်လှစွာသောဇနီး ဒေါ်မေဒီမြင့် သည် ၂-၆-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီ ၃၅ မိနစ် တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ**

---

**ရဟန်းဒါယိကာမကြီး**

## ဒေါ်တင်ရွှေ

**အသက်(၉၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၄၂)နေ (ဦးဖေမြင့်)၏ဇနီး၊ ဦးတင်ဦး-(ဒေါ်နု နုယဉ်)၊ (ဦးတင်ညွန့်)-ဒေါ်သီတာမြင့်၊ ဦးဘုန်းမြင့်-ဒေါ်ခင်မာချို၊ ဦးသက်မြင့်-ဒေါ်ခင်သန္တာဝင်း၊ ဦးသူရမြင့်-ဒေါ်နီလာခင်တို့၏မိခင်၊ မြေး ၁၂ယောက်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁-၆-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဗိုလ်ကြီးအေးဆွေ(ငြိမ်း)

**အသက်(၅၀)**

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏရပ်ကွက်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဌာနချုပ်ဝင်းနေ ဒေါ်သန့်ချိုချိုဦး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဇွဲခန့်အောင်၊ မရင်အေးချမ်းမြေ့တို့၏ချစ်လှစွာသောဖခင် ဗိုလ်ကြီးအေးဆွေ(ငြိမ်း) သည် ၂-၆-၂၀၂၀ရက် (အင်္ဂါနေ့) ၁၅:၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**OTS 97 သူငယ်ချင်းများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးကျော်ဝင်း

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)လ.ဝ.က**

**အသက်(၆၃)နှစ်**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ဒေါ်သက်ဖူးကျော်၏ ဖခင် ဦးကျော်ဝင်း ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ၁-၆-၂၀၂၀ရက် (တနင်္လာနေ့)တွင် ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**အာဆီယံရေးရာဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်ခင်စော

**ရန်ကုန်စက်မှုတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန(ငြိမ်း)**

**အသက်(၈၂)နှစ်**

I.M.T(CD-14/CE-12) မှ သူငယ်ချင်း ဦးခင်ဇော်ရွှေ (CE, Ocean Tanker Pte.,Ltd.)-ဒေါ်တင့်တင့်မေတို့၏မိခင်သည် ၁-၆-၂၀၂၀ ရက် ည ၇:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**I.M.T CADET COURSE(1982-83)**
**ကျောင်းဆင်းသူငယ်ချင်းများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဗိုလ်မှူးခင်မောင်နွယ်(ငြိမ်း)

**(လေ/၁၄၅၈)**

၂၇-၅-၂၀၂၀ရက်က သူငယ်ချင်း(ဗလ-၂၈၆) ဒို့တစ်တွေနဲ့ ရုတ်တရက်ခွဲခွာသွားရပြီမို့ အစဉ်မှတ်ရအောက်မေ့ပြီး မိသားစုနဲ့ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အပတ်စဉ်(၇)**
**သူငယ်ချင်းများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးစောခိုင်

**ညွှန်ကြားရေးမှူး (ပညာ)**

**အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)**

**( အသက် ၅၄ နှစ်)**

ဦးစောခိုင်သည် (၃၁.၅.၂၀၂၀)ရက် (တနင်္ဂနွေနေ့)နံနက် (၃:၂၀) နာရီအချိန်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သင်တန်းရေးရာ (ဌာနမှူးများ၊ မော်ကွန်းထိန်းများ) မိသားစု**

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်နှင့် မဲရုံများသတ်မှတ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်နှင့် မဲရုံများ သတ်မှတ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

**နေပြည်တော် ဇွန် ၂**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်နှင့် မဲရုံများ သတ်မှတ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ယခုအချိန်ကာလသည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးစားနေသည့် အချိန်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် လက်ရှိအချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉

*စာမျက်နှာ ၇ ကော်လံ ၁ ✲*

## မက္ကဆီကို၌ နှစ်လကြာ ပိတ်ဆို့မှုများ ပြုလုပ်ပြီးနောက် စီးပွားရေးပြန်လည်ဖွင့်လှစ်မှုများ လုပ်ဆောင်

စာ ➤ ၁၃

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂-၆-၂၀၂၀)ရက်နေ့၊ ည (၈:၀၀)နာရီ

စာ ➤ ၁၅


## လူးဝစ်ကို စာချုပ်သစ်ချုပ်ဆိုရန် အာဆင်နယ် အဆင်သင့်ရှိနေ





အာဆင်နယ်အသင်းသည် ဒေးဗစ်လူးဝစ်ကို တစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် အဆင်သင့်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ချယ်လ်ဆီးခံစစ်ကစားသမားဟောင်းသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အာဆင်နယ်အသင်းနှင့် လက်ရှိစာချုပ်သက်တမ်းသည် ဇွန် ၃၀ ရက်တွင် ကုန်ဆုံးမည်ဖြစ်သည်။

အာဆင်နယ်နည်းပြ အာတီတာသည် အသက် ၃၃ နှစ်အရွယ်ရှိ လူးဝစ်ကို နောက်ရာသီအထိ အသင်းတွင် ဆက်လက်ထိန်းထားရန် ဆန္ဒရှိနေကြောင်း သိရသည်။ သို့သော်လည်း လူးဝစ်အနေဖြင့် လုပ်ခလစာလျှော့ယူရဖွယ်လည်းရှိနေသည်။ လူးဝစ်၏ အေးဂျင့်ဖြစ်သူ Kia Joorabchian သည် စာချုပ်သစ် ချုပ်ဆိုရန် ဆွေးနွေးပြီးနောက် ဘရာဇီးခံစစ်ကစားသမားအနေဖြင့်

*စာမျက်နှာ ၁၀ ကော်လံ ၅ ✪*



မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်
၂၀၂၀ ပြည့်နှစ်၊ ဇွန် ၃ ရက်၊ ဗုဒ္ဓဟူးနေ့



# ပြန်လည်နိုးထလာတော့မည့် မြို့ရန်ကုန်

တင်ဝင်းလေး(ကြည့်မြင်တိုင်)

**မိတ်ဆွေတစ်ယောက်က သတင်းစာကိုင်ပြီး ပြောလာသည်။ "ရောဂါပိုးတွေ့သူ ၂၀၆ ဦး တောင်ရှိနေပြီတဲ့၊ အဲဒီအထဲမှာ တို့ရန်ကုန်က ၁၆၁ ဦးတောင်ဆိုတော့ တဖြည်းဖြည်းနဲ့ များလာပြီ"ဟု အလန့်တကြားအသံနှင့် ဆိုလာသည်။**

ခက်တော့နေပြီ။ သတင်းတစ်ခုကို အစအဆုံးမဖတ်၊ တွေ့ထားတာလေးနှင့် အလန့်တကြားထထအော်တတ်သော အကျင့်ရှိနေသူဖြစ်သည်။ "သူငယ်ချင်းရာ သတင်းကို အစအဆုံး ပြည့်စုံအောင် ပြီးအောင်ဖတ်စမ်းပါဦးကွာ"ဟု သတိပေးလိုက်ရသည်။

### အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေး

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ တွေ့ရှိမှု မတ် ၂၃ ရက်က စတင်တွေ့ရှိရသည်။ ယခုရက်ပေါင်း ၇၀ ကျော် ရှည်ကြာနေခဲ့ပြီဖြစ်သည်။

ကိုဗစ်-၁၉ နှင့် ပတ်သက်သော သတင်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အတည်ပြုထုတ်ပြန်ချက်များကို ရယူကာ သတင်းဌာနများက ပြည်သူများသို့ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိနေသည်။

မှန်ပါသည်၊ မေ ၂၉ ရက် ထုတ်ပြန်ချက်အရ ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့သူပေါင်း ၁၆၁ ဦးဟု ဖော်ပြထားသည်ကို တွေ့ရသည်။ ရန်ကုန်တိုင်းဒေသကြီးသည် စီးပွားရေးအချက်အချာကျသောအရပ်ဒေသဖြစ်သည်။ လူဦးရေမှာ အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များထက်အဆများစွာပိုရှိနေသည်ကို သတိချပ်ဖို့လိုပါလိမ့်မည်။ လူဦးရေများပြားသည်နှင့်အညီ ကိစ္စကြီးငယ်တို့၌ အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များထက်ပို၍ ကြီးထွားတတ်သည်ကိုလည်း တွေးမြင်ထားတတ်ဖို့လိုပါသည်။

> **ပြည်သူများ အပြင်သို့ထွက်သည့်အခါတိုင်း နှာခေါင်းစည်းများကို မဖြစ်မနေ တပ်ဆင်ရန် ညွှန်ကြားမှုများ ပြုစေခဲ့သည်။ အပြင်က ပြန်လာသည့်အခါတိုင်း လက်များကို မမေ့မလျော့ ဆေးကြောကြရန် အသိပညာပေးမှုများကို ဆက်တိုက်ပြုလုပ်ခဲ့သည်။ တစ်ဦးနှင့် တစ်ဦး နီးကပ်စွာ ပြောဆိုနေထိုင်ခြင်းကို ရှောင်ကြဉ်စေခဲ့သည်။**

### ဆန်းစစ် မြင်တတ်ဖို့လို

ယနေ့ရန်ကုန်အခြေအနေကို ဖော်ပြထားသော ကိန်းဂဏန်းအရ လက်ရှိ သို့မဟုတ် ကျန်ရှိနေဆဲလားဆိုသည်ကိုတော့ ဆန်းစစ်မြင်တတ်ဖို့ လိုအပ်ပေသည်။

တစ်နည်းဆိုရသော် ရန်ကုန်တိုင်းဒေသကြီး၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ မေ ၂၉ ရက်ညအထိ ၁၆၁ ဦးဟုဆိုကြသည်။ ထို ၁၆၁ ဦးကို တရားသေဆုပ်ကိုင်ပြောနေကြမည့်အစား ထို ၁၆၁ ဦးထဲမှ ရောဂါကင်းစင်ပြီး ဆေးရုံမှ ဆင်းသွားသူ မည်မျှရှိနေပြီကို သိထားဖို့လိုအပ်ပေလိမ့်မည်။ လက်ရှိဆေးရုံတွင် ဆက်လက်ကုသမှုခံယူနေသူ ဘယ်နှဦးမျှသာရှိတော့သည်ကိုလည်း တွက်ကြည့်ဖို့လိုပေမည်။ ဒါမှသာလျှင် လက်ရှိအနေအထား၊ အခြေအနေကို မှန်ကန်စွာသိမြင်နိုင်ကြမည်သာ ဖြစ်ပေသည်။

ရန်ကုန်မြို့တွင် ကိုဗစ်-၁၉ ရောဂါကို အဓိကကုသပေးနေသော ဆေးရုံကြီးနှစ်ရုံရှိပါသည်။ တောင်ဥက္ကလာပမြို့နယ်ရှိ တောင်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ဝေဘာဂီအထူးကုဆေးရုံကြီးတို့ဖြစ်သည်။

### ရန်ကုန်တွင် ပိုးတွေ့လူနာ ၁၆၁ ဦးရှိ

ယနေ့နောက်ဆုံး မေ ၂၉ ရက် ရန်ကုန်တွင် ပိုးတွေ့လူနာ ၁၆၁ ဦးစလုံး ထိုဆေးရုံကြီးနှစ်ရုံတွင် လက်ရှိ ဆေးကုသမှုခံယူနေဆဲလား၊ ဒါမှမဟုတ် ဘယ်နှဦးဆေးရုံက ဆင်းသွားပြီလဲ၊ ဘယ်နှဦးဆေးရုံပေါ်တွင် ကုသမှုခံယူနေဆဲဆိုသည်ကိုတော့ ဆန်းစစ်ဖို့လိုအပ်ပါလိမ့်မည်။

ရန်ကုန်မှ ပိုးတွေ့လူနာ ၁၆၁ ဦးအနက် ငါးဦးမှာသေဆုံးသွားပြီဖြစ်သည်။ဒါဆို ၁၅၆ ဦးကိုသာအခြေခံ၍ တွက်ကြည့်ရတော့မည်ဖြစ်ပါသည်။

### ပြန်လည်နိုးထ(၂)

ထို ၁၅၆ ဦးစာရင်းတွင် မေ ၂၉ ရက် နံနက်သတင်းအရ ဝေဘာဂီအထူးကုဆေးရုံကြီး၌ ဆက်လက်ဆေးကုသမှုခံယူနေသူ ၂၇ ဦး၊ တောင်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် ကုသမှုခံယူနေသူ ၃၅ ဦး ရှိသည်ဟု သိရသည်။

**အချပ်ပို (ဃ) သို့**

# ဖွံ့ဖြိုးမှုပုံရိပ်သစ်တွေ ပုံဖော်ထုဆစ်ဦးမည့် သန်လျင်တံတားအမှတ်(၃)

◆ ဆွေဦးဝေ ◆

သန်လျင်တံတားအမှတ်(၁)ကို ကားနဲ့ ဖြတ်သန်းတဲ့အခါတိုင်း ငယ်စဉ်က ရန်ကုန်မှသန်လျင်ကို သီတာကူးတို့သင်္ဘောနဲ့ သွားခဲ့တာတွေ သတိရမိပါတယ်။ ရန်ကုန်က သန်လျင်သို့ ၄၅ မိနစ်ခန့်ကြာအောင် သီတာကူးတို့သင်္ဘောစီးရင်း စင်ရော်ငှက်တွေကို အစာကျွေးခဲ့တာတွေ၊ သင်္ဘောပေါ်မှာ ဇာတ်ကောင် စံရွှေမြင့်ပါဝင်တဲ့ သရုပ်ပြကာတွန်းဖတ်ခဲ့တာတွေလည်း အမှတ်တရ ရှိနေပြန်ပါတယ်။ အဲဒီကာလတွေမှာ သန်လျင်မြို့ဟာ ဒီလောက်မဖွံ့ဖြိုးသေးသလို သီလဝါအထူးစီးပွားရေးဇုန်လည်း အိပ်မက်အဆင့်တောင်မရှိသေးတာ တွေးမိပြန်ပါတယ်။ အခုအချိန်မှာတော့ သန်လျင်တံတားအမှတ်(၁)နဲ့ အမှတ်(၂)တွေ တည်ဆောက်ပြီးတာမို့ သန်လျင်နဲ့ရန်ကုန်ဟာ တစ်ဆက်တစ်စပ်တည်း ရှိလာခဲ့တဲ့အပြင် သီလဝါအထူးစီးပွားရေးဇုန်ရဲ့ အရှိန်အဟုန်နဲ့ဖွံ့ဖြိုးလာမှုကြောင့် အရင်ကထက် အဆပေါင်းများစွာ တိုးတက်စည်ကားလာပါတယ်။ အခုဆက်လက်ပြီးတော့လည်း သန်လျင်တံတား အမှတ်(၃)ကို တည်ဆောက်နေပြီဖြစ်တာမို့ ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအပြင် မြန်မာနိုင်ငံရဲ့ စီးပွားရေးကို တိုးတက်အောင် တွန်းအားပေးနိုင်ဦးမှာ ဖြစ်ပါတယ်။



သန်လျင်တံတား အမှတ်(၁) နှင့်(၃) ကိုတွေ့ရစဉ်။

### သန်လျင်တံတားအမှတ်(၃) စီမံကိန်း

သန်လျင်တံတားအမှတ်(၃)ဟာ ပဲခူးမြစ်ကို ဖြတ်သန်းဖောက်လုပ်နေတာဖြစ်ပြီး ရန်ကုန်မြို့၊ သာကေတမြို့နယ်နဲ့ သန်လျင်မြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်နေတဲ့ တံတားဖြစ်ပါတယ်။ သန်လျင်တံတား အမှတ်(၁)ရဲ့ အောက်ဘက် ၁၂၅ မီတာအကွာမှာ တည်ဆောက်နေတာဖြစ်ပြီး တံတားရဲ့ ပန္နက်တင်အခမ်းအနားကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှာ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ဒီတံတားကိုတော့ ၂၀၂၂ ခုနှစ်မှာ အပြီးတည်ဆောက်နိုင်ရေး ရည်မှန်းချက်ထားပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။

ရန်ကုန်မြို့အနီးဝန်းကျင်မှာ ရန်ကုန်မြစ်၊ လှိုင်မြစ်၊ ပုဇွန်တောင်ချောင်း၊ ငမိုးရိပ်ချောင်း၊ ပဲခူးမြစ်စတဲ့ မြစ်ချောင်းတွေ ဝိုင်းရံဆက်စပ်နေတာမို့ ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးတွေအတွက် မြစ်ကူး၊ ချောင်းကူးတံတားတွေတည်ဆောက်တဲ့အခါ သန်လျင်ဘက်ကို အခုလို တံတားတစ်စင်း ထပ်မံတည်ဆောက်နေတာဖြစ်ပါတယ်။

ဒီတံတားတည်ဆောက်ရေးစီမံကိန်းကို ပွင့်လင်းမြင်သာစွာနဲ့ တင်ဒါခေါ်ယူခဲ့တာဖြစ်ပြီး ချဉ်းကပ်တံတားအပိုင်းနဲ့ ပင်မတံတားအပိုင်းဆိုတဲ့အပိုင်းနှစ်ပိုင်းခွဲကာ တင်ဒါခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဒီတင်ဒါကို ဂျပန်ကုမ္ပဏီတွေက တင်ဒါအောင်မြင်ခဲ့တာဖြစ်ပြီး သန်လျင်ဘက်ချဉ်းကပ်တံတားနဲ့ ပင်မတံတားတည်ဆောက်ရေးအပိုင်းကို ဂျပန်နိုင်ငံက Sumitomo Mitsui Construction နဲ့ Yokogawa Bridge Corporation တို့က တင်ဒါအောင်မြင် တည်ဆောက်နေတာ ဖြစ်ပါတယ်။

ဒီတံတားရဲ့ သာကေတချဉ်းကပ်တံတားအပိုင်းကို Tokyo Construction Co.Ltd က တင်ဒါအောင်မြင်ပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ "ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) ဟာ သန်လျင်မြို့နယ်နဲ့ သာကေတမြို့နယ်တို့ကို ဆက်သွယ်ပေးမယ့် Landmark တံတားဖြစ်တဲ့အတွက် တံတားပုံစံလှပစေဖို့နဲ့ တံတားအဝင်အထွက်လမ်းကြောင်းလှပပြီး အဆင်ပြေစေဖို့ညှိနှိုင်းဆွေးနွေးထားပါတယ်" လို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြောကြားထားပါတယ်။

အခုတည်ဆောက်နေတဲ့ သန်လျင်တံတားအမှတ်(၃)ဟာ အရှည် မီတာ ၃၅၀၀ ရှိပြီး တံတားကိုယ်ထည်ကို Steel Box Grider နဲ့ တံတားအုတ်မြစ်ကတော့ Steel Pipe Sheet Pile ဖြင့် တည်ဆောက်ကာ ယာဉ်တစ်စီးရဲ့ ခံနိုင်ဝန်အားကတော့ ၇၅ တန်ဖြစ်ပါတယ်။

ဒီတံတားရဲ့ပင်မတံတားအရှည်က ၁၂၂၄ မီတာရှိပြီး သာကေတဘက်ခြမ်း ချဉ်းကပ်တံတားအရှည်မီတာ ၃၀၀ နဲ့ သန်လျင်ဘက်အခြမ်း ချဉ်းကပ်တံတားအရှည်က ၄၀၄ မီတာ ရှိတယ်လို့ဆိုပါတယ်။ Fly Over Bridge ချဉ်းကပ်တံတားအပိုင်းမှာ သာကေတဘက်အခြမ်းမှာ ၅၄၇ မီတာ၊ သန်လျင်ဘက်အခြမ်းမှာ ၁၈၈ မီတာရှိမှာဖြစ်ပါတယ်။ ဒီတံတားဟာ လေးလမ်းသွား ပင်မတံတားအကျယ် ၂၄ မီတာနဲ့ နှစ်လမ်းသွား Fly Over Bridge အကျယ် ၁၂ ဒသမ ၅ မီတာပါ (ကုန်းပေါ်ပိုင်း) ရှိပါတယ်။ ကွေ့ဝိုက်တက်မယ့်လမ်းက အကျယ် ၅ ဒသမ ၅၇ မီတာရှိပြီး တစ်လမ်းသွား One Ramp Bridge လည်း တည်ဆောက်မှာ ဖြစ်ပါတယ်။



သန်လျင်တံတား အမှတ်(၃) ယာယီပုံစံငယ်ကို တွေ့ရစဉ်။

### ယာယီလမ်းများပိတ်ပြီး ဆောင်ရွက်

ဒီလို တံတားတည်ဆောက်ရေးအတွက် သာကေတဘက်အခြမ်းမှာ ဆောင်ရွက်မယ့် ချဉ်းကပ်လမ်းက ရှုခင်းသာလမ်းမကြီးနဲ့ ရတနာလမ်းမကြီးတို့ကို ဖြတ်ကျော်ပြီး သာကေတအဝိုင်းအနီးမှာသွားဆုံမှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ငန်းတွေ ဆောင်ရွက်ရမှာမို့ သန်လျင်မှ သာကေတသို့ သွားမယ့်လမ်း၊ ရှုခင်းသာလမ်းဆုံမှ သာကေတအဝိုင်းကို ၂၀၂၀ ပြည့်နှစ် မေ ၂၄ ရက်မှ ဩဂုတ်လကုန်အထိ ည ၉ နာရီမှ နံနက် ၅ နာရီအတွင်း ယာယီပိတ်ကာ ဆောင်ရွက်သွားမယ်လို့ ဆောက်လုပ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ထားပါတယ်။

ဒီလို ယာယီလမ်းပိတ်ပြီး ဆောင်ရွက်တာဟာ တည်ဆောက်ရေးလုပ်ငန်းအတွက် စတီးရက်မနဲ့ ကွန်ကရစ်ရက်မတွေ တပ်ဆင်ဖို့အတွက် ယာယီလမ်းပိတ်ထားတာဖြစ်ပါတယ်။

"ရန်ကုန်ဘက်ကမ်း ချဉ်းကပ်လမ်းဟာ လမ်းတွေအတော်များများကို ကျော်ဖြတ်သွားပြီးတော့ သာကေတအပိုင်းမှာ ဒီခုံးကျော်တံတားကြီးက ဆင်းသွားမှာဖြစ်ပါတယ်" လို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဒီတံတား စတင်တည်ဆောက်ဖို့ ပန္နက်တင်အခမ်းအနားမှာ ပြောကြားခဲ့ပါတယ်။ သန်လျင်တံတားအမှတ်(၃)ကို ဂျပန်နိုင်ငံမှ ချေးငွေအပါအဝင် စုစုပေါင်းအမေရိကန်ဒေါ်လာသန်း ၃၀၀ ကျော်ဖြင့် တည်ဆောက်နေတာဖြစ်ပါတယ်။

### သွားလာရေးအဆင်ပြေ

ဒီတံတား တည်ဆောက်ပြီးစီးတဲ့အခါ သီလဝါအထူးစီးပွားရေးဇုန်က ထုတ်ကုန်ပစ္စည်းတွေ သယ်ယူပို့ဆောင်ရေး၊ ဒေသခံပြည်သူတွေရဲ့ သွားလာရေးအဆင်ပြေချောမွေ့မှုပိုမိုဖြစ်ပေါ်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းသစ်တွေ ပေါ်ထွက်လာစေရေးနဲ့ ဒေသဖွံ့ဖြိုးရေးအပြင် ရန်ကုန်မြို့ရဲ့ စီးပွားရေးမြို့တော်အသွင်ကို ပီပီပြင်ပြင်ဖော်ဆောင်နိုင်ရေးအတွက် ကြီးမားတဲ့တွန်းအားပေးမှုတစ်ရပ် ဖြစ်ပေါ်လာစေမှာ ဖြစ်ပါတယ်။

အခုဆိုရင် သန်လျင်တံတားအဆင်းမှနေပြီး သီလဝါအထူးစီးပွားရေးဇုန်အထိ လေးလမ်းသွားကတ္တရာလမ်းမသစ်က ပြီးစီးသွားပြီဖြစ်လို့ သန်လျင်တံတားအမှတ်(၃)သာ ပြီးစီးသွားရင်တော့ စီးပွားရေး၊ လူမှုရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်မြင့်မားလာဦးမှာ ဖြစ်ပါတယ်။

တစ်ချိန်တုန်းက သီတာကူးတို့သင်္ဘောနဲ့ မြစ်ပြင်ကျယ်ကို အချိန်အတန်ကြာ ဖြတ်သန်းသွားလာခဲ့ရပြီး ဖွံ့ဖြိုးမှုနည်းပါးခဲ့တဲ့ ရန်ကုန်တောင်ပိုင်းဧရိယာရဲ့ အတိတ်ပုံရိပ်တွေဟာ အိပ်မက်သဖွယ် ဟိုး...အဝေးမှာကျန်ရစ်ခဲ့ပြီး အခုတော့ ခေတ်မီဖွံ့ဖြိုးမှုတွေနဲ့ စီးပွားရေးရင်းနှီးမြှုပ်နှံမှုပုံရိပ်သစ်တွေ ဝေဝေစည်စည်နဲ့ ဖြစ်ထွန်းနေပြီ ဖြစ်ပါတယ်။ ။

**"အခုအချိန်မှာတော့ သန်လျင်တံတား အမှတ်(၁)နဲ့ အမှတ်(၂)တွေ တည်ဆောက်ပြီးတာမို့ သန်လျင်နဲ့ ရန်ကုန်ဟာ တစ်ဆက်စပ်တည်း ရှိလာခဲ့တဲ့အပြင် သီလဝါအထူးစီးပွားရေးဇုန်ရဲ့ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးလာမှုကြောင့် အရင်ကထက် အဆပေါင်းများစွာ တိုးတက်စည်ကားလာပါတယ်။ အခု ဆက်လက်ပြီးတော့လည်း သန်လျင်တံတား အမှတ်(၃)ကို တည်ဆောက်နေပြီဖြစ်တာမို့ ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအပြင် မြန်မာနိုင်ငံရဲ့ စီးပွားရေးကိုတိုးတက်အောင် တွန်းအားပေးနိုင်ဦးမှာဖြစ်"**

# ထိန်ပင်အမှိုက်ပုံမှ သဘာဝဓာတ်ငွေ့ထုတ်မည့်စီမံကိန်း

ဇင်လင်းမြင့်



သဘာဝဓာတ်ငွေ့ထုတ်ယူမည့် ထိန်ပင်အမှိုက်ပုံကြီးကို တွေ့ရစဉ်။

**မီးဖိုချောင်** မှထွက်တဲ့ အမှိုက်တွေကို ပလတ်စတစ်အိတ်နဲ့ထည့်ပြီး အိမ်ရှေ့ရောက်ရှိနေတဲ့ အမှိုက်တွန်းလှည်းပေါ် တင်ပေးလိုက်ပါတယ်။ အမှိုက်ထုပ်မျိုးစုံပြည့်နေတဲ့ တွန်းလှည်းကို သန့်ရှင်းရေးလုပ်သားက အားစိုက်ပြီး ခပ်ဖြည်းဖြည်းတွန်းသွားတာကို ရပ်ကြည့်နေမိပါတယ်။ ရပ်ကွက်လမ်းတစ်လမ်းကထွက်တဲ့ အိမ်သုံးအမှိုက်တွေတောင် ဒီလောက်များနေရင် ရန်ကုန်တစ်မြို့လုံးက အမှိုက်တွေဆိုရင် တောင်လိုပုံနေတော့မှာလို့ တွေးမိပြန်ပါတယ်။ ဒီအမှိုက်တွေကို အကျိုးရှိအောင် စီမံဆောင်ရွက်ပြီး သဘာဝဓာတ်ငွေ့ ထုတ်ယူတာတွေ ပြုလုပ်ဖို့ စီစဉ်နေတဲ့ သတင်းတွေလည်း ကြားသိနေရပြန်ပါတယ်။ အခုဆိုရင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်မှာရှိတဲ့ ထိန်ပင်အမှိုက်ပုံက အမှိုက်တွေကို သဘာဝဓာတ်ငွေ့ထုတ်ယူဖို့ စီစဉ်နေတာဟာ မကြာခင် အကောင်အထည်ဖော်ဖို့ရှိနေပြီလို့ ဆိုပါတယ်။

### စတင်နိုင်ဖို့စီစဉ်နေ

ရန်ကုန်မြို့မှာ ထိန်ပင်အမှိုက်ပုံ၊ ထားဝယ်ချောင်အမှိုက်ပုံ၊ ဒလစွန့်ပစ်အမှိုက်ပုံနဲ့ ဆိပ်ကြီးခနောင်တိုစွန့်ပစ်အမှိုက်ပုံစတာတွေ ရှိနေပါတယ်။ ရန်ကုန်မြို့မှာထွက်ရှိတဲ့ တစ်နေ့ စွန့်ပစ်အမှိုက်တန်ချိန်ဟာ ၂၅၀၀ ခန့်ရှိနေတာမို့ အဲဒီအမှိုက်တွေထဲကမှ တစ်နေ့ကို အမှိုက်တန်ချိန် ၁၀၀၀ ခန့် အသုံးပြုပြီး သဘာဝဓာတ်ငွေ့ (CNG) ထုတ်လုပ်နိုင်ရေး စတင်နိုင်ဖို့စီစဉ်နေတာဖြစ်တယ်လို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆိုပါတယ်။

ရန်ကုန်မြို့အမှိုက်ပုံတွေထဲမှာ အကြီးဆုံးဖြစ်တဲ့ ထိန်ပင်အမှိုက်ပုံဟာ အမှိုက်တွေ စုပုံဖို့အတွက် ဧရိယာအကျယ်အဝန်း ၂၄၂ ဧကခန့်ရှိပါတယ်။ ထိန်ပင်အမှိုက်ပုံနေရာကို လွန်ခဲ့တဲ့ ၂၀၀၀ ပြည့်နှစ်ခန့်က စတင်ပြီး ရန်ကုန်မြို့က နေ့စဉ်ထွက်ရှိတဲ့ အမှိုက်တွေကို အမှိုက်သိမ်းယာဉ်တွေနဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက တာဝန်ယူသယ်ယူပို့ဆောင်ပေးနေတာ ဖြစ်ပါတယ်။

ဒီလို နေ့စဉ်စွန့်ပစ်အမှိုက်တွေ စုပုံနေတာမို့ ထိန်ပင်အမှိုက်ပုံမှာ မြေဧရိယာအလွတ် တဖြည်းဖြည်းနဲ့ လျော့နည်းလာတဲ့အပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတွေ၊ အနီးပတ်ဝန်းကျင်မှာရှိတဲ့ လေထု၊ ရေထုနဲ့ မြေထုတွေကို ညစ်ညမ်းမှုဖြစ်ပေါ်စေပါတယ်။ ဒါ့အပြင် အနံ့၊ အသက်ဆိုးရွားမှု၊ ခြင်၊ ယင်နဲ့ အင်းဆက်ပိုးမွှားတွေ ပေါက်ပွားနိုင်တာမို့ ဒါတွေကို လျော့နည်းစေတဲ့အပြင် အကျိုးရှိစေတဲ့ အခုလို အမှိုက်မှ စွမ်းအင်ထုတ်လုပ်နိုင်တဲ့ စက်ရုံတည်ဆောက်ဖို့ စီစဉ်ဆောင်ရွက်တာ ဖြစ်ပါတယ်။

### ပိုလန်နည်းပညာ အသုံးပြု

ထိန်ပင်အမှိုက်ပုံကနေပြီး သဘာဝဓာတ်ငွေ့ထုတ်လုပ်ဖို့ စက်ရုံတည်ဆောက်ရေး စီမံကိန်းအတွက် ချေးငွေရယူရေးကိုလည်း ပြည်ထောင်စုလွှတ်တော်ကနေပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၁ ရက်က အတည်ပြုပေးထားပြီးဖြစ်ပါတယ်။ ဒီစက်ရုံကို ပိုလန်နည်းပညာ အသုံးပြုပြီး တည်ဆောက်ရေးလုပ်ငန်းတွေ အမြန်ဆုံးအကောင်အထည်ဖော်သွားဖို့ ရှိနေပါတယ်။ ဒီလိုစက်ရုံ တည်ဆောက်ဖို့အတွက်လည်း ပိုလန်နိုင်ငံမှ ချေးငွေယူရှိသန်း ၅၀ ရယူပြီး ဆောင်ရွက်မှာ ဖြစ်တယ်လို့ ဆိုပါတယ်။

ဒီစက်ရုံကို ၂၀၂၀ ပြည့်နှစ်အတွင်း စတင်အကောင်အထည်ဖော်တည်ဆောက်သွားမှာဖြစ်ပြီး သဘာဝဓာတ်ငွေ့အပါအဝင် စွမ်းအားပြည့်လောင်စာ၊ ဓာတ်မြေဩဇာစတာတွေလည်း ထုတ်လုပ်ဖို့ အစီအစဉ်ရှိနေပါတယ်။ ဘေးထွက်စွန့်ပစ်အမှိုက်တွေကနေပြီး နည်းပညာအသုံးပြုကာ အခုလို သဘာဝဓာတ်ငွေ့ ထုတ်လုပ်တဲ့ စီမံကိန်းကြောင့် အရင်လို အမှိုက်ပုံ မီးလောင်ကျွမ်းမှု၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတွေ အနည်းဆုံးဖြစ်သွားမှာ သေချာပါတယ်။

### တဖြည်းဖြည်းကြီးထွားလာ

ရန်ကုန်မြို့ရဲ့ ထွက်ရှိတဲ့ နေ့စဉ်အမှိုက်တွေကို စည်ပင်သာယာရေးပိုင်ယာဉ်တွေနဲ့ သယ်ယူပို့ဆောင်တဲ့အခါ ထိန်ပင်အမှိုက်ပုံမှာ နေ့စဉ် အမှိုက်တန်ချိန် ၁၃၅၀ ခန့်၊ ထားဝယ်ချောင်အမှိုက်ပုံမှာ နေ့စဉ် တန် ၁၁၀၀ ခန့်၊ ဒလစွန့်ပစ် အမှိုက်ပုံမှာ တစ်ရက် ၂၅ တန်ခန့်နဲ့ ဆိပ်ကြီးခနောင်တို စွန့်ပစ်အမှိုက်ပုံမှာ တစ်နေ့ ရှစ်တန်ခန့်တို့ စုပုံနေတာ ဖြစ်ပါတယ်။ နှစ်တွေ ကြာလာတာနဲ့အမျှ ဒီအမှိုက်ပုံတွေဟာ တဖြည်းဖြည်းကြီးထွားလာပြီး အမှိုက်ပုံစရာ နေရာအခက်အခဲတွေလည်း ရှိလာနေပါတယ်။

### တိုက်ရိုက်ရောင်းချနိုင်ဖို့ ညှိနှိုင်းထား

ဒီလိုအခြေအနေတွေကြောင့် နိုင်ငံတကာမှာ လက်တွေ့ဆောင်ရွက်နေတဲ့ နည်းပညာတွေ၊ အတွေ့အကြုံတွေနဲ့ အခုလို ထိန်ပင်အမှိုက်ပုံက သဘာဝဓာတ်ငွေ့ ထုတ်ယူဖို့ စီစဉ်တာ ဖြစ်ပါတယ်။ ဒီစက်ရုံပြီးစီးသွားရင် ရန်ကုန်တိုင်းဒေသကြီးအတွင်းက သဘာဝဓာတ်ငွေ့ (CNG) သုံးယာဉ်တွေကို သဘာဝဓာတ်ငွေ့ တန်ချိန် ၃၀ ကို တိုက်ရိုက်ရောင်းချသွားဖို့လည်း အစီအစဉ်ရှိပါတယ်။ ဒါ့အပြင် စက်ရုံ၊ အလုပ်ရုံအချို့ကိုလည်း သဘာဝဓာတ်ငွေ့ တိုက်ရိုက်ရောင်းချနိုင်ဖို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနဲ့လည်း ညှိနှိုင်းထားတယ်လို့ ဆိုပါတယ်။

**"ထိန်ပင်အမှိုက်ပုံကနေပြီး သဘာဝဓာတ်ငွေ့ထုတ်လုပ်ဖို့ စက်ရုံတည်ဆောက်ရေး စီမံကိန်းအတွက် ချေးငွေရယူရေးကိုလည်း ပြည်ထောင်စုလွှတ်တော်ကနေပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၁ ရက်က အတည်ပြုပေးထားပြီး ဖြစ်ပါတယ်။ ဒီစက်ရုံကို ပိုလန်နည်းပညာ အသုံးပြုပြီး တည်ဆောက်ရေးလုပ်ငန်းတွေ အမြန်ဆုံးအကောင်အထည်ဖော်သွားဖို့ ရှိနေပါတယ်။ ဒီလိုစက်ရုံ တည်ဆောက်ဖို့အတွက်လည်း ပိုလန်နိုင်ငံမှ ချေးငွေယူရှိသန်း ၅၀ ရယူပြီး ဆောင်ရွက်မှာဖြစ်တယ်လို့ဆိုပါတယ်"**

ဒီနေ့ခေတ် မော်တော်ယာဉ် အသုံးပြုသူအများစုဟာ ဈေးနှုန်းသက်သာတဲ့ သဘာဝဓာတ်ငွေ့အသုံးပြုမှုကို နှစ်သက်လာတဲ့အတွက် အခုလို သဘာဝဓာတ်ငွေ့ တိုက်ရိုက်ရောင်းချမှုကို စိတ်ဝင်စားပြီး အားပေးကြမှာ ဖြစ်ပါတယ်။ ဒီစက်ရုံကနေပြီး အခုလို သဘာဝဓာတ်ငွေ့ ရောင်းချမှုရော အခြားရောင်းချမှုတွေဟာ တစ်နှစ်ကို စုစုပေါင်း ယူရို ၉ သိန်းကျော် ရှိနိုင်တယ်လို့လည်း မျှော်မှန်းထားတယ်လို့ ဆိုပါတယ်။

စွန့်ပစ်အမှိုက်တွေကနေပြီး အခုလို နေ့စဉ်သွားလာမှုမှာ မရှိမဖြစ်အသုံးဝင်လာနေတဲ့ သဘာဝဓာတ်ငွေ့ထုတ်ယူနိုင်ခြင်းဟာ အကျိုးကျေးဇူးများစွာ ရရှိနိုင်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခုအပြင် တည်ရှိလာမှာ ဖြစ်ပါတယ်။

### အကျိုးရှိအောင် ဖြေရှင်းခြင်းဖြစ်

လူဦးရေခုနစ်သန်းကျော် ရှိလာနေပြီဖြစ်တဲ့ ရန်ကုန်မြို့ရဲ့ အမှိုက်စွန့်ပစ်စုပုံမှု အခက်အခဲပြဿနာတစ်ရပ်ကို အကောင်းဆုံးနည်းလမ်းနဲ့ အကျိုးရှိအောင် ဖြေရှင်းခြင်းဖြစ်ပါတယ်။

ဒီလိုအမှိုက်ကနေပြီး စွမ်းအင်ထုတ်လုပ်တဲ့ စက်ရုံမျိုးကို ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် လှော်ကားဥယျာဉ်သွားတဲ့ လမ်းဘေးမှာ ၂၀၁၅ ခုနှစ် အောက်တိုဘာက ဂျပန်အစိုးရနဲ့ ပူးပေါင်းပြီး တည်ဆောက်ထားတာရှိပါတယ်။ ဒီစက်ရုံဟာ ဂျပန်အစိုးရက အမေရိကန် ဒေါ်လာ ၈ သန်းကူညီခဲ့ပြီး တည်ဆောက်မှု ကုန်ကျစရိတ်ကတော့ အမေရိကန်ဒေါ်လာ ၁၆ သန်း ဖြစ်တယ်လို့ ဆိုပါတယ်။

အဲဒီစက်ရုံဟာ ရန်ကုန်မြို့တွင်း ထွက်ရှိတဲ့ အမှိုက်တန်ချိန် တစ်နေ့ ၆၀ တန်ကို စက်ရုံမှာ မီးရှို့ပြီး ဓာတ်အား ကီလိုဝပ် ၇၀၀ ထုတ်လုပ်နိုင်တဲ့ စက်ရုံဖြစ်ပါတယ်။ အဲဒီထွက်ရှိတဲ့ ဓာတ်အားတွေထဲကနေပြီး ကီလိုဝပ် ၃၀၀ ကို စက်ရုံအတွက် ပြန်လည်အသုံးချပြီး ကျန်တဲ့ ဓာတ်အားကီလိုဝပ် ၄၀၀ ကိုတော့ ဖြန့်ဖြူးရောင်းချလျက်ရှိပါတယ်။

### မကြာခင်စတင်တော့မှာဖြစ်

အခုလည်း ထိန်ပင်အမှိုက်ပုံက တစ်နေ့ကို အမှိုက်တန်ချိန် ၁၀၀၀ ခန့် အသုံးပြုပြီး သဘာဝဓာတ်ငွေ့ထုတ်ယူမှာ ဖြစ်တာမို့ အမှိုက်ထားရှိဖို့ နေရာအခက်အခဲကို ဖြေရှင်းပေးနိုင်သလို မော်တော်ယာဉ်တွေ အသုံးပြုနိုင်တဲ့ သဘာဝဓာတ်ငွေ့တွေလည်း ထုတ်ယူနိုင်တာဖြစ်တာကြောင့် ဒီစီမံကိန်း အမြန်ဆုံးအကောင်အထည်ဖော်နိုင်ဖို့ မကြာခင် စတင်တော့မှာ ဖြစ်ပါတယ်။

ဒီလိုအခြေအနေတွေကြောင့် ရန်ကုန်မြို့နေ ပြည်သူတွေဟာ မိမိတို့အိမ်တွေက နေ့စဉ်ထွက်ရှိတဲ့ အမှိုက်တွေကို စနစ်တကျခွဲခြားစုစည်းပြီး စည်းကမ်းရှိစွာ သတ်မှတ်နေရာမှာ စွန့်ပစ်ခြင်းဟာ ပြည်သူတွေ ပြန်လည်အကျိုးပြုစေနိုင်တယ်ဆိုတဲ့ အတွေးတွေဝေနေမိတာတော့ အမှန်ပါပဲ။ ။




ရွှေပြည်သာမြို့နယ်ရှိ စွန့်ပစ်အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့် စက်ရုံ။

**ပြန်လည်နိုးထလာတော့မည့် မြို့ရန်ကုန်. . .မှ**

ဤသို့ဆိုပါက ဆေးရုံကြီးနှစ်ရုံတွင် ဆေးကုသမှု ခံယူနေသူ ၆၂ ဦးသာ ရှိတော့မည်ဟု ဆိုရမည်ဖြစ်သည်။ ၁၅၆ ဦးထဲမှ ဆေးကုသမှုခံယူနေသူ ၆၂ ဦးကို ထုတ်နှုတ်သော် ဆေးရုံမှ ဆင်းနိုင်ခဲ့သူ ၉၄ ဦးအထိ ရှိလာခဲ့သည်ကို ဝမ်းသာဖွယ်တွေ့ရှိရမည်ဖြစ်သည်။

နည်းသောကိန်းဂဏန်းကို စိစစ်တွေ့လာရမည်ဖြစ်သည်။ အဆိုးထဲက အကောင်းကို ရည်ညွှန်း၍ပြောခြင်းက မင်္ဂလာတရားပင်ဖြစ်ပါသည်။ ကြားရသူအပေါင်းကလည်း စိတ်ချမ်းမြေ့ကြမည်သာ ဖြစ်ပါသည်။

## ပြည်သူနှင့်အတူ လက်တွဲ၍ဆောင်ရွက်ခဲ့

ဒါကလည်း လွယ်လွယ်ကူကူဖြစ်လာရသည်တော့မဟုတ်ပေ။ မြန်မာနိုင်ငံ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ကုသရေးနှင့် တုံ့ပြန်ရေးကော်မတီတို့က မြန်မာနိုင်ငံသို့ ကိုဗစ်မလာခင်ကတည်းက အဆင့်ဆင့်သောကာကွယ်ထိန်းချုပ်မှုများကို ပြည်သူနှင့်အတူ လက်တွဲ၍ဆောင်ရွက်ခဲ့သောကြောင့် ဖြစ်သည်။ ကျန်းမာရေးနှင့်နီးနွယ်သောဌာနများ၊ အုပ်ချုပ်ရေးဌာန၊ ပရဟိတအဖွဲ့များနှင့် ပေါင်းစပ်ချိတ်ဆက်၍ တစ်ဆင့်ချင်းမြှင့်တင်ထိန်းချုပ်သွားခဲ့သောကြောင့်ဖြစ်သည်။

ပြည်သူများ အပြင်သို့ထွက်သည့်အခါတိုင်း နှာခေါင်းစည်းများကို မဖြစ်မနေ တပ်ဆင်ရန် ညွှန်ကြားမှုများ ပြုစေခဲ့သည်။ အပြင်က ပြန်လာသည့်အခါတိုင်း လက်များကို မမေ့မလျော့ဆေးကြောကြရန် အသိပညာပေးမှုများကို ဆက်တိုက်ပြုလုပ်ခဲ့သည်။ တစ်ဦးနှင့်တစ်ဦး နီးကပ်စွာ ပြောဆိုနေထိုင်ခြင်းကို ရှောင်ကြဉ်စေခဲ့သည်။

## ထိန်းချုပ်မှုများပြုလုပ်ခဲ့

ရောဂါဖြစ်ပွားသောအချိန်သည် မြန်မာ့ရိုးရာသင်္ကြန်ကာလနှင့် လွန်စွာနီးကပ်နေသည့်အတွက် လူစုလူဝေးမဖြစ်စေရန် ဦးစွာထိန်းချုပ်မှုပြုခဲ့သည်။ ဘာသာရေးအခမ်းအနားများ၊ ပွဲလမ်းသဘင်များ၊ ရုပ်ရှင်ရုံများ၊ သင်တန်းကျောင်းများ၊ ဘော်ဒါဆောင်များ၊ အစိုးရရုံးများ၊ ကုမ္ပဏီများ၊ စက်ရုံများကို ပိတ်စေခဲ့သည်။

ထို့အပြင် လက်ဖက်ရည်ဆိုင်အစ စားသောက်ဆိုင်များအား ဆိုင်ထိုင်စားသောက်ခြင်းကို ဟန့်တား၍ ပါဆယ်စနစ်ဖြင့်သာ ရောင်းချစေခဲ့သည်။ ဈေးကြီးများကို ပိတ်သိမ်းစေခဲ့သည်။

နောက်တစ်ဖန် ည ၁၀ နာရီမှ နံနက် ၄ နာရီအတွင်း ဆေးရုံ ဆေးခန်းသွားခြင်းမှအပ ညမထွက်ရ ဒေသန္တရအမိန့်ကို မြို့နယ်အလိုက် ထုတ်ပြန်စေခဲ့သည်။

မြို့နယ်အလိုက် စောင့်ကြည့်နေရာများ ဖွင့်လှစ်၍ စောင့်ရှောက်မှုများပေးခဲ့သည်။ နိုင်ငံရပ်ခြားမှ အမိမြေသို့ ပြန်လာသူများအားလုံးကို အိမ်သို့တိုက်ရိုက်ပြန်ခြင်းကို ခွင့်မပြုဘဲ သတ်မှတ်နေရာများတွင် သတ်မှတ်ရက်အပြည့် စောင့်ကြည့်ထိန်းချုပ်ပေးနိုင်ခဲ့သည်။

ဝေဘာဂီဆေးရုံကြီးနှင့် တောင်ဥက္ကလာပ ဆေးရုံကြီးတို့တွင် ကုသရန်နေရာမလုံလောက်ပါက လှည်းကူးမြို့နယ်မှ ဖောင်ကြီးသင်တန်းကျောင်းအား ဆေးကုသရေးဆေးရုံအဖြစ် ထားရှိရန် အဆင်သင့်ပြင်ထားပြီးလည်း ဖြစ်သည်။

လိုအပ်လာသည့်အတွက် ရန်ကုန်မြို့တွင် ရောဂါပိုးတွေ့ရှိထားသော မြို့နယ်များအနက် အဓိကကျသော မြို့နယ် ၁၀ မြို့နယ်ကို သွားလာခြင်းတားမြစ်၍ Stay at Home ပြုလုပ်စေခဲ့သည်။

တစ်စတစ်စ ထိန်းချုပ်လာနိုင်သည့် အဆင့်သို့ရောက်ရှိလာသည်နှင့်အမျှ ဖြေလျှော့မှုများကို တစ်ဆင့်ချင်း လျှော့ချလာသည်ကို တွေ့မြင်လာရမည်ဖြစ်သည်။

## ပြန်လည်နိုးထ(၃)

ဦးစွာ Stay at Home ပြုလုပ်ထားသော ၁၀ မြို့နယ်မှ ပထမအဆင့်အဖြစ် ရွှေပြည်သာ၊ လှိုင်သာယာ၊ ဗိုလ်တထောင်၊ မင်္ဂလာဒုံမြို့နယ်တို့ကို မေ ၁၄ ရက်တွင် Stay at Home မှ ဖြေလျှော့ပေးခဲ့ပြီး ဒုတိယအဆင့်အနေဖြင့် တောင်ဥက္ကလာပ၊ ဗဟန်း၊ ပန်းဘဲတန်း၊ တာမွေမြို့နယ်တို့ကို မေ ၂၉ ရက်မှစတင်၍ Stay at Home မှ ဖြေလျှော့ပေးခဲ့သည်ကို တွေ့ရသည်။ ယခုဆိုလျှင် အင်းစိန်မြို့နယ်နှင့် မရမ်းကုန်မြို့နယ်နှစ်မြို့နယ်သာလျှင် ကျန်ရှိတော့သည်။

## ဈေးကြီးများ၌ ပုံမှန်ရောင်းဝယ်ဖောက်ကားမှုများရှိလာ

ရန်ကုန်မြို့၏ဈေးကြီးများကို မေ ၁၆ ရက်တွင် ပြန်လည်ဖွင့်ခွင့်ပြုခဲ့သည်။ ရောင်းရေးဝယ်တာ စက်ရဟတ်ကို လည်ပတ်စေခဲ့သည်။ ယခုဆို ဈေးကြီးများ၌ ပုံမှန်ရောင်းဝယ်ဖောက်ကားမှုများရှိလာပြီကို တွေ့ရသည်။ လမ်းများ၊ ဘတ်စ်ကားဂိတ်များ၌ အသွားအလာပြန်လည်စည်ကားလာသည်ကို တွေ့ရသည်။

အနီးကပ်ဆုံး ထပ်မံဖြေလျှော့မှုမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက မေ ၂၈ ရက်က ထုတ်ပြန်သောအမိန့်ပင်ဖြစ်သည်။

ဇြေ ၁၆ ရက်စွဲဖြင့် ထုတ်ပြန်ထားသော လူငါးယောက်ထက်ပိုမိုစုဝေးခြင်းကို အလုံးစုံနီးပါးဖြေလျှော့လိုက်ခြင်းပင် ဖြစ်ပါသည်။ ကျောင်းများပြန်ဖွင့်တော့မည်။ အစိုးရဌာနများ၌ ဝန်ထမ်းများ အလှည့်ကျအလုပ်ခွင်သို့ ဝင်ရခြင်းမှ ယခုအခါ ဝန်ထမ်းစုံ ပြန်လည်တာဝန်ထမ်းဆောင်နေကြပြီဖြစ်သည်။ ပြင်ပအလုပ်ရုံ၊ စက်ရုံများ သတ်မှတ်ချက်နှင့်အညီ ပြန်ဖွင့်ခွင့်ရကြတော့မည်။ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးပွဲများ ပြန်လုပ်ခွင့်ရကြတော့မည်ဖြစ်သည်။

သတ်မှတ်ချက်များနှင့်အညီ စားသောက်ဆိုင်များ ပြန်လည်ဖွင့်ခွင့်ရကြတော့မည်ဖြစ်သည်။ ဒါဆို မကြာမီ ရန်ကုန်မြို့ကြီး ယခင်ကကဲ့သို့ ပြန်လည်စည်ကားလာတော့မည်မှာ ဧကန်မုချပင် ဖြစ်ပါသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါဆိုးကြီးကို လုံးဝဥဿုံနိုင်သွားပြီလား။ ဒါမှမဟုတ် ချုပ်ငြိမ်းသွားပြီလား . . .၊ မဟုတ်သေးပါ၊ အနေအထားတစ်ခုအရ ထိန်းချုပ်နိုင်ခြင်းအဆင့်မျှဟု ဆိုကောင်းဆိုနိုင်ပါလိမ့်မည်။ နောက်ထပ် လှိုင်းတစ်လုံး မလာရောက်နိုင်ရေးအတွက် ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းကြရပါဦးမည်။

ပြည်သူသာ အဓိကဖြစ်ပါသည်။ အထက်က ဆိုသကဲ့သို့ ရန်ကုန်မြို့သည် အခြားသောပြည်နယ်၊ တိုင်းဒေသကြီးများထက် လူဦးရေများစွာပိုပါသည်။ ကိစ္စကြီးငယ်တို့၌ အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များထက် ပို၍ကြီးထွားတတ်သည်ကို အမြဲသတိချပ်၍ တစ်ဦးချင်း သတ်မှတ်စည်းကမ်းများအား လိုက်နာခြင်းဖြင့် ရန်ကုန်မြို့ကြီးကို ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားစေခြင်းမှ ကာကွယ်စောင့်ရှောက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ပါသည်။ ။




YBS ယာဉ်ဖြင့် ခရီးသွားမည့် ရန်ကုန်မြို့နေပြည်သူများကို တွေ့ရစဉ်။

❑ ရန်ကုန်မြို့၏ ဈေးကြီးများကို မေ ၁၆ ရက်တွင် ပြန်လည်ဖွင့်ခွင့်ပြုခဲ့သည်။ ရောင်းရေးဝယ်တာစက်ရဟတ်ကို လည်ပတ်စေခဲ့သည်။

❑ ယခုဆို ဈေးကြီးများ၌ ပုံမှန်ရောင်းဝယ်ဖောက်ကားမှုများ ရှိလာပြီကို တွေ့ရသည်။ လမ်းများ၊ ဘတ်စ်ကားဂိတ်များ၌ အသွားအလာပြန်လည်စည်ကားလာသည်ကို တွေ့ရ



ရန်ကုန်မြို့ ထီအရောင်းဆိုင်တစ်ဆိုင်၌ ထီရောင်းချနေမှုကို တွေ့ရစဉ်။